# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၃ ခုနှစ်၊ တပို့တွဲလဆန်း ၉ ရက်၊ ၂၀၁၂ ခုနှစ်၊ ဖေဖော်ဝါရီ ၁ ရက်၊ ဗုဒ္ဓဟူးနေ့၊ အတွဲ (၅၁)၊ အမှတ် (၁၂၄)


**စစ်မှန်သော မျိုးချစ်စိတ်ဓာတ်**

* ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ နိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးသည်။
* ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ် ထိန်းသိမ်းစောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည်။

# ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် တတိယပုံမှန်အစည်းအဝေး ပထမနေ့ စတင်ကျင်းပ

## နိုင်ငံတော်သမ္မတ၏ သဝဏ်လွှာများ မှတ်တမ်းတင်ဆောင်ရွက်ခြင်း

## ပူးပေါင်းကော်မတီများ ဖွဲ့စည်းတာဝန်ပေးအပ်ခြင်းနှင့် ဥပဒေကြမ်းများ တင်သွင်းခြင်းများဆောင်ရွက်

နေပြည်တော် ဇန်နဝါရီ ၃၁

**ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် တတိယပုံမှန်အစည်းအဝေး ပထမနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်ထောင်စုလွှတ်တော်ခန်းမ၌ စတင်ကျင်းပရာ ပြည်ထောင်စုလွှတ်တော် နာယက ဦးခင်အောင်မြင့်၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့် ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ် (၅၈၈)ဦးတို့ တက်ရောက်ကြပြီး အစည်းအဝေး၌ နိုင်ငံတော်သမ္မတ၏ သဝဏ်လွှာများ မှတ်တမ်းတင်ဆောင်ရွက်ခြင်း၊ ပူးပေါင်းကော်မတီများ ဖွဲ့စည်းတာဝန်ပေးအပ်ခြင်းနှင့် ဥပဒေကြမ်းများ တင်သွင်းခြင်းတို့ကို ဆောင်ရွက်ကြသည်။**

### ဝေဖန်သုံးသပ်

ရှေးဦးစွာ ပြည်ထောင်စုလွှတ်တော်နာယက က နှုတ်ခွန်းဆက်စကားပြောကြားရာတွင် ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် တတိယပုံမှန်အစည်းအဝေး ခေါ်ယူရခြင်းအကြောင်းမှာ ပြည်ထောင်စုအစိုးရက လွှတ်တော်သို့တင်ပြပြီး အတည်ပြုချက်ခံယူမည့် အမျိုးသားစီမံကိန်း ဥပဒေကြမ်းများ၊ ၂၀၁၂ ခုနှစ် ပြည်ထောင်စု၏ နောက်ထပ်ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေး ဥပဒေကြမ်းနှင့် ၂၀၁၂ ခုနှစ် ပြည်ထောင်စု၏ ဘဏ္ဍာငွေ အရအသုံး ဆိုင်ရာ ဥပဒေကြမ်းတို့ကို ပြည်သူများ၏ကိုယ်စား ပြည်သူ့ကိုယ်စားလှယ်များက ဝေဖန်သုံးသပ် ဆွေးနွေးညှိနှိုင်းကြရန်ဖြစ်ပါကြောင်း၊ ယခုကာလတွင် ဆွေးနွေးသုံးသပ်နိုင်ရန်အတွက် ပြီးခဲ့သည့် ဒုတိယပုံမှန်အစည်းအဝေး ကာလကတည်းက စာတမ်းဖတ်ပွဲကျင်းပခဲ့ခြင်းဖြင့် ထိုဘာသာရပ်များနှင့် မိတ်ဆက်ပေးခဲ့ပြီးဖြစ်ပါကြောင်း၊ ယနေ့ဆိုလျှင် ၂၀၁၁-၂၀၁၂ ခုနှစ် အမျိုးသားစီမံကိန်းဥပဒေကြမ်း၊ ၂၀၁၂-၂၀၁၃ ခုနှစ် အမျိုးသားစီမံကိန်း ဥပဒေကြမ်း၊ ၂၀၁၂ ခုနှစ် ပြည်ထောင်စု၏ နောက်ထပ် ဘဏ္ဍာငွေခွဲဝေသုံးစွဲရေး ဥပဒေကြမ်းနှင့် ၂၀၁၂-၂၀၁၃ ခုနှစ် ပြည်ထောင်စု၏ ဘဏ္ဍာငွေ အရအသုံးဆိုင်ရာ ဥပဒေကြမ်းတို့ကို သက်ဆိုင်ရာပုဂ္ဂိုလ်များက လွှတ်တော်သို့ တင်သွင်းကြတော့မည်ဖြစ်ပါကြောင်း။

ဥပဒေကြမ်းများ တင်သွင်းပြီးသည့်နောက် ပထမပိုင်းအနေဖြင့် အမျိုးသားစီမံကိန်းဆိုင်ရာ ဥပဒေကြမ်းများအပေါ် ဆွေးနွေးသုံးသပ် အတည်ပြုကြရမည်ဖြစ်ပါကြောင်း၊ ဒုတိယပိုင်းအနေဖြင့် အတည်ပြုထားသည့် အမျိုးသားစီမံကိန်းများအပေါ် မူတည်ပြီး ၂၀၁၂ ခုနှစ် ပြည်ထောင်စု၏ နောက်ထပ် ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေး ဥပဒေကြမ်းနှင့် တတိယပိုင်း အနေဖြင့် ၂၀၁၂-၂၀၁၃ ခုနှစ် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရ အသုံးဆိုင်ရာ ဥပဒေကြမ်းတို့ကို ဆွေးနွေးဝေဖန်ကြရမည် ဖြစ်ပါကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် ပြည်ထောင်စုလွှတ်တော် ဆိုင်ရာ နည်းဥပဒေများ အပိုဒ် ၈၅ မှ ၉၅ အထိပါအတိုင်း ဆောင်ရွက်ကြရ မည်ဖြစ်သည်ကို ရှင်းလင်းတင်ပြ လိုပါကြောင်း။

ယနေ့ ခေတ်ကာလသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၌ ဒီမိုကရေစီလူ့ဘောင် ရှင်သန်ခိုင်မာစေရေးအတွက် ကြိုးပမ်း ဆောင်ရွက်နေကြသည့် ကာလဖြစ်ပါကြောင်း၊ ဒီမိုကရေစီအုပ်ချုပ်ရေး စနစ်သည် ပြည်သူ့အုပ်ချုပ်ရေး စနစ်ဖြစ်ပါကြောင်း၊ ထို့ကြောင့် ပြည်သူ့ဘဏ္ဍာငွေဖြစ်သည့် ရငွေများ တိကျမှန်ကန်စွာ ရရှိရေးနှင့် ပြည်သူ့ဘဏ္ဍာငွေများကို အကျိုးရှိစွာ *စာမျက်နှာ ၃ ကော်လံ ၁* ✻

**ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် တတိယပုံမှန်အစည်းအဝေး ပထမနေ့ ကျင်းပစဉ်။**
(သတင်းစဉ်)

**မြန်မာ့အလင်း ယနေ့ ဖတ်စရာ၊ မှတ်စရာ သတင်း အညွှန်း**

မလုံမခြုံ အဝတ်အစားတွေ မဝတ်တော့ဟု ကိတ်ဝင်းစလက်ဆို စာ-၅

အာဖရိကနိုင်ငံများဖလား အိုင်ဗရီကို့စ် အိမ်ရှင် ဂီနီယာနှင့် ကွာတားဖိုင်နယ်ကစားမည် စာ-၅



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အစိုးရအဖွဲ့သစ် လက်ထက် ဖွင့်လှစ်ခဲ့သော တံတားများ စာ-၈

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၁၂ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်)

# ဘဝတိုးတက်အောင်မြင်ရေး သတ္တိကိုမွေး

လောက၌ အလုပ်တစ်ခုကို လုပ်ကိုင်တော့မည်ဆိုလျှင် အရင်းခံသည် သတ္တိဖြစ်သည်ဟု ဆိုကြသည်။ သတ္တိသည် လုပ်ငန်းတစ်ခုလုပ်ကိုင်သည် ဖြစ်စေ၊ ပြောဆိုဆက်ဆံသည့်အခါဖြစ်စေ၊ ပြောရဲဆိုရဲခြင်း၊ လုပ်ကိုင်ရဲခြင်း စိတ်ဓာတ်ပင်ဖြစ်၏။ ထိုစိတ်ဓာတ်မျိုးထားရှိမွေးမြူရန်ကား လုပ်ကိုင်မည့်အလုပ် အကြောင်းအရာတစ်ခုတို့အပေါ်တွင် ယုံကြည်ချက်၊ ခံယူချက်အပြည့်အဝထားရှိရန်လို၏။

သတ္တိသည် အလုပ်တစ်ခုကို စတင်လုပ်ကိုင်ရန် တွန်းအားပင်ဖြစ်၏။ ရူပဗေဒနိယာမသဘောအရ တွန်းအားမရှိလျှင် အရွေ့မရှိ။ အရွေ့မရှိလျှင် အလုပ်မမည်၊ အလုပ်မဖြစ်၊ အလုပ်လုပ်ခြင်းဟု မဆိုနိုင်။ ထို့ကြောင့် အလုပ်တစ်ခုအထမြောက်ရန် သတ္တိသည် ပဓာနဖြစ်သည်ဟု ဆိုခဲ့ခြင်းဖြစ်၏။

လူတိုင်းလူတိုင်းသည် သတ္တိကိုမွေးရမည်သာဆိုခြင်းဖြစ်သည်။ သို့သော် နေရာတိုင်းတွင် သတ္တိကို အသုံးပြုရမည်မဆို။ ဟုတ်သောအကြံ၊ မှန်သောအယူ၊ သမ္မာအာဇီဝအလုပ်တို့ကို လုပ်ကိုင်ကြရန်အတွက်သာ သတ္တိကို အစဉ်မွေးရမည်ဖြစ်၏။ မကောင်းသောနေရာတွင် သတ္တိမွေးခြင်းသည် သတ္တိမဆို။ သတ္တိကို မကောင်းသောနေရာတွင် မသုံးချေ။ မကောင်းသောနေရာများတွင် သတ္တိရှိခြင်းသည် မိုက်ရူးရဲဆန်ခြင်းသာ ဖြစ်၏။ ဥပမာ ခိုးဆိုးတိုက်စားသည့်နေရာတွင် သတ္တိကောင်းခြင်းသည် ကောင်းသောအလုပ်မဟုတ်၊ သတ္တိဟု မဆိုနိုင်ပေ။

အမှန်စင်စစ်သတ္တိကို ပညာရှာသည့်အခါဖြစ်စေ၊ ကောင်းသောအလုပ်တစ်ခုကို လုပ်ကိုင်ဆောင်ရွက်သည့်အခါဖြစ်စေ၊ ဥစ္စာစီးပွားရှာကြံသည့်အခါဖြစ်စေ ရဲရင့်ခြင်းတည်းဟူသော သတ္တိကို ထားရှိလုပ်ကိုင်တတ်သည့် ရဲစွမ်းသတ္တိကို ခေါ်ဆိုခြင်းဖြစ်သည်။ စာရေးဆရာကြီးပီမိုးနင်းက ''ကြီးပွားတိုးတက်လိုသူတိုင်းသည် မည်သူ့ကိုမျှမကြောက်ရ၊ မည်သူ့ကိုမျှလည်း မခြောက်ရ''ဟု ဆိုထားသည်။ တစ်ဖန် စပိန်လူမျိုး စာရေးဆရာကြီး ဆာဗင်တီးကလည်း အလုပ်တစ်ခုလုပ်သည့်အခါ သတ္တိကို မွေးမြူထားရှိလုပ်ကိုင်သင့်ကြောင်း ဤသို့ပြောဆိုခဲ့ဖူးလေသည်။

အကြင်သူသည် ပစ္စည်းဥစ္စာဆုံးရှုံးလျှင် များစွာဆုံးရှုံး၏။

အကြင်သူသည် ခင်ပွန်းကောင်းတစ်ယောက်ဆုံးရှုံးလျှင် ပို၍ဆုံးရှုံး၏။

အကြင်သူသည် သတ္တိဆုံးရှုံးလျှင် အားလုံးပင်ဆုံးရှုံး၏။

**If he who loses his wealth, loses much.**

**If he who loses a friend, loses more.**

**If he who loses his courage, loses all.**

မှန်ပေ၏။ ပစ္စည်းဥစ္စာဆုံးရှုံးခြင်းထက် အားကိုးအားထားပြုရသော ခင်ပွန်းကောင်းတစ်ဦး ဆုံးရှုံးခြင်းသည် ပို၍ဆုံးရှုံး၏။ ထို့ထက် သတ္တိဆုံးရှုံးခြင်းသည် အားလုံးကို ဆုံးရှုံးလိုက်ရခြင်းမည်၏။

ထို့ကြောင့် လူကြီးသူမများက လူငယ်လူရွယ်တို့အား အလုပ်တစ်ခုလုပ်ရာတွင်''သတ္တိ၊ ဇွဲတွေရှိကြစမ်းပါ။ ဇွဲရှိကြစမ်းပါ''စသည်ဖြင့် ပြောဆိုဆုံးမလေ့ရှိကြ၏။ သို့သော် အများစုမှာ ထိုသတ္တိနည်းခြင်းကြောင့် အောင်မြင်ရေးလမ်းကြောင်းနှင့် လွဲခဲ့ရသည်။ လူနည်းစုသည် ရဲစွမ်းသတ္တိကိုမွေးပြီး ပြောဆိုလုပ်ကိုင်ကြသဖြင့် ဘဝတွင် အောင်မြင်ရေးလမ်းကြောင်းပေါ် ရောက်သွားခဲ့သည်။

သို့ဖြစ်ပါ၍ ယနေ့ခေတ်လူငယ်လူရွယ်တိုင်းသည် ပညာရှာလေ့လာဆည်းပူးရာတွင်ဖြစ်စေ၊ ဥစ္စာစီးပွားရှာကြံရာတွင်ဖြစ်စေ၊ လူအများနှင့် ပြောဆိုဆက်ဆံရာတွင်ဖြစ်စေ၊ မည်သည့် မှန်မြတ်သည့်အလုပ်ကို လုပ်သည်ဖြစ်စေ အခြေခံပဓာနအကျဆုံးဖြစ်သော သတ္တိကို အစဉ်မွေးမြူထားရှိ လုပ်ကိုင်ဆောင်ရွက်သင့်ပါကြောင်း အကြံပြုတိုက်တွန်းလိုက်ရပေသည်။ ။

## ကွန်ကရစ်လမ်းဖွင့်ပွဲ ပုသိမ်မြို့၌ ကျင်းပ

**ပုသိမ် ဇန်နဝါရီ ၃၁**

(၆၅)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ စိန်ကုန်း-ညောင်ချောင်းလမ်း ကွန်ကရစ်လမ်းဖွင့်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၂၄ ရက် နံနက် ၁၁ နာရီက ကျင်းပရာ အခမ်းအနားသို့ ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးသိန်းအောင်နှင့် တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ရပ်မိရပ်ဖများ၊ NGO အသင်းအဖွဲ့ဝင်များ တက်ရောက်ကြပြီး အဆိုပါကွန်ကရစ်လမ်းကို ပုသိမ်မြို့နယ် အုပ်ချုပ်ရေးမှူး ဦးချစ်ကိုကို၊ ပုသိမ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးနေထက်ရှိန်နှင့် လမ်းကော်မတီဝင်တစ်ဦးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ကြကြောင်း သိရှိရသည်။ **(အောက်ပုံ)**

**(မြန်မာ့အလင်း)**

## ရွေးကောက်ပွဲလုပ်ငန်းဆိုင်ရာများ ဆွေးနွေး

**ရန်ကုန် ဇန်နဝါရီ ၃၁**

ဧပြီ ၁ ရက်တွင် ကျင်းပမည့် သုံးခွမြို့နယ်၏ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ရွေးကောက်ပွဲအတွက် ကြိုတင်စီစဉ်ဆောင်ရွက်ရမည့် ရွေးကောက်ပွဲလုပ်ငန်းဆိုင်ရာကိစ္စရပ်များနှင့် လွတ်လပ်၍တရားမျှတသော ရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ရန်ကုန်တိုင်းဒေသကြီး ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးကိုကို၊ တောင်ပိုင်းခရိုင်ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးမြတ်စိုးနှင့်အဖွဲ့ဝင်များသည် ဇန်နဝါရီ ၂၇ ရက် နံနက် ၉ နာရီက သုံးခွမြို့နယ် ကော်မရှင်အဖွဲ့ခွဲရုံးတွင် မြို့နယ်ကော်မရှင်ခွဲ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ရပ်ကွက်/ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များအားတွေ့ဆုံ၍ ကြားဖြတ်ရွေးကောက်ပွဲဆိုင်ရာ ကိစ္စရပ်များဆွေးနွေးပွဲ ကျင်းပသည်။

ထို့နောက် သုံးခွမြို့နယ်ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးဇော်ဝိတ်က ကြားဖြတ်ရွေးကောက်ပွဲနှင့်ပတ်သက်၍ လုပ်ငန်းဆောင်ရွက်ထားရှိမှုများကို ရှင်းလင်းတင်ပြပြီး ဆွေးနွေးပွဲသို့ တက်ရောက်လာကြသည့် မြို့နယ်နှင့် ရပ်ကွက်ကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်များ၏ မေးမြန်းချက်များကို ပြန်လည်ရှင်းလင်းညှိနှိုင်းဆောင်ရွက်ခဲ့ကြောင်း သိရှိရသည်။ **(အောက်ပုံ)** **(မြို့နယ် ပြန်/ဆက်)**

## မူဆယ်၌ စာကြည့်တိုက်ဖောင်ဒေးရှင်းမှ စာအုပ်လှူဒါန်းပွဲ ကျင်းပ

**မူဆယ် ဇန်နဝါရီ ၃၁**

ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနရုံးခန်းမ၌ ဇန်နဝါရီ ၈ ရက်က မြန်မာနိုင်ငံစာကြည့်တိုက်များဖောင်ဒေးရှင်း ဒုတိယဥက္ကဋ္ဌ ဦးညွန့်ဆွေက ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မူဆယ်ခရိုင်အတွင်းရှိ ဝန်ထမ်းများနှင့်တွေ့ဆုံပြီး ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်း၏ မှာကြားချက်များကို ထပ်ဆင့်ရှင်းလင်းသည်။

ထို့နောက် မြန်မာနိုင်ငံစာကြည့်တိုက်များဖောင်ဒေးရှင်းဒုတိယဥက္ကဋ္ဌကကျေးရွာစာကြည့်တိုက်များအတွက် လှူဒါန်းသော သုတရသစာအုပ် စုစုပေါင်းအုပ်ရေ ၁၀၅၀ ကို မြို့နယ်ဦးစီးမှူးများထံ ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရှိရသည်။

**(ခရိုင် ပြန်/ဆက်)**

မီးဖိုမီး
အခြားမီး
သုံးပြီးသတိ
အမြဲရှိ

## မွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး စဉ့်ကိုင်မြို့နယ်အတွင်း ကွင်းဆင်းဆောင်ရွက်

**စဉ့်ကိုင် ဇန်နဝါရီ ၃၁**

စဉ့်ကိုင်မြို့နယ်အတွင်း မွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မန္တလေးတိုင်းဒေသကြီး မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဒေါက်တာသန်းထိုက်၊ လက်ထောက်ညွှန်ကြားရေးမှူးဒေါက်တာအောင်ကြည်ဦးနှင့် ဒုတိယဦးစီးမှူး ဒေါက်တာဇော်လင်းတို့အဖွဲ့သည် ဇန်နဝါရီ ၁၂ ရက်က ကွင်းဆင်း ဆောင်ရွက်ခဲ့ကြသည်။

ရှေးဦးစွာ တိုင်းဒေသကြီး ဦးစီးမှူးသည် စဉ့်ကိုင်မြို့နယ် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနသို့ ရောက်ရှိရာ မြို့နယ်ဦးစီးအရာရှိ ဒေါက်တာဒေါ်အေးကြည်က ကျေးလက်ဒေသဖွံ့ဖြိုးရေးအတွက် အစုအဖွဲ့များ၏ချေးငွေဖြင့် ဆိတ်မွေးမြူထားရှိမှု၊ တိရစ္ဆာန်များတွင် ဖြစ်ပွားတတ်သော ကူးစက်ရောဂါများအကြောင်း အသိပညာပေးခြင်းလုပ်ငန်း ဆောင်ရွက်မှုတို့ကို ရှင်းလင်းတင်ပြသည်။

ထို့နောက် တိုင်းဒေသကြီးဦးစီးမှူးသည် စဉ့်ကိုင်မြို့နယ်အတွင်းရှိ ဆည်ရွာကျေးရွာအုပ်စုတွင် ချေးငွေဖြင့် မွေးမြူထားသော ဒေါ်စန်းတင်၊ ဦးစိုးတင့်တို့၏ ဆိတ်ခြံများနှင့် ကြက်ကောင်ရေ ၂၀၀၀၀ ခန့် မွေးမြူထားသော ရွှေလင်မင်းမွေးမြူရေးခြံများသို့ သွားရောက်၍ကြည့်ရှုစစ်ဆေးရာ မြို့နယ်ဦးစီးအရာရှိနှင့် ခြံပိုင်ရှင်များက မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုတို့ကို ရှင်းလင်းတင်ပြကြကြောင်း သိရှိရသည်။ (၄၁၁)

ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ် ဂျိုးဖြူ(စံပြ) ကျေးရွာ အခြေခံပညာအလယ်တန်းကျောင်းခွဲ၌ ဇန်နဝါရီ ၁၂ ရက်က ပညာရည်ချွန်ဆုပေးပွဲကျင်းပရာ ၂၀၁၀-၂၀၁၁ ပညာသင်နှစ်အတွက် ပဉ္စမတန်းပညာရည်ချွန်ပထမဆုရရှိပြီး ဆဋ္ဌမတန်း သင်္ချာဘာသာရပ်ထူးချွန်ဆုကို နယ်မြေအဆင့် တတိယ၊ မြို့နယ်အဆင့် ဒုတိယရရှိသော မခင်ထက်သက်ဇော်အား ကျောင်းအုပ်ဆရာမကြီး ဒေါ်အေးအေးမွန် ဂုဏ်ပြုဆုချီးမြှင့်စဉ်။

(မြန်မာ့အလင်း)

## အထူးအထွက်တိုး ပုလဲသွယ်စပ်မျိုးစပါး ဟိုပန်မြို့နယ်၌ သိပ္ပံနည်းကျစိုက်ပျိုး

**ဟိုပန် ဇန်နဝါရီ ၃၁**

ဟိုပန်ခရိုင် ဟိုပန်မြို့နယ်၌ အထူးအထွက်တိုး ပုလဲသွယ်စပ်မျိုးစပါး သိပ္ပံနည်းကျစိုက်ပျိုးစနစ်နှင့်အညီ နွေစပါးစိုက်ပျိုးပွဲကို ဇန်နဝါရီ ၂၅ ရက် နံနက် ၉ နာရီက မန်မိုင်ရပ်ကွက် ဦးအိုက်မက်၏ ၁ ဒသမ ၃၇ ဧကရှိ လယ်မြေတွင် လက်တွေ့စိုက်ပျိုးသရုပ်ပြသည်။

စိုက်ပျိုးပွဲတွင် ဟိုပန်မြို့နယ် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း မန်နေဂျာ ဦးကျော်ဇင်က အထူးအထွက်တိုး ပုလဲသွယ်စပ်မျိုးစပါးဖြင့် ၁၀ တန်း တစ်တန်းလှုပ်ဖြင့် သိပ္ပံနည်းကျစိုက်ပျိုးနည်းစနစ်နှင့်အညီ စိုက်ပျိုးရန် အသေးစိတ်ရှင်းလင်းပြီး လက်တွေ့သရုပ်ပြသ စိုက်ပျိုးသည်။ အထူးအထွက်တိုးစပ်မျိုးစပါး စိုက်ပျိုးခြင်းဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးပြီး ဆင်းရဲမှုလျှော့ကျစေနိုင်ကြောင်းကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစန်းဝင်းက ထပ်ဆင့်ရှင်းလင်းသည်။

**ကြည့်ရှုလေ့လာ**

အဆိုပါ စိုက်ပျိုးပွဲသို့ ခရိုင်၊ မြို့နယ် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့နယ်စိုက်တိုးမြှင့် အဖွဲ့ဝင်များ၊ ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် တောင်သူများ ကြည့်ရှုလေ့လာခဲ့ကြကြောင်း သိရှိရသည်။ **(မြို့နယ် ပြန်/ဆက်)**

## ဝိနည်းစာပြန်ပွဲ ဝါးခယ်မ၌ကျင်းပ

**ဝါးခယ်မ ဇန်နဝါရီ ၃၁**

ဧရာဝတီတိုင်းဒေသကြီး ဝါးခယ်မမြို့ ရွာလယ်ရပ်ကွက် ပရိယတ္တိစာသင်တိုက်သုံးထပ်ကျောင်းဆောင်အပေါ်ထပ်တွင် ဇန်နဝါရီ ၂၈ ရက် မွန်းလွဲ ၁ နာရီက ဝိနည်းစာပြန်ပွဲကို ကျင်းပရာ မြို့နယ်သံဃနာယကအဖွဲ့ ဥက္ကဋ္ဌ မဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တဓမ္မသာမိ၊ ကျောင်းအကျိုးတော်ဆောင် ဆရာတော် မဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တဝိမလစာရနှင့် ဆရာတော်၊ သံဃာတော်များ ကြွရောက်တော်မူကြသည်။

အဆိုပါ ဝိနည်းစာပြန်ပွဲသို့ အခြေပြုမူလတန်း ၈၃ ပါး၊ ပထမငယ်တန်း ၅၅ ပါး၊ ပထမလတ်တန်း ၃၂ ပါး စုစုပေါင်း ရဟန်းသာမဏေ အပါး ၁၇၀ ဝင်ရောက်ဖြေဆိုတော်မူကြကြောင်း သိရှိရသည်။ (၁၃၉)

## သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ပညာပေးဟောပြော

**ပခုက္ကူ ဇန်နဝါရီ ၃၁**

ပခုက္ကူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့နည်းပပျောက်ရေး ဆပ်ကော်မတီမှ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ပညာပေးဟောပြောပွဲကို ဇန်နဝါရီ ၂၈ ရက် မွန်းလွဲ ၁ နာရီက ကိုင်းကျေးရွာ ရွာလယ်ဓမ္မာရုံ၌ကျင်းပရာ ပခုက္ကူမြို့နယ် သစ်တောဦးစီးဌာန ဦးစီးအရာရှိ ဦးဝေလွင်က သဘာဝပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးအတွက်ကျေးရွာပိုင် တစ်ရွာတစ်ဧကစိုက်ခင်းထူထောင်ခြင်း၊တစ်အိမ်ထောင် ကျွန်းသုံးပင်၊သစ်မာပင် ၂၀စိုက်ပျိုးခြင်း၊ ဒေသခံပြည်သူ အစုအဖွဲ့ပိုင်သစ်တော တည်ထောင်ခြင်းအကြောင်း သိကောင်းစရာများပြောကြားပြီး တောအုပ်ကြီးဦးဝေဖြိုးက သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းခြင်းနှင့် စပ်လျဉ်း၍ ပညာပေးဟောပြောခဲ့ကြောင်း သိရှိရသည်။ (၁၀၂)

**အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်း ရှင်းလင်းတင်ပြစဉ်။** (သတင်းစဉ်)

* ရှေ့ဖုံးမှ

ခွဲဝေသုံးစွဲရေးတို့သည် ပြည်သူ့ဆန္ဒနှင့် ညီညွတ်ရန်လိုပါကြောင်း၊ ပြည်သူများက ကျေနပ်ပျော်ရွှင်ကြရန်လည်း လိုအပ်ပါကြောင်း၊ ယခု ဥပဒေကြမ်းများနှင့်ပတ်သက်၍ ပကတိ အခြေအနေမှန်အပေါ်မူတည်ပြီး အမျိုးသားရေး လိုအပ်ချက်များအတွက်ပါ အကောင်းဆုံးဖြစ်နိုင်ခြေကို ဘက်စုံမှ ချင့်ချိန်တွက်ဆဆောင်ရွက်ကြရန် တိုက်တွန်းပြောကြားလိုပါကြောင်းဖြင့် ပြောကြားသည်။

## မှတ်တမ်းတင်

**မှတ်တမ်းတင်ဆောင်ရွက်ခြင်းကဏ္ဍ**၌ နိုင်ငံတော်သမ္မတ၏ သဝဏ်လွှာများဖြစ်သည့် သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်စွာခိုင်အား ၎င်း၏ဆန္ဒအလျောက် ၆-၁-၂၀၁၂ ရက်မှစ၍ တာဝန်ထမ်းဆောင်ခြင်းမှ နုတ်ထွက်ခွင့်ပြုလိုက်ကြောင်း အကြောင်းကြားသည့် သဝဏ်လွှာနှင့် လစ်လပ်သွားသည့် တနင်္သာရီတိုင်းဒေသကြီး အစိုးရအဖွဲ့ဝန်ကြီးချုပ်အဖြစ် သက်ဆိုင်ရာ ဥပဒေများနှင့်အညီ ဦးမြတ်ကိုအားခန့်အပ်တာဝန်ပေးကြောင်း အကြောင်းကြားသည့် သဝဏ်လွှာတို့ကို ပြည်ထောင်စုလွှတ်တော်နာယက က ဖတ်ကြားတင်ပြပြီး လွှတ်တော်က မှတ်တမ်းတင် ဆောင်ရွက်သည်။ အလားတူ ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေးက အတည်ပြုသော ပြည်ထောင်စုအစိုးရအဖွဲ့၏ အမှတ်(၁) စက်မှုဝန်ကြီးဌာနနှင့် အမှတ်(၂)စက်မှုဝန်ကြီးဌာနတို့ကို ပေါင်းစည်း၍ စက်မှုဝန်ကြီးဌာနအဖြစ် ပြင်ဆင်ဖွဲ့စည်းခြင်းကို လွှတ်တော်ကမှတ်တမ်းတင် ဆောင်ရွက်သည်။

**ပူးပေါင်းကော်မတီများဖွဲ့စည်းခြင်းကဏ္ဍ**၌ ပြည်ထောင်စုလွှတ်တော်၌သာ ဆွေးနွေးဆုံးဖြတ်ရမည့် ဥပဒေကြမ်းများနှင့်စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော်၌ ဆွေးနွေးခြင်းမပြုမီ အသေးစိတ်လေ့လာစိစစ်နိုင်ရေးအတွက် ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့မှ ဥပဒေကြမ်းကော်မတီများတွင် ပါဝင်သော ကော်မတီဝင် ဦးရေ တူညီစွာပါဝင်သည့် **ဥပဒေကြမ်းပူးပေါင်းကော်မတီ**ကို ဖွဲ့စည်းတာဝန်ပေးအပ်သည်။

ပြည်ထောင်စုလွှတ်တော်က သဘောတူဆုံးဖြတ်သည့် ဥပဒေကြမ်းပူးပေါင်းကော်မတီကို ဥက္ကဋ္ဌအဖြစ် ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)မှ ဦးမြညိမ်း၊ အတွင်းရေးမှူးအဖြစ် ချောင်းဦးမဲဆန္ဒနယ်မှ ဦးစောလှထွန်းနှင့် အဖွဲ့ဝင်များအဖြစ် ကွတ်ခိုင်မဲဆန္ဒနယ်မှ ဦးတီခွန်မြတ်၊ ကွန်ဟိန်းမဲဆန္ဒနယ်မှ ဒေါ်နန်းဝါနု၊ မော်လိုက်မဲဆန္ဒနယ်မှ ဦးသောင်း၊ ကျောက်ဖြူမဲဆန္ဒနယ်မှ ဦးဘရှိန်၊ ဟားခါးမဲဆန္ဒနယ်မှ ဦးငွန်မောင်း၊ ထီးချိုင့်မဲဆန္ဒနယ်မှ ဦးစိုးစိုး၊ ဇီးကုန်းမဲဆန္ဒနယ်မှ ဦးခင်မောင်မြင့်၊ ပေါက်မဲဆန္ဒနယ်မှ ဦးခင်မောင်ညို၊ တမူးမဲဆန္ဒနယ်မှ ဦးခင်မောင်ရွှေ၊ ဒီမောဆိုမဲဆန္ဒနယ်မှ ဦးစိုးရယ်၊ ကျိုင်းတုံမဲဆန္ဒနယ်မှ ဦးစတီဖန်၊ အမရပူရမဲဆန္ဒနယ်မှ ဦးသိန်းထွန်းဦး၊ ဘီးလင်းမဲဆန္ဒနယ်မှ ဒေါက်တာစိုးမိုးအောင်၊ ညောင်တုန်းမဲဆန္ဒနယ်မှ ဦးအောင်မြသန်း၊ ကရင်ပြည်နယ်မဲဆန္ဒနယ်အမှတ်(၆)မှ ဒေါ်နန်းနီနီအေး၊ ချင်းပြည်နယ်မဲဆန္ဒနယ်အမှတ်(၆)မှ ဦးဆွန်ဒုတ်ကျင့်၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ ဦးသိန်းဝင်း၊ တနင်္သာရီတိုင်းဒေသကြီးမဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးသန်းမြင့်၊ ပဲခူးတိုင်းဒေသကြီးမဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးမြင့်ထွန်း၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၆)မှ ဦးစိုးမြင့်၊ မန္တလေးတိုင်းဒေသကြီးမဲဆန္ဒနယ်အမှတ်(၅)မှ ဦးဇော်မြင့်ဖေ၊ မန္တလေးတိုင်းဒေသကြီးမဲဆန္ဒနယ် အမှတ်(၉)မှ ဦးမှတ်ကြီး၊ ရခိုင်ပြည်နယ်မဲဆန္ဒနယ်အမှတ်(၂)မှ ဦးကျော်ကျော်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ ဒေါက်တာမြတ်ဉာဏစိုး၊ ရန်ကုန်တိုင်းဒေသကြီးမဲဆန္ဒနယ်အမှတ်(၁၁)မှ ဦးတင်ယု၊ ရှမ်းပြည်နယ်မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးဆိုင်ပေါင်းနပ်၊ တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးကြီးလှထွန်း၊ ကချင်ပြည်နယ်မဲဆန္ဒနယ်အမှတ်(၁၁)မှ ဦးစံထွန်းတို့နှင့် ဖွဲ့စည်းကြောင်းသိရှိရသည်။

## တာဝန်ပေးအပ်

အလားတူ ပြည်ထောင်စုလွှတ်တော်က တာဝန်ပေးအပ်သော ငွေစာရင်းဆိုင်ရာကိစ္စများနှင့်စပ်လျဉ်း၍ ဆောင်ရွက်နိုင်ရန် ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီ ဖွဲ့စည်းတာဝန်ပေးအပ်နိုင်ရေးအတွက် ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့မှ ပြည်သူ့ငွေစာရင်းကော်မတီများတွင် ပါဝင်သော ကော်မတီဝင်ဦးရေ တူညီစွာပါဝင်သည့် **ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီ**ကို ဖွဲ့စည်းတာဝန်ပေးအပ်သည်။

ပြည်ထောင်စုလွှတ်တော်က သဘောတူဆုံးဖြတ်သည့် ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီကို ဥက္ကဋ္ဌအဖြစ် ရန်ကုန်တိုင်းဒေသကြီးမဲဆန္ဒနယ်အမှတ်(၇)မှ ဦးမြညိမ်း၊ အတွင်းရေးမှူးအဖြစ် မင်းလှမဲဆန္ဒနယ်မှ ဦးမောင်တိုးနှင့် အဖွဲ့ဝင်များအဖြစ် ကော့ကရိတ်မဲဆန္ဒနယ်မှ ဦးသူရိန်ဇော်၊ မိုင်းရယ်မဲဆန္ဒနယ်မှ ဦးစိုင်းသီဟကျော်၊ ပန်းတနော်မဲဆန္ဒနယ်မှ ဦးမန်းမောင်မောင်ဉာဏ်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း) မဲဆန္ဒနယ်မှ ဒေါ်တင်နွယ်ဦး၊ ပင်လောင်းမဲဆန္ဒနယ်မှ ဦးခွန်မောင်သောင်း၊ ဖလမ်းမဲဆန္ဒနယ်မှ ဦးခွန်လိန်း၊ ညောင်လေးပင်မဲဆန္ဒနယ်မှ ဦးစိုးမြင့်၊ ကြို့ပင်ကောက်မဲဆန္ဒနယ်မှ ဦးသန့်ဇင်၊ အုတ်တွင်းမဲဆန္ဒနယ်မှ ဦးညီညီမြင့်၊ တွန်းဇံမဲဆန္ဒနယ်မှ ဦးဟောက်ခန့်မန်၊ ဘုတ်ပြင်းမဲဆန္ဒနယ်မှ ဦးအောင်လင်းလှိုင်၊ လှိုင်မဲဆန္ဒနယ်မှ ဒေါက်တာဝင်းမြင့်၊ ကျိုက်မရောမဲဆန္ဒနယ်မှ ဒေါ်မိယဉ်ချမ်း၊ ကသာမဲဆန္ဒနယ်မှ ဦးမိုးဇော်ဟိန်း၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ ဦးသိန်းဝင်း၊ ကချင်ပြည်နယ်မဲဆန္ဒနယ်အမှတ်(၃)မှ ဦးဘရန်ရှောင်၊ ကရင်ပြည်နယ်မဲဆန္ဒနယ်အမှတ်(၂)မှ ဦးမန်းကံညွန့်၊ ချင်းပြည်နယ်မဲဆန္ဒနယ်အမှတ်(၂)မှ ဦးဇုန်လှယ်ထန်း၊ ချင်းပြည်နယ်မဲဆန္ဒနယ်အမှတ်(၄)မှ ဦးစတီဗင်သာဘိတ်၊ ပဲခူးတိုင်းဒေသကြီးမဲဆန္ဒနယ်အမှတ်(၈)မှ ဒေါက်တာခင်မောင်လေး၊ မကွေးတိုင်းဒေသကြီးမဲဆန္ဒနယ် အမှတ်(၁၂)မှ ဦးလှဆွေ၊ မွန်ပြည်နယ်မဲဆန္ဒနယ်အမှတ်(၁)မှ ဒေါ်ရီရီမြင့်၊ မွန်ပြည်နယ်မဲဆန္ဒနယ်အမှတ်(၇)မှ ဒေါက်တာဗညားအောင်မိုး၊ ရခိုင်ပြည်နယ်မဲဆန္ဒနယ် အမှတ်(၁၀)မှ ဦးအုန်းတင်၊ ရှမ်းပြည်နယ်မဲဆန္ဒနယ်အမှတ်(၆)မှ ဒေါက်တာစိုင်းဆိုင်ကျောက်ဆမ်၊ ဧရာဝတီတိုင်းဒေသကြီးမဲဆန္ဒနယ်အမှတ်(၆)မှ ဦးခင်မောင်ရီ၊ တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များဖြစ်ကြသည့် ဗိုလ်မှူးကြီး မောင်မောင်ထူးနှင့် ဗိုလ်မှူးမောင်မောင်ကြီး၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးနုတို့နှင့် ဖွဲ့စည်းကြောင်း သိရသည်။

**ဥပဒေကြမ်းတင်သွင်းခြင်းကဏ္ဍ** ၌ **နိုင်ငံတော်၏ အမျိုးသားစီမံကိန်း ဥပဒေကြမ်းများ**ကို ပြည်ထောင်စုအစိုးရအဖွဲ့ကိုယ်စား အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်းက ရှင်းလင်းတင်ပြပြီး လွှတ်တော်သို့တင်သွင်းသည်။

ယင်းဥပဒေကြမ်းများနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် ကိုယ်စားလှယ်များရှိပါက ဖေဖော်ဝါရီ ၃ ရက်နောက်ဆုံးထား၍ အမည်စာရင်းတင်သွင်းနိုင်ကြောင်း သိရသည်။

အလားတူ ၂၀၁၂ ခုနှစ် ပြည်ထောင်စု၏နောက်ထပ်ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေး ဥပဒေကြမ်းနှင့် ၂၀၁၂ ခုနှစ် ပြည်ထောင်စု၏ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းတို့နှင့်စပ်လျဉ်း၍ ပြည်ထောင်စုအစိုးရအဖွဲ့ကိုယ်စား ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းက ရှင်းလင်းတင်ပြပြီး လွှတ်တော်သို့ တင်သွင်းသည်။

**၂၀၁၂ ခုနှစ် ပြည်ထောင်စု၏နောက်ထပ်ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေးဥပဒေကြမ်း**နှင့်စပ်လျဉ်း၍ မူနှင့်အခြေခံသဘောများကို ဆွေးနွေးလိုသည့် ကိုယ်စားလှယ်များအနေဖြင့် ဖေဖော်ဝါရီ ၆ ရက် နောက်ဆုံးထား၍လည်းကောင်း၊ ဥပဒေကြမ်း၏ ရငွေသုံးငွေများနှင့်စပ်လျဉ်း၍ ဆွေးနွေးရန်အဆိုတင်သွင်းလိုသော လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် ဆွေးနွေးလိုသည့်အကြောင်းအရာအကျဉ်းချုပ်ကို ဖော်ပြလက်မှတ်ရေးထိုးပြီး ကြိုတင်အကြောင်းကြားစာနှင့်အတူ ဖေဖော်ဝါရီ ၁၀ ရက်နောက်ဆုံးထား၍လည်းကောင်း အမည်စာရင်း တင်သွင်းပေးပို့ကြရန်ဖြစ်သည်။

**၂၀၁၂ ခုနှစ် ပြည်ထောင်စု၏ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်း**နှင့်စပ်လျဉ်း၍ မူနှင့်အခြေခံသဘောများကို ဆွေးနွေးလိုသည့် ကိုယ်စားလှယ်များအနေဖြင့် ဖေဖော်ဝါရီ ၁၀ ရက် နောက်ဆုံးထား၍လည်းကောင်း၊ ဥပဒေကြမ်း၏ ရငွေသုံးငွေများနှင့်စပ်လျဉ်း၍ ဆွေးနွေးရန် အဆိုတင်သွင်းလိုသော လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် ဆွေးနွေးလိုသည့် အကြောင်းအရာအကျဉ်းချုပ်ကို ဖော်ပြလက်မှတ်ရေးထိုးပြီး ကြိုတင်အကြောင်းကြားစာနှင့်အတူ ဖေဖော်ဝါရီ ၁၇ ရက် နောက်ဆုံးထား၍လည်းကောင်း အမည်စာရင်း တင်သွင်းပေးပို့ကြရန်ဖြစ်သည်။

ထိုသို့တင်သွင်းကြရာတွင် ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်အနေဖြင့် မိမိဆွေးနွေးချက်နှင့်သက်ဆိုင်သည့် ဝန်ကြီးဌာန၏အမည်ကို ဖော်ပြပေးရန် ပြည်ထောင်စုလွှတ်တော်နာယက က တိုက်တွန်းပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

ယနေ့အစည်းအဝေးကို မွန်းလွဲ ၂ နာရီခွဲတွင်ရပ်နားပြီး အစည်းအဝေး ဒုတိယနေ့ကို ဖေဖော်ဝါရီ ၁ ရက် နံနက် ၁၀ နာရီတွင် ကျင်းပမည်ဖြစ်သည်။

**(သတင်းစဉ်)**

# တောင်ပိုင်းဒေသများတွင် ကွက်ကျားမိုးရွာနိုင်

**နေပြည်တော် ဇန်နဝါရီ ၃၁**

**ယနေ့နံနက် ၉ နာရီခွဲ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ** လွန်ခဲ့သော ၂၄ နာရီအတွင်းက တနင်္သာရီတိုင်းဒေသကြီးတွင် နေရာစိပ်စိပ်၊ မွန်ပြည်နယ်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာခဲ့ပြီး တနင်္သာရီတိုင်းဒေသကြီးတွင် နေရာကွက်၍ မိုးကြီးခဲ့ကာ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ရန်ကုန်တိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် အများအားဖြင့်သာယာခဲ့သည်။ ညအပူချိန်များမှာ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် ကချင်ပြည်နယ်တို့တွင် ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်တို့အောက် ၅ ဒီဂရီစင်တီဂရိတ်မှ ၆ ဒီဂရီစင်တီဂရိတ်အထိ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့်ချင်းပြည်နယ်တို့တွင် ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်တို့အောက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်အထိ လျော့နည်းခဲ့ပြီး တနင်္သာရီတိုင်းဒေသကြီးတွင် ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်ထက် ၃ ဒီဂရီစင်တီဂရိတ်၊ မွန်ပြည်နယ်တွင် ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်ထက် ၅ ဒီဂရီစင်တီဂရိတ်ပိုခဲ့ကာ ကျန်တိုင်းဒေသကြီးနှင့်ပြည်နယ်တို့တွင် ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်ခန့်သာရှိခဲ့သည်။

**ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ** ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်အရှေ့တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေသည်။

**မြန်မာ့ပင်လယ်ပြင်တွင်** မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ အရှေ့ဘက်မှ လေပြင်းများတိုက်ခတ်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ လေပြင်းတိုက်ခတ်စဉ် ရေပြင် မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၃၀ အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

**နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ** မြန်မာနိုင်ငံတောင်ပိုင်းဒေသများတွင် နေရာကွက်ကျား မိုးရွာနိုင်သည်။

**နေပြည်တော်နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင်** ယနေ့ အများအားဖြင့် သာယာမည်။

**ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင်** ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

## အလှူငွေပေးအပ်

**ကချင်ပြည်နယ်ဝန်ကြီးချုပ် ဦးလဂွျန်ငန်ဆိုင်း စီတာပူရပ်ကွက် အခြေခံပညာအထက်တန်းကျောင်း၌ ဆောက်လုပ်ဆဲကျောင်းဆောင်သစ်အတွက် အလှူငွေများ ပေးအပ်စဉ်။** (သတင်းစဉ်)

# လတ်တလောပဋိပက္ခကြောင့် ခေတ္တပြောင်းရွှေ့လာသူတို့အား ကချင်ပြည်နယ်ဝန်ကြီးချုပ် ထောက်ပံ့ငွေများချီးမြှင့်

နေပြည်တော် ဇန်နဝါရီ ၃၁

**ကချင်ပြည်နယ်ဝန်ကြီးချုပ် ဦးလဂွျန်ငန်ဆိုင်းသည် ဇန်နဝါရီ ၃၀ ရက် ညနေ ၃ နာရီခွဲတွင် မြစ်ကြီးနားမြို့ အထွေထွေရောဂါကုဆေးရုံကြီး၌ ဆေးကုသမှုခံယူနေကြသည့် လူနာများအား တွေ့ဆုံအားပေးစကားပြောကြားပြီး ထောက်ပံ့ငွေများ ပေးအပ်သည်။**

ထိုမှတစ်ဆင့် ပြည်နယ်ဝန်ကြီးချုပ်သည် စီတာပူရပ်ကွက် အခြေခံပညာအထက်တန်းကျောင်းသို့ သွားရောက်၍ ကျောင်းဆောင်သစ်တိုးချဲ့ဆောက်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များမှာကြားကာ ဆောက်လုပ်ဆဲ ကျောင်းဆောင်သစ်အတွက် အလှူငွေများပေးအပ်သည်။

## ကြည့်ရှုစစ်ဆေး

ဆက်လက်၍ စီတာပူရပ်ကွက်ရှိ ဆွတ်ငိုင်တောင်နှစ်ခြင်းခရစ်ယာန်အသင်းတော်သို့ရောက်ရှိပြီး လတ်တလောပဋိပက္ခကြောင့် ခေတ္တပြောင်းရွှေ့ရောက်ရှိလာကြသည့် မိသားစုများအားတွေ့ဆုံအားပေး၍ ထောက်ပံ့ငွေများပေးအပ်ကာ ထမင်းစားဆောင်၊ စားဖိုဆောင်၊ အိပ်ဆောင်များ ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## ဂုဏ်ပြုဆုချီးမြှင့်

**ပေါင်းတည်မြို့နယ်အသင်း ပညာရည်ချွန်ဆုချီးမြှင့်ပွဲကို စမ်းချောင်းမြို့နယ် မူလဥယျာဉ်တိုက် သုခုမကျောင်းတွင် ဇန်နဝါရီ ၂၉ ရက်က ကျင်းပရာ ၂၀၁၁ ခုနှစ် တက္ကသိုလ်ဝင် စာမေးပွဲတွင် ငါးဘာသာဂုဏ်ထူးဖြင့် အောင်မြင်ခဲ့သော မစုစုလှိုင်အား အသင်းဥက္ကဋ္ဌ ဦးလှစော ဂုဏ်ပြုဆုချီးမြှင့်စဉ်။**

(၀၀၇)

## မိုးရေချိန် စံချိန်သစ်

**နေပြည်တော် ဇန်နဝါရီ ၃၁**

၂၀၁၂ ခုနှစ် ဇန်နဝါရီ ၃၁ ရက် နံနက် ၉ နာရီခွဲ တိုင်းထွာချက်များအရ အောက်ဖော်ပြပါစခန်း၌ ဇန်နဝါရီလ၏ ၂၄ နာရီအတွင်း ရွာသွန်းခဲ့သော မိုးရေချိန် စံချိန်သစ်ကို တိုင်းထွာရရှိခဲ့သည်-

| စဉ် | စခန်းအမည် | မိုးရေချိန် စံချိန်သစ် | | စံချိန်ဟောင်း | | ယခင်စံချိန် ကျိုးခဲ့သည့်နှစ် | စခန်းဖွင့်သည့်နှစ်မှစ၍ လွန်ခဲ့သော နှစ်ပေါင်း |
|---|---|---|---|---|---|---|---|
| | | မီလီမီတာ | လက်မ | မီလီမီတာ | လက်မ | | |
| ၁။ | မြိတ် | ၈၂ | ၃.၂၃ | ၆၉ | ၂.၇၂ | ၁၃-၁-၂၀၀၄ | ၆၂ |

နိုင်ငံတကာသတင်းများ

# အီရန်နိုင်ငံ၏ လူသားချင်းစာနာမှုအကူအညီ ဆိုမာလီသမ္မတ ချီးကျူး

မိုဂါဒစ်ရှူး ဇန်နဝါရီ ၃၁

ငတ်မွတ်ခေါင်းပါးမှုနှင့်ရင်ဆိုင်နေရသည့် ဆိုမာလီနိုင်ငံသို့ လူသားချင်းစာနာ ထောက်ထားရေး အကူအညီများပေးသည့် အီရန်နိုင်ငံကို ကျေးဇူးတင်ကြောင်း ဆိုမာလီသမ္မတ ရှိတ်ရှရစ်ရှိတ်အာမက်က ဇန်နဝါရီ ၃၀ ရက်၌ ထုတ်ဖော်ပြောကြားလိုက်သည်။

အီသီယိုးပီးယားနိုင်ငံ အဒစ်အဘာဘာမြို့၌ကျင်းပသည့် (၁၈)ကြိမ်မြောက် အာဖရိကသမဂ္ဂ (အေယူ)ထိပ်သီးအစည်းအဝေးရပ်နားချိန် အီရန်နိုင်ငံခြားရေးဝန်ကြီး အလီအက္ကဘာဆာလီဟီနှင့်တွေ့ဆုံစဉ် ဆိုမာလီသမ္မတ ရှိတ်အာမက် (ဝဲပုံ)က အထက်ပါအတိုင်း ထုတ်ဖော်ပြောကြားလိုက်ခြင်းဖြစ်သည်။

မိုးခေါင်ရေရှားသဖြင့် ငတ်မွတ်ခေါင်းပါးမှုပြဿနာနှင့် ရင်ဆိုင်နေရသည့် ဆိုမာလီပြည်သူများအတွက် အီရန်နိုင်ငံက လူသားချင်းစာနာထောက်ထားရေးအကူအညီပေးရန် ယာဉ် ၂၂ စီးကို ယာဉ်တန်းဖြင့် စေလွှတ်လိုက်ကြောင်း အီရန်လခြမ်းနီအသင်း ပြည်သူ့ဆက်ဆံရေးဌာန ညွှန်ကြားရေးမှူး ယူယာဟာဂျီ အန်က ပြောကြားသည်။ **(အင်တာနက်)**

## ဖိလစ်ပိုင်တောင်ပိုင်း၌ငါးများတန်ချီသေဆုံး

ကိုတာဘာတို(ဖိလစ်ပိုင်) ဇန်နဝါရီ ၃၁

ဖိလစ်ပိုင်နိုင်ငံတောင်ပိုင်း ကိုတာဘာတိုပြည်နယ်တောင်ပိုင်း ဆီဘူးရေကန်ကြီးအတွင်း တန်ချိန် ၄၉ တန်ခန့် ငါးများမျောပါသေဆုံးလျက်တွေ့ရှိရကြောင်း ဒေသဆိုင်ရာရေဒီယိုက ဇန်နဝါရီ ၃၁ ရက်တွင် ကြေညာသည်။

ယင်းကဲ့သို့ ငါးများ အစုအပြုံလိုက် သေဆုံးခြင်းမှာ ရာသီဥတုပြောင်းလဲခြင်းကြောင့်ဖြစ်ကြောင်း ပြည်နယ်ငါးလုပ်ငန်းညှိနှိုင်းရေးမှူးတစ်ဦးက ဒေသဆိုင်ရာရေဒီယိုသို့ ပြောကြားခဲ့သည်။ အဆိုပါငါးများတွင် တီလာပီးယားငါး ၃ ဒသမ ၈ သန်း တန်ဖိုးအားဖြင့် (အမေရိကန် ဒေါ်လာ ၈၈၀၀၀) ဖိုးရှိကြောင်း ပြည်နယ်ပိုင် ငါးလုပ်ငန်းညှိနှိုင်းရေးမှူး ရက်ဇ်ဗားဂတ်စ်က ပြောကြားသည်။ **အမ်အင်န်အေဆင်ဟွာ**

## ပါကစ္စတန်အကြမ်းဖက်မှုများ လေးဦးသေဆုံး

အစ္စလမ္မာဘတ် ဇန်နဝါရီ ၃၁

ပါကစ္စတန်နိုင်ငံ အနောက်မြောက်ဘက်နှင့် အနောက်တောင်ဘက်ပိုင်းတို့တွင် အကြမ်းဖက်သမားများ၏ တိုက်ခိုက်မှုကြောင့် ရဲတပ်ဖွဲ့ဝင်တစ်ဦး အပါအဝင်အနည်းဆုံးလေးဦး သေဆုံးခဲ့ကြောင်း ဇန်နဝါရီ ၃၀ရက်က အင်တာနက်သတင်းတွင် ဖော်ပြပါရှိသည်။

ပါကစ္စတန်နိုင်ငံ အနောက်မြောက်ပိုင်း ခိုင်ဘာပထန်ခွါ ပြည်နယ် ဒီရာအစ္စမေးစန်မြို့ ရှိတ်ယူစ္စပ်လမ်းတွင် ရဲတပ်ဖွဲ့ဝင်များအား မော်တော်ဆိုင်ကယ်နှစ်စီးဖြင့် စီးနင်းလာကြသည့် အကြမ်းဖက်သမားများက ဇန်နဝါရီ ၂၈ ရက်ည၌ သေနတ်ဖြင့် ပစ်ခတ်သဖြင့် ရဲတပ်ဖွဲ့ဝင်တစ်ဦး သေဆုံးသွားသည်။ ယင်းနောက် အပြန်အလှန်ပစ်ခတ်ကြရာ ထွက်ပြေးရန်ကြိုးပမ်းသည့် အကြမ်းဖက်သမားတစ်ဦး သေဆုံးသွားသည်။

ပါကစ္စတန်နိုင်ငံ အနောက်တောင်ပိုင်း ဘလူချီစတန်ပြည်နယ် ကွက်တာမြို့မှ ကီလိုမီတာ ၁၆၀ ခန့်အကွာ ဆစ်ဘီမြို့ သချိုင်းအနီးတွင် အကြမ်းဖက်သမားများက သေနတ်ဖြင့် ပစ်ခတ်သဖြင့် အနည်းဆုံး နှစ်ဦးသေဆုံးသည်။ (အင်တာနက်)

## ပြင်သစ် တိုက်လေယာဉ် ၁၂၆ စင်း ဒေါ်လာ ၁၀ ဘီလီယံဖြင့် အိန္ဒိယဝယ်ယူမည်

နယူးဒေလီ ဇန်နဝါရီ ၃၁

ပြင်သစ်လေယာဉ် ထုတ်လုပ်ရောင်းချရေးကုမ္ပဏီတစ်ခုဖြစ်သည့် ဒက်စ်ဆော့တ်ကုမ္ပဏီသည် အိန္ဒိယစစ်တပ်သို့ ဂျက်တိုက်လေယာဉ် ၁၂၆ စင်း ရောင်းချရေး အမေရိကန်ဒေါ်လာ ၁၀ ဘီလီယံတန်ဖိုးရှိ စာချုပ်တစ်ရပ်ကို လေလံရရှိသွားခဲ့ကြောင်း နယူးဒေလီအခြေစိုက် အစိုးရသတင်းရပ်ကွက်တစ်ခုက အေအက်ဖ်ပီသတင်းဌာနသို့ ဇန်နဝါရီ ၃၁ ရက် (အင်္ဂါနေ့)တွင် ထုတ်ဖော်ပြောကြားလိုက်သည်။

ယူရိုဖိုက်တာ လေယာဉ်ထုတ်လုပ်ရောင်းချရေး ကုမ္ပဏီလုပ်ငန်းစုကြီးက ဖော်ပြပါလေယာဉ်ရောင်းချရေးစာချုပ်ကို အမေရိကန်ဒေါ်လာ ၁၂ ဘီလီယံအထိ တောင်းဆိုနေသဖြင့် လေလံဆုံးရှုံးသွားခဲ့သည်။ သို့သော် ဒက်စ်ဆော့တ်ကုမ္ပဏီက အမေရိကန်ဒေါ်လာ ၁၀ ဘီလီယံဖြင့် ရောင်းချရန် သဘောတူခဲ့သည်။

အဆိုပါ ယူရိုဖိုက်တာကုမ္ပဏီသည် ဒီဇင်ဘာလအတွင်းက ဂျပန်နိုင်ငံသို့ ဂျက်တိုက်လေယာဉ်များ ရောင်းချရေး အမေရိကန်ဒေါ်လာ ၈ ဘီလီယံတန်ဖိုးရှိ စာချုပ်တစ်ရပ်ကိုလည်း လက်လွှတ်ဆုံးရှုံးခဲ့သည်။

ဒက်စ်ဆော့တ်ကုမ္ပဏီသည် အဆိုပါသတင်းကြောင့် ၎င်း၏ရှယ်ယာများမှာ ၂၀ ရာခိုင်နှုန်းကျော်အထိ မြင့်တက်သွားခဲ့သည်။ ၎င်းစာချုပ်အရ ဒက်စ်ဆော့တ်ကုမ္ပဏီက အိန္ဒိယသို့ ရာဖေးလ်အမည်ရှိ တိုက်လေယာဉ် ၁၂၆ စင်းကို လေးနှစ်အတွင်း ရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**(အောက်ပုံ) အမ်အင်န်အေဆင်ဟွာ**

## နိုင်ငံတကာသတင်းပဒေသာအတိုအထွာ (၃၁-၁-၂၀၁၂)

>> တင်မောင်လွင် – စုစည်းသည် <<

### ဘင်္ဂလားဒေ့ရှ်နှင့်အိန္ဒိယ ဓာတ်အားပေးစက်ရုံ တည်ဆောက်မည်

*ဘင်္ဂလားဒေ့ရှ် လျှပ်စစ်ဓာတ်အားဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့ (ဘီဒီဘီ)နှင့် အိန္ဒိယအမျိုးသားလျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးကုမ္ပဏီတို့သည် လျှပ်စစ်ဓာတ်အား မဂ္ဂါဝပ် ၁၃၂၀ ထုတ်လုပ်ရန်နှင့် လျှပ်စစ်ဓာတ်အားပေးစက်ရုံတစ်ရုံ တည်ဆောက်ရန် ဇန်နဝါရီ ၂၉ ရက်က သဘောတူလက်မှတ်ရေးထိုးခဲ့ကြောင်း အင်တာနက်သတင်းတစ်ရပ်တွင် ဖော်ပြသည်။*

*ဘင်္ဂလားဒေ့ရှ် လျှပ်စစ်ဓာတ်အားဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့ ဥက္ကဋ္ဌ အေအက်စ်အမ် အလန်ဂါကာဘာနှင့် အိန္ဒိယအမျိုးသားလျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးကုမ္ပဏီ ဥက္ကဋ္ဌ အာရပ်ရိုင်ချိုကာရီတို့သည် ဒါကာမြို့ ၎င်းတို့၏သက်ဆိုင်ရာကိုယ်စားလှယ်များရှေ့မှောက်တွင် သဘောတူလက်မှတ်ရေးထိုးခဲ့ကြခြင်းဖြစ်သည်။ အဆိုပါစက်ရုံမှ လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုတွင် နှစ်နိုင်ငံစလုံးက အကျိုးတူရရှိမည်ဖြစ်ပြီး ယင်းစက်ရုံကို ဘင်္ဂလားဒေ့ရှ်နိုင်ငံ ဒါကာမြို့တောင်ဘက် ဘာဂါဟတ်ခရိုင်၌ လာမည့် ၂၀၁၅ ခုနှစ်တွင် တည်ဆောက်သွားမည်ဖြစ်ကြောင်း ဘင်္ဂလားဒေ့ရှ် လျှပ်စစ်ဓာတ်အားဖွံ့ဖြိုးတိုးတက်ရေးဥက္ကဋ္ဌ အလန်ဂါကာဘာက ပြောကြားသည်။ အဆိုပါ ပူးပေါင်းဆောင်ရွက်ရေးသဘောတူညီချက်အရ ဘင်္ဂလားဒေ့ရှ်အစိုးရအနေဖြင့် နိုင်ငံအတွင်းလျှပ်စစ်ဓာတ်အား အခြေအနေတိုးတက်ကောင်းမွန်ရန်အတွက် ၂၀၁၆ ခုနှစ်တွင် မဂ္ဂါဝပ် ၁၅၀၀၀ အထိ တိုးမြှင့်ထုတ်လုပ်ရန် ကြိုးပမ်းသွားမည်ဟု ဆိုသည်။*

### ဂျပန်တွင် လာမည့် လေးနှစ်အတွင်း အင်အားပြင်းငလျင်တစ်ခုလှုပ်နိုင်

*ဂျပန်နိုင်ငံ တိုကျိုမြို့တွင် လာမည့်လေးနှစ်အတွင်း အင်အားပြင်းထန်သော ငလျင်တစ်ခုလှုပ်ခတ်ခြင်းခံရဖွယ်ရှိကြောင်း ဂျပန်သုတေသနပညာရှင်များက ဇန်နဝါရီ ၂၆ ရက်တွင် အဆိုပြုပြောကြားသည်။*

*တိုကျိုမြို့ နယ်နိမိတ်ဝန်းကျင်ဒေသတွင် လေးနှစ်အတွင်း အင်အားရစ်ချ်တာစကေး ၇ အဆင့်ရှိ မြေငလျင်တစ်ခုကို ရင်ဆိုင်ကြုံတွေ့နိုင်ရန် ၇၀ ရာခိုင်နှုန်း အလားအလာရှိပြီး လာမည့်နှစ် ၃၀ အတွင်းတွင် ၉၈ ရာခိုင်နှုန်းရှိကြောင်း ဂျပန်နိုင်ငံ တိုကျိုတက္ကသိုလ် မြေငလျင်သုတေသနဌာနမှ ကြိုတင်ဟောကိန်းထုတ်ထားသည်။ ပြီးခဲ့သည့် တစ်နှစ်နီးပါးက ဂျပန်နိုင်ငံ ပစိဖိတ်ကမ်းခြေအလယ်ပိုင်းတွင် အင်အား ရစ်ချ်တာစကေး ၉ ဒသမ ၀ အဆင့်ရှိ မြေငလျင်တစ်ခုလှုပ်ခတ်မှုကြောင့် ဆူနာမီအကြီးအကျယ် ဝင်ရောက်မွှေနှောက် ဖျက်ဆီးမှုမှအစပြုကာ ငလျင်သေးများလည်း ဆက်လက်လှုပ်ခဲ့ရာ လူပေါင်း ၁၅၇၀၀ ကျော် သေဆုံးခဲ့ပြီး ၄၅၀၀ ခန့် ပျောက်ဆုံးနေဆဲဖြစ်ကြောင်း ဂျပန်နိုင်ငံ၏ ငလျင်ဘေးဖြစ်ပွားမှုနှင့်ပတ်သက်ပြီး ဒီဇင်ဘာလအတွင်း အစိုးရ၏ထုတ်ပြန်ချက်အရ သိရသည်။ ပြီးခဲ့သည့်နှစ်က ငလျင်အင်အား ရစ်ချ်တာစကေး ၅ အဆင့်နှင့် အနည်းငယ်ပိုသော ငလျင်အသေးပေါင်း ၇၀၀ နီးပါးလှုပ်ခဲ့ကြောင်း ထုတ်ပြန်ချက်တွင် ဆက်လက်ဖော်ပြထားသည်။*

### ယူကရိန်းနိုင်ငံတွင် အအေးဒဏ်ကြောင့် လူ ၁၈ ဦးသေဆုံး

*ယူကရိန်းနိုင်ငံတွင် ရက်သတ္တတစ်ပတ်အတွင်း အေးမြသော ရာသီဥတုဒဏ်ကို ပြင်းထန်စွာ ခံစားရမှုကြောင့် လူ ၁၈ ဦးသေဆုံးခဲ့ကြောင်း ယူကရိန်းကျန်းမာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများက ဇန်နဝါရီ ၃၀ ရက်တွင် ပြောကြားသည်။ ယူကရိန်းနိုင်ငံသား ၅၀၀ ကျော်မှာ ကိုယ်အပူရှိန်ကျဆင်းမှု သို့မဟုတ် အအေးဒဏ်ကြောင့် ဖြစ်ပေါ်သော ရောဂါဘယများကြောင့် ဆေးရုံများတွင် အရေးပေါ်ဆေးကုသမှု ခံယူလျက်ရှိကြောင်း အဆိုပါကျန်းမာရေးဝန်ကြီးဌာနမှ မီဒီယာများက ၎င်းတို့၏ ဝက်ဘ်ဆိုက်တွင် ဖော်ပြထားသည်။ နိုင်ငံအရှေ့ပိုင်းဒေသနှင့် မြောက်ပိုင်းဒေသတို့တွင် အပူချိန်အမှတ်မှာ အနုတ် ၁၈ ဒီဂရီဆဲလ်စီးရပ်စ်အထိ ရောက်ရှိနေခြင်းကြောင့် အာဏာပိုင်များက အိုးမဲ့အိမ်မဲ့ဖြစ်နေသည့် လူပေါင်းထောင်နှင့်ချီအား အဆောက်အအုံများအတွင်းသို့ ရောက်ရှိရန်ပင် အပြင်းအထန်ကြိုးပမ်းနေကြရသည်။*

### ဖိလစ်ပိုင်မြောက်ပိုင်း မိုင်းတွင်း၌ ရေကြီး၊ နှစ်ဦးသေဆုံး

***ဖိလစ်ပိုင်နိုင်ငံမြောက်ပိုင်း ကမာရိုင်းစ်နော့ပြည်နယ်တွင် ၆ မီတာမှ ၉ မီတာအနက်ရှိ မိုင်းတွင်းတစ်ခုအတွင်းသို့ ပင်လယ်ရေများဝင်လာမှုကြောင့် ရေကြီးမှုများဖြစ်ပေါ်ကာ လူနှစ်ဦးရေနစ်သေဆုံးခဲ့ကြောင်း ဒေသဆိုင်ရာရဲတပ်ဖွဲ့က ဇန်နဝါရီ ၂၉ ရက်တွင် ပြောကြားသည်။ အဆိုပါမတော်တဆမှုသည် ယင်းနေ့ဒေသစံတော်ချိန် နံနက် ၅ နာရီ ဝန်းကျင်က ဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး သေဆုံးသူနှစ်ဦးမှာ မိုးများအဆက်မပြတ်ရွာသွန်းမှုကြောင့် ရေကြီးမှုဖြစ်နေစဉ် အဆိုပါကမ်းခြေအနီးရှိ မိုင်းတွင်းဘေးနား၌ ရှိနေခဲ့ခြင်းဖြစ်ကြောင်း အဆိုပါရဲတပ်ဖွဲ့မှ ဆက်လက်ပြောကြားသည်။*** *(အင်တာနက်)*

## မြန်မာ့အလင်း နောက်ဆုံးရ နိုင်ငံတကာသတင်း

မိုးမြင့်လင်းလက် – စုစည်းသည်

### တရုတ်မြောက်ပိုင်း၌ အအေးလှိုင်းကျရောက်

ပေကျင်း ဇန်နဝါရီ ၃၁

တရုတ်နိုင်ငံမြောက်ပိုင်းဒေသများတွင် ဇန်နဝါရီ ၃၁ ရက်ကစတင်ကာ အအေးလှိုင်းများကျရောက်လျက်ရှိကြောင်း၊ အပူချိန်မှာ အနုတ် ၄၀ ဒီဂရီဆဲလ်စီးရပ်စ်အထိ ကျဆင်းလျက်ရှိကြောင်း တရုတ်အရာရှိများက ပြောကြားသည်။

တရုတ်နိုင်ငံ ဟေလုံကျန်ပြည်နယ်နှင့် အတွင်းမွန်ဂိုလီးယားကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ အစိတ်အပိုင်းအများအပြားတွင် အပူချိန်အနုတ် ၄၀ ဒီဂရီဆဲလ်စီးရပ်စ်အထိ ကျဆင်းလျက်ရှိကြောင်း တရုတ်အမျိုးသားမိုးလေဝသဌာနမှ ထုတ်ပြန်သောသတင်းတွင် ဖော်ပြသည်။ **(အပေါ်ပုံ)**

**ဆိုးရွားစွာခံစား**

အတွင်းမွန်ဂိုလီးယားကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ မင်ကျို့လီမြို့တွင် အပူချိန် အနုတ် ၄၄ ဒသမ ၉ ဒီဂရီဆဲလ်စီးရပ်စ်အထိ ကျဆင်းလျက်ရှိရာ ဒေသခံများ အအေးဒဏ်ကို ဆိုးရွားစွာခံစားလျက်ရှိသည်။ ယခုကျရောက်လျက်ရှိသော အအေးလှိုင်းသည် တရုတ်နိုင်ငံတွင် လာမည့် သုံးလေးရက်အထိ ဖြစ်ပေါ်နေမည်ဖြစ်ကြောင်း သတင်း၌ဖော်ပြသည်။ **(အင်တာနက်)**

### သံသယဖြစ်ဖွယ် ဖောက်ခွဲရေးပစ္စည်းများ နယူးယောက်မြို့ လေဆိပ်တွင် တွေ့ရှိ

နယူးယောက် ဇန်နဝါရီ ၃၁

အမေရိကန်နိုင်ငံ နယူးယောက်မြို့ လာဂွါဒီရာလေဆိပ်တွင် ဇန်နဝါရီ ၃၀ ရက် နံနက် ၁၁ နာရီခွဲခန့်က ခရီးသည်တစ်ဦး၏ လက်ဆွဲအိတ်တစ်အိတ်အတွင်း သံသယဖြစ်ဖွယ် ဖောက်ခွဲရေးပစ္စည်းနှစ်ခုကို စစ်ဆေးရေးကွန်ပျူတာဖန်သားပြင်၌ တွေ့ရှိခဲ့ရပြီးနောက် လေဆိပ်ကို ခြောက်နာရီကြာပိတ်ဆို့ကာ ရှာဖွေစစ်ဆေးမှုများ ပြုလုပ်ခဲ့သည်။

အဆိုပါ ခရီးသည်မှာ တစ်စုံတစ်ရာခုခံလှုပ်ရှားခြင်းမပြုဘဲ အစစ်ဆေးခံခဲ့ကြောင်း၊ ရှာဖွေတွေ့ရှိသည့် အစိတ်အပိုင်းနှစ်ခုမှာ ပုံးအဖြစ်အသုံးပြုရန် ဆက်စပ်ပစ္စည်းများဖြစ်ကြောင်း လေဆိပ်အာဏာပိုင်များက ပြောကြားသည်။

ထို့အတူ လေဆိပ်အတွင်း အခြားစစ်ဆေးရေး ကောင်တာတစ်ခု၌လည်း ခရီးသည်တစ်ဦးထံမှ သံသယဖြစ်ဖွယ် ဖောက်ခွဲရေးပစ္စည်း အစိတ်အပိုင်း တစ်ခုတွေ့ရှိခဲ့သဖြင့် လေဆိပ်အဝင်အထွက် ခရီးသည်များအား တစ်ဦးချင်းစစ်ဆေးမှုများ ပြုလုပ်လျက်ရှိသည်။ ယင်းနေ့ ညနေ ၅ နာရီခွဲခန့်တွင် လေဆိပ်မှာ ပုံမှန်အနေအထားအတိုင်း ပြန်လည်ဆောင်ရွက်နိုင်ခဲ့ကြောင်း သတင်း၌ဖော်ပြသည်။ **(အင်တာနက်)**

### ရုရှား၌ လောင်စာဆီတင်ရထားလမ်းချော်ပြီးမီးလောင်

ဗလာဒီဗော့စတော့ ဇန်နဝါရီ ၃၁

ရုရှားနိုင်ငံအရှေ့ဖျားဒေသတွင် ဇန်နဝါရီ ၃၁ ရက် နံနက်က လောင်စာဆီများ တင်ဆောင်လာသော ရထားတစ်စင်းလမ်းချော်မှုဖြစ်ပွားရာမှ မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း ရုရှားမီဒီယာများကဖော်ပြသည်။ **(အပေါ်ပုံ)**

ရုရှားနိုင်ငံ ဆကိုဗိုရိုဒီနိုမြို့မှ မောင်းနှင်လာသော ရထားတွဲ ၆၈ တွဲပါ လောင်စာဆီတင်ရထားတစ်စင်းသည် အမူရာဒေသ၌ ရထားလမ်းချော်မှုဖြစ်ပွားခဲ့ရာမှ ရထားတွဲ ၁၃ တွဲ မီးလောင်ခဲ့ခြင်းဖြစ်သည်။

**သတင်းထုတ်ပြန်**

ရထားဝန်ထမ်းများက မီးလောင်နေသော ရထားတွဲများကို ဖြုတ်ထားခဲ့ပြီး အခြားတွဲများအား မီးကူးစက်လောင်ကျွမ်းခြင်းမခံရရန် ၎င်းရထားကို မောင်းနှင်ခဲ့ရသည်ဟု အာအိုင်အေသတင်းဌာနက သတင်းထုတ်ပြန်သည်။ ရထားလမ်းချော်မှုမှာ ရထားသံလမ်းအစိတ်အပိုင်းအချို့ ပျက်စီးနေ၍ဖြစ်သည်။ ထိုသို့ရထားလမ်းချော်မှုကြောင့် လောင်စာဆီယိုဖိတ်မှုမှာ အနီးဝန်းကျင်စတုရန်း မီတာ ၆၀၀ ခန့်အထိရှိခဲ့သည်။ **(အင်တာနက်)**

မောင်မောင်မြင့်ဆွေ ➤ ရေးသားသည်

# မလုံမခြုံအဝတ်အစားတွေ မဝတ်တော့ဟု ကိတ်ဝင်းစလက်ဆို

*လော့စ်အိန်ဂျလိစ် ဇန်နဝါရီ ၃၁*

*မိမိဟာ ပုရိသတွေကိုဆွဲဆောင်တဲ့ မလုံမခြုံ အဝတ်အစားဒီဇိုင်းတွေ မဝတ်ဆင်တော့ဘူးလို့ ရုပ်ရှင်မင်းသမီး ကိတ်ဝင်းစလက်က ဇန်နဝါရီ ၂၆ ရက်၌ ထုတ်ဖော်ပြောကြားလိုက်ပါတယ်။*

*အသက် ၃၆ နှစ်အရွယ်ရှိပြီဖြစ်ပေမယ့် ချောမောလှပနေဆဲ ကိတ်ဝင်းစလက်အား အမေရိကန် စိန့်ဂျွန်း အဝတ်အစားကုမ္ပဏီက ဒီဇိုင်းဆန်းပြား အဝတ်အထည်တွေကိုဝတ်ဆင်ပြီး ကြော်ငြာပေးဖို့ တောင်းဆိုနေတာကို အခုလို တုံ့ပြန်လိုက်ခြင်းပဲ ဖြစ်ပါတယ်။ ဥရောပရဲ့နွေရာသီမှာ အမျိုးသမီးတွေအတွက် လွတ်လပ်ပေါ့ပါးပြီး ဆန်းကြယ်တဲ့ အဝတ်အစားဒီဇိုင်းတွေကို ကုမ္ပဏီကြီးတွေက အပြိုင်အဆိုင်ကြော်ငြာမှုတွေလုပ်နေတာမို့ ကမ္ဘာကျော်ရုပ်ရှင်မင်းသမီးတွေကို ငှားရမ်းပြီး ကြော်ငြာခိုင်းနေတာပဲ ဖြစ်ပါတယ်။*

*ရုပ်ရှင်မင်းသမီး ကိတ်ဝင်းစလက်ဟာ ၂၀၁၂ ခုနှစ်ရဲ့ ကမ္ဘာ့ဆွဲဆောင်မှုအရှိဆုံးအမျိုးသမီး ၁၀ ဦးထဲတွင် ပဉ္စမနေရာ၌ ပါဝင်နေတဲ့အပြင် ဆန့်ကျင်ဘက်ပုရိသတွေကို ဆွဲဆောင်နိုင်ဆုံးအမျိုးသမီး ငါးဦးထဲမှာ တစ်ဦးအပါအဝင်ဖြစ်တယ်လို့ ကမ္ဘာကျော် **People** မဂ္ဂဇင်းမှာ ဖော်ပြထားပါတယ်။*

*ကိတ်ဝင်းစလက်ဟာ အခုလက်ရှိအချိန်မှာတော့ **Movies 43** လို့ အမည်ပေးထားတဲ့ ရုပ်ရှင်ကားမှာ ပါဝင်သရုပ်ဆောင်နေပါတယ်။ အဲဒီဇာတ်ကားမှာ သူမက ပူးတွဲထုတ်လုပ်သူအဖြစ်လည်း လုပ်ကိုင်နေတာမို့ အကောင်းဆုံးသရုပ်ဆောင်မှုတွေနဲ့ ပရိသတ်နှစ်သက်အောင် ကြိုးစားနေပါတယ်။ ကိတ်ဝင်းစလက်ဟာ ဂျင်ထရီပလီစတန်နဲ့ ၁၉၉၈ ခုနှစ်မှာ လက်ထပ်ခဲ့ပြီး ၂၀၀၁ ခုနှစ်မှာ ကလေးတစ်ဦးရပြီးမှ ကွာရှင်းခဲ့ပါတယ်။ နောက်ပြီး ဆမ်မင်ဒက်စ်နဲ့ ၂၀၀၃ ခုနှစ်မှာ လက်ထပ်ခဲ့ပြီး ၂၀၁၀ ခုနှစ်မှာ ကွာရှင်းခဲ့ပြန်ပါတယ်။ ဆမ်မင်ဒက်စ်နဲ့ ကလေးတစ်ဦးရရှိခဲ့ပါတယ်။ ကိတ်ဝင်းစလက်ဟာ အခုအချိန်မှာတော့ သူမရဲ့ညီမနှစ်ဦးဖြစ်တဲ့ အင်နာဝင်းစလက်၊ ဘတ်ဝင်းစလက်တို့နဲ့အတူနေထိုင်ပြီး အနုပညာအလုပ်တွေ ဆက်လက်လုပ်ကိုင်နေပါတယ်။* *(အင်တာနက်)*

မြန်မာ့အလင်း — ပြည်တွင်းလူမှုစီးပွားသတင်းပဒေသာ

ပြည်တွင်းလူမှုစီးပွားသတင်းပဒေသာ

# အော်တိုဖုန်း ပြည်ပခေါ်ဆိုမှုနှုန်းထားများ လျှော့ချပေးမည်

**ရန်ကုန် ဇန်နဝါရီ ၃၁**

မြန်မာပြည်တွင်းမှ နိုင်ငံရပ်ခြားသို့ခေါ်ဆိုသည့် အော်တိုတယ်လီဖုန်း ခေါ်ဆိုခများကို မတ်လမှစတင်၍ ဈေးနှုန်းလျှော့ချပေးသွားရန် စီစဉ်လျက်ရှိကြောင်း မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ တာဝန်ရှိသူက ပြောကြားလိုက်သည်။

"ဈေးနှုန်းတွေက ဟိုးအရင်ကတည်းက သတ်မှတ်ထားတဲ့နှုန်းတွေဆိုတော့ ဂျီအက်စ်အမ်ဖုန်း နိုင်ငံခြားခေါ်ဆိုခတွေထက် ပိုများနေတယ်။ ဖုန်းခေါ်ဆိုခ ဈေးနှုန်းတွေ သက်သာဖို့ ဆောင်ရွက်ပေးသွားမယ်။ ဈေးနှုန်းအတိအကျတော့ မသတ်မှတ်ရသေးပါဘူး။ ဒါပေမယ့် အသက်သာဆုံးနှုန်းထားနဲ့ ထားရှိပေးသွားမယ်။ အဲဒီအတွက် လိုအပ်တဲ့ ပြင်ဆင်မှုတွေ စတင်နေပါပြီ"ဟု မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ တာဝန်ရှိသူက ပြောကြားသည်။ နိုင်ငံရပ်ခြားသို့ ပြည်တွင်းမှ ဖုန်းခေါ်ဆိုလိုသူများသည် ယခုအချိန်တွင် အက်ဖ်အီးစီဖြင့် ပေးဆောင်ကြရပြီး အများစုမှာ ကြိုတင် ငွေသွင်းမထားသည့်အတွက် အရေးတကြီးခေါ်ဆိုရန်အတွက် ပြည်ပအင်တာနက်ဖုန်း ဝန်ဆောင်မှုများဖြစ်သည့် ပီဖင်းဂိုး၊ စကိုက်ပီ တို့ကဲ့သို့ နိုင်ငံခြားသို့ ငွေသွင်းအသုံးပြုရသည့် ဖုန်းများ၊ ဂျီတော့ခ်၊ ဗွီဇက်အိုကဲ့သို့သော အခမဲ့အသုံးပြုနိုင်သည့် ဆက်သွယ်ခေါ်ဆိုမှုများကိုသာ အသုံးပြုကြရပြီး ထိုလိုင်းများမှာလည်း အင်တာနက်ချိတ်ဆက်မှုဖြင့်သာ သုံးစွဲနိုင်ခြင်းကြောင့် လိုင်းကြန့်ကြာသည့်အချိန်များတွင် မဖြစ်မနေ အရေးပေါ်ခေါ်ဆိုရန် ခက်ခဲလှကြောင်း နိုင်ငံရပ်ခြားသို့ ဖုန်းခေါ်ဆိုလိုသူများထံက သိရှိရသည်။ အော်တိုတယ်လီဖုန်းလိုင်းများဖြင့် ပြည်ပသို့ဖုန်းခေါ်ဆိုပါက တစ်ကြိမ်ဆက်သွယ်လျှင် အနည်းဆုံး ကျပ်နှစ်ထောင်ကျော်အထိ ပေးဆောင်နေကြရသည်။ ယခုအခါ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းအနေနှင့် ယခင်ကထက် သက်သာသည့်ခေါ်ဆိုခများဖြင့် ကောက်ခံသွားမည်ဖြစ်ပြီး ဖေဖော်ဝါရီလအတွင်း၌ ရတနာပုံတယ်လီပို့နှင့် ပူးပေါင်းဆောင်ရွက်မှုများပြုလုပ်ကာ နိုင်ငံတကာဖုန်းခေါ်ဆိုမှုများနည်းတူ သုံးစွဲသူများ ဈေးနှုန်းသက်သာစေရန် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းက သိရှိရသည်။ **(သွန်းဝသန်)**

❖ *ကျောဖုံးမှ*

တစ်မိနစ် ကျပ် ၅၀ ဆိုတော့ သိပ်မများဘူး"ဟု သိမ်ကြီးဈေးအနီးရှိ ဟန်းဆက်ဆိုင်များမှ ဝယ်ယူလေ့လာသူတစ်ဦးက ရှင်းပြပါတယ်။

**သတ်မှတ်ထား**

"ကျွန်မတို့ဆီမှာ ဇန်နဝါရီ ၂၅ ရက် ကတည်းက စရောင်းနေပါပြီ။ လိုအပ်သလောက်လဲ ဝယ်ယူနိုင်ပါတယ်။ ရန်ကုန်တင်မကဘူး တစ်နိုင်ငံလုံး အတိုင်းအတာနဲ့ ဂျီအက်စ်အမ်မိတဲ့နေရာတွေအားလုံး ဝယ်သုံးနိုင်ပါတယ်။ ဖုန်းက လက်ရှိကုန်ဆုံးရက်ကို ဧပြီလ ၁၈ သတ်မှတ်ထားပေးတယ်။ ကတ်ချိုးလိုက်မယ်ဆိုရင်တော့ တစ်လအတွင်း သုံးနိုင်ပါတယ်" ဟု Elite Tech Service မှ အရောင်းတာဝန်ခံ တစ်ဦးက ရှင်းပြသည်။

အဆိုပါကတ်များကို ဖုန်းဆိုင်များတွင် ဝယ်ယူရရှိနိုင်ပြီး မြန်မာငွေဖြင့်လည်း ဝယ်ယူနိုင်ခြင်းကြောင့် အခြေခံလူတန်းစားများနှင့် နိုင်ငံရပ်ခြားသို့ ဖုန်းခေါ်ယူလိုသူများ စိတ်ဝင်စားလျက်ရှိကြောင်း တွေ့ရသည်။ **(ခင်ရတနာ)**

ရန်ကုန်တိုင်းဒေသကြီး စမ်းချောင်းမြို့နယ် အမှတ်(၉) အခြေခံပညာမူလတန်းကျောင်း ၂၀၁၀-၂၀၁၁ ပညာသင်နှစ် ပညာရည်ချွန် ဆုပေးပွဲကို ဇန်နဝါရီ ၂၈ ရက်က ကျင်းပရာ ငါးနှစ်ဆက်တိုက်ထူးချွန်ဆုရ မောင်သူရအောင်အား ကျောင်းအုပ်ဆရာမကြီး ဒေါ်သန်းသန်းထွေး ဆုချီးမြှင့်စဉ်။ (၀၂၃)

# ဝေါမြို့နယ် အုပ်ချုပ်ရေးမှူးဖလား ဘောလုံးပြိုင်ပွဲကျင်းပ

**ဝေါ ဇန်နဝါရီ ၃၁**

(၆၄)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် ဝေါမြို့နယ်အုပ်ချုပ်ရေးမှူးဖလား ဘောလုံးပြိုင်ပွဲကို ဇန်နဝါရီ ၂၄ ရက် ညနေ ၃ နာရီက ပြည်သူ့အားကစားကွင်း၌ ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးခင်မောင်ထွေးက အဖွင့်အမှာစကားပြောကြားပြီး ဖွင့်လှစ်ပေးသည်။ ထို့နောက် အဖွင့်ပွဲစဉ်အဖြစ် ဝေါမြို့မအသင်းနှင့် တနော်ကျွန်းတိုက်နယ်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ဝေါမြို့မအသင်းက ငါးဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသည်။

ပြိုင်ပွဲသို့ ဝေါမြို့မအသင်းနှင့် ကျိုက်လှ၊ ဘုရားပို၊ ညောင်ရိုးရှည်၊ တနော်ကျွန်း၊ အများဗိုလ်တဲ၊ မြစ်ကျိုးနှင့် သူရဲသမိန်တိုက်နယ်အသင်းများ ပါဝင်ယှဉ်ပြိုင်လျက်ရှိသည်။ **(မြို့နယ် ပြန်/ဆက်)**

# ဓာတ်ဆီဖြည့်မှု သတိပြု

**ပူပြင်းသော ရာသီကာလ နေ့လယ်ချိန်များတွင် မော်တော်ယာဉ်များ ဓာတ်ဆီဖြည့်ခြင်းနှင့် ဓာတ်ဆီလဲလှယ်ခြင်းများ ပြုလုပ်စဉ် ပွတ်တိုက်မှု (Friction) မှ သဘာဝတည်ငြိမ်လျှပ်စစ် (Static Electricity)တို့ ဖြစ်ပေါ်တတ်မှုကြောင့် မီးလောင်မှုများ ဖြစ်ပွားနိုင်ပါသဖြင့် ရာသီဥတုပူပြင်းချိန်တွင် ပလတ်စတစ် ပုံးဖြင့် ဓာတ်ဆီဖြည့်ခြင်းနှင့် လဲလှယ်ခြင်းများကို သတိပြု ရှောင်ကြဉ်ကြပါရန်။**

# ကြံခင်းမြို့မဈေး မီးဘေးကြိုတင်ကာကွယ်

**ကြံခင်း ဇန်နဝါရီ ၃၁**

ကြံခင်းမြို့နယ်ရှိ မြို့မဈေးကြီး မီးဘေးကြိုတင်ကာကွယ်တားဆီးရေးအတွက် ဈေးအတွင်းလောင်စာဆီရောင်းချမှုနှင့် လျှပ်စစ်မီးဝိုင်ယာကြိုးများ ကြံ့ခိုင်မှု ရှိ/မရှိတို့ကို ဇန်နဝါရီ ၁၄ ရက်က မြို့နယ်မီးသတ်ဦးစီးဌာန၊ မြို့နယ်လျှပ်စစ်ဌာနနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့တို့ ပူးပေါင်း၍ စစ်ဆေးကြပ်မတ်ဆောင်ရွက်ခဲ့ကြကြောင်း သိရှိရသည်။ **(မြို့နယ် ပြန်/ဆက်)**

# အာဖရိကနိုင်ငံများဖလား ဘောလုံးပြိုင်ပွဲ အိုင်ဗရီကို့စ်နှင့် အိမ်ရှင်ဂီနီယာ ကွာတားဖိုင်နယ်ကစားမည်

အိုင်ဗရီကို့စ်အသင်းနှင့် အင်ဂိုလာအသင်းတို့ အကြိတ်အနယ် ယှဉ်ပြိုင်ကစားစဉ်။

**မာလာဘို ဇန်နဝါရီ ၃၁**

အာဖရိကနိုင်ငံများဖလား ဘောလုံးပြိုင်ပွဲကို အီကွေတိုရီရယ်ဂီနီယာနှင့် ဂါဘွန်နိုင်ငံတို့က ပူးတွဲအိမ်ရှင်အဖြစ် လက်ခံ ကျင်းပလျက်ရှိရာ ဇန်နဝါရီ ၃၀ ရက်တွင် အုပ်စု(ခ)မှ အိုင်ဗရီကို့စ်အသင်းက အင်ဂိုလာအသင်းကို နှစ်ဂိုးပြတ်ဖြင့်နိုင်ပြီး ကွာတားဖိုင်နယ်သို့ တက်ရောက်သွားသည်။

**ပြိုင်ပွဲမှထွက်ခဲ့ရ**

ထိုနေ့က ဆူဒန်အသင်းက ဘာကီနာဖာဆိုအသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့၍ အိုင်ဗရီကို့စ်အသင်းနှင့်အတူ ကွာတားဖိုင်နယ်သို့ တက်ရောက်လာသည်။ အင်ဂိုလာအသင်းသည် ပြိုင်ပွဲမှထွက်ခဲ့ရသည်။

အင်ဂိုလာနှင့်ကစားသည့်ပွဲတွင် အိုင်ဗရီကို့စ်အသင်းအတွက် ဂိုးများကို အီမန်နျူရယ်အီဘိုးနှင့် ဝီဖရိုင်းဘိုနီတို့ သွင်းယူပေးခဲ့ခြင်းဖြစ်သည်။ အိုင်ဗရီကို့စ်အသင်းသည် ယင်းပွဲအနိုင်ရလိုက်သဖြင့် လာမည့် ဖေဖော်ဝါရီ ၄ ရက်တွင် အီကွေတိုရီရယ်ဂီနီယာအသင်းနှင့်ကွာတားဖိုင်နယ်ကစား ရမည်ဖြစ်သည်။ ဆူဒန်က ဇမ်ဘီယာအသင်းနှင့် ကွာတားဖိုင်နယ်ကစားရမည်ဖြစ်သည်။ **(အင်တာနက်)**

● *ကျောဖုံးမှ*

လိုင်ဒီယာကိုသည် လာမည့်နှစ်ပတ်အတွင်း ဩစတြေးလျ မာစတာဂေါက်သီးရိုက် ပြိုင်ပွဲနှင့် ဩစတြေးလျ အိုပင်းပြိုင်ပွဲများတွင် ယှဉ်ပြိုင်ကစားရန် စီစဉ်လျက်ရှိသည်။ **(အင်တာနက်)**

# ရိန်းဂျားစ်တိုက်စစ်မှူး ဂျေလာဗစ် အဲဗာတန်အသင်းခေါ်ယူ

**လန်ဒန် ဇန်နဝါရီ ၃၁**

အဲဗာတန်အသင်းက ခရိုအေးရှားမှ ရိန်းဂျားစ်တိုက်စစ်မှူး နီကီကာဂျေလာဗစ်(ဝဲပုံ)အားခေါ်ယူရန် ပြောင်းရွှေ့ကြေးကိစ္စ သဘောတူလိုက်ပြီဖြစ်သည်။

အဲဗာတန်အသင်းနှင့် ရိန်းဂျားစ်အသင်းတို့သည် နီကီကာဂျေလာဗစ် ပြောင်းရွှေ့ရေးအတွက် ပေါင်ရှစ်သန်းဖြင့် သဘောတူညီလိုက်ခြင်းဖြစ်သည်။ အဲဗာတန်အသင်းက ဒီနီယာဘီလိုင်ယာလီဒီနော့အား စပါးတပ်မော်စကိုသို့ ပေါင်ငါးသန်းဖြင့် ရောင်းချလိုက်ပြီးနောက် ဂျေလာဗစ်အား ခေါ်ယူရန်ကြိုးစားခဲ့ခြင်းဖြစ်သည်။

တိုက်စစ်မှူးဂျေလာဗစ်သည် ၂၀၁၀ ခုနှစ် ဩဂုတ်လက ရိန်းဂျားစ်အသင်းသို့ ရက်ပစ်ဗီယင်နာအသင်းမှ ပေါင်လေးသန်းဖြင့် ပြောင်းရွှေ့လာခြင်းဖြစ်သည်။ ၎င်းသည် ရိန်းဂျားစ်အသင်းတွင် ၅၅ ပွဲကစားခဲ့ပြီး ၃၆ ဂိုးသွင်းယူပေးခဲ့သည်။ ခရိုအေးရှားအသင်းအတွက် ၁၇ ပွဲကစားပေးခဲ့ပြီး နှစ်ဂိုးသွင်းယူပေးနိုင်ခဲ့သည်။ **(အင်တာနက်)**

# တိုက်စစ်မှူး ဆစ်ဆေး ကျူပီအာ ခေါ်ယူမည်

***လန်ဒန် ဇန်နဝါရီ ၃၁***

*ကျူပီအာအသင်းသည် လာဇီယိုအသင်းတွင် ကစားနေသော ပြင်သစ်တိုက်စစ်မှူး ဂျစ်ဘရီလ်ဆစ်ဆေးအား ပေါင်လေးသန်းဖြင့် ခေါ်ယူရန် ကြိုးစားလျက်ရှိသည်။*

*ပရီမီယာလိဂ်ကလပ် ကျူပီအာအသင်းသည် လီဗာပူးနှင့် ဆန်းဒါးလန်း ကစားသမားဟောင်း ဆစ်ဆေးအားခေါ်ယူရန် မူအားဖြင့် သဘောတူလိုက်ပြီဖြစ်သည်။*

*အသက် ၃၀ အရွယ်ရှိ ဆစ်ဆေး **(ယာပုံ)**သည် နွေရာသီတွင် ပနာသီနိုင်ကို့စ်အသင်းမှ လာဇီယိုအသင်းသို့ ပြောင်းရွှေ့ခဲ့ပြီးနောက် ပုံမှန်ပွဲထွက်ကစားခွင့် ဆုံးရှုံးလျက်ရှိသည်။*

*ကျူပီအာနည်းပြမတ်ချ်ဟုတ်က ဇန်နဝါရီလ ကစားသမားခေါ်ယူရေးလမကုန်ဆုံးမီ စာချုပ်ရန်စိတ်အားထက်သန်နေသည်။ ဆစ်ဆေးသည် ၂၀၀၄ ခုနှစ်က လီဗာပူးသို့ရောက်လာပြီး သုံးနှစ်ကစားခဲ့ဖူးသည်။ အင်္ဂလန်ပရီမီယာလိဂ်တွင် လူသိများ ကျော်ကြားသည့် ကစားသမားဖြစ်သည်။ ၎င်းသည် ၂၀၀၉ ခုနှစ်က ဂရိကလပ် ပနာသီနိုင်ကို့စ်သို့ မပြောင်းမီ ပြင်သစ်မာဆေးကလပ်မှ ဆန်းဒါးလန်းသို့ အငှားချခဲ့သည်။* ***(အင်တာနက်)***

# ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး သိန်းဌေးအား ဩစတြီးယားနိုင်ငံသံအမတ်ကြီးနှင့်အဖွဲ့ လာရောက်တွေ့ဆုံ

**နေပြည်တော် ဇန်နဝါရီ ၃၁**

နယ်စပ်ရေးရာ ဝန်ကြီးဌာနနှင့် မြန်မာ့စက်မှုဖွံ့ဖြိုးရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး သိန်းဌေးအား ဗန်ကောက်မြို့အခြေစိုက် ဩစတြီးယားနိုင်ငံသံရုံးမှ သံအမတ်ကြီး H. E. Dr. Johannes PETERLIK နှင့် Dr. Gustav Gressel တို့သည် ယနေ့ နံနက် ၉နာရီတွင် နေပြည်တော်ရှိ နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံ၍ မြန်မာနိုင်ငံနှင့် ဩစတြီးယားနိုင်ငံတို့အကြား ဆက်ဆံမှုတိုးမြှင့်ရေး ပူးပေါင်းဆောင်ရွက်ရေးနှင့် စီးပွားရေး ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အခွင့်အလမ်းများကို ဆွေးနွေးသည်။

ယင်းသို့တွေ့ဆုံရာတွင် နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်ဇော်ဝင်းနှင့်ညွှန်ကြားရေးမှူးချုပ်များ တက်ရောက်ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

**နယ်စပ်ရေးရာ ဝန်ကြီးဌာနနှင့် မြန်မာ့စက်မှုဖွံ့ဖြိုးရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးသိန်းဌေးအား ဗန်ကောက်မြို့အခြေစိုက် ဩစတြီးယားနိုင်ငံသံရုံးမှ သံအမတ်ကြီး H. E. Dr. Johannes PETERLIK နှင့် Dr. Gustav Gressel တို့ လာရောက်တွေ့ဆုံစဉ်။** (သတင်းစဉ်)

# ကုလသမဂ္ဂ၏ မြန်မာနိုင်ငံလူ့အခွင့်အရေးဆိုင်ရာ အထူးအစီရင်ခံစာတင်သွင်းသူ Mr.Tomas Ojea Quintana ရန်ကုန်မြို့သို့ ရောက်ရှိ

**ရန်ကုန် ဇန်နဝါရီ ၃၁**

ကုလသမဂ္ဂ၏ မြန်မာနိုင်ငံလူ့အခွင့်အရေးဆိုင်ရာ အထူးအစီရင်ခံစာတင်သွင်းသူ Mr. Tomas Ojea Quintana သည် ယနေ့ညနေ ၅ နာရီ ၁၀ မိနစ်တွင် ရန်ကုန်မြို့သို့ လေကြောင်းခရီးဖြင့် ရောက်ရှိလာသည်။

Mr. Tomas Ojea Quintana အား ပြည်ထဲရေးဝန်ကြီးဌာန အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်သိန်းနှင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရန်ကုန်မြို့ရှိ ကုလသမဂ္ဂအဖွဲ့အစည်းများဆိုင်ရာ ဌာနေညှိနှိုင်းရေးမှူး Mr. Asxok Nigam နှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။ **(သတင်းစဉ်)**

**ကုလသမဂ္ဂ၏ မြန်မာနိုင်ငံလူ့အခွင့်အရေးဆိုင်ရာ အထူးအစီရင်ခံစာတင်သွင်းသူ Mr. Tomas Ojea Quintana အား တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြစဉ်။** (သတင်းစဉ်)

# AIM Bazaar 2012 ဈေးရောင်းပွဲတော်ကျင်းပမည်

**နေပြည်တော် ဇန်နဝါရီ ၃၁**

အင်ဒိုနီးရှား-မြန်မာ နှစ်နိုင်ငံပြည်သူများ၏ အပြန်အလှန် ထိတွေ့ဆက်ဆံမှုကို အားဖြည့်ရန် ကြိုးပမ်းသည့်အနေဖြင့် ရန်ကုန်မြို့ ရွှေတောင်ကြားလမ်း အမှတ် (7/C) ရှိ Association of Indonesian in Myanmar က ဦးစီး၍ AIM Bazaar 2012 ဈေးရောင်းပွဲတော်ကို ၂၀၁၂ ခုနှစ် ဖေဖော်ဝါရီ ၅ ရက် (တနင်္ဂနွေနေ့)တွင် အင်းလျားလိပ်ဟိုတယ်၌ ကျင်းပမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# အပြည်ပြည်ဆိုင်ရာ အကောက်ခွန်နေ့ကျင်းပ

**ရန်ကုန် ဇန်နဝါရီ ၃၁**

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန အကောက်ခွန်ဦးစီးဌာန၏ (၂၁) ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ အကောက်ခွန်နေ့အခမ်းအနားကို ဇန်နဝါရီ ၂၆ ရက် နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ မဟာဗန္ဓုလလမ်းနှင့် လမ်း ၅၀ ထောင့်ရှိ အကောက်ခွန်သင်တန်းကျောင်းခန်းမ၌ကျင်းပရာ ညွှန်ကြားရေးမှူးချုပ် ဦးထွန်းသိန်း တက်ရောက်အမှာစကားပြောကြားသည်။

ထို့နောက် ညွှန်ကြားရေးမှူးချုပ်နှင့် ညွှန်ကြားရေးမှူးများက ဝန်ထမ်းကျင့်ဝတ်ဆိုင်ရာ ဂုဏ်ပြုဆုရရှိသူများ၊ လုပ်ငန်းဆိုင်ရာ ဂုဏ်ပြုဆုရရှိသူများ၊ ဌာနခွဲအလိုက် လုပ်ငန်းစွမ်းဆောင်ရည်ဆုရရှိသူများ၊ ဌာနတွင်းသင်တန်းနှင့် နိုင်ငံခြားသားထိန်းသိမ်းစောင့်ရှောက်ရေးသင်တန်းတို့တွင် ထူးချွန်ဆုရရှိသူများ၊ (၅)ကြိမ်နှင့်အထက် သွေးလှူဒါန်းသူများ၊ ဝန်ထမ်းသားသမီးများထဲမှ တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးရရှိသူများ၊ ဗဟိုဝန်ထမ်းတက္ကသိုလ်(ဖောင်ကြီး) သင်တန်းများတွင် ထူးချွန်ဆုရရှိခဲ့သူများ၊ အိမ်ရာသန့်ရှင်းရေးနှင့် စိုက်ပျိုးရေးဂုဏ်ပြုဆုရရှိသူများအား ဆုချီးမြှင့်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## ရုပ်မြင်ခံစား ရုပ်မြင်သံကြား

### မြန်မာ့ရုပ်မြင်သံကြား

**၁-၂-၂၀၁၂ (ဗုဒ္ဓဟူးနေ့)**

**နံနက်ပိုင်း**

| | |
|---|---|
| ၇:၀၀ | ၁။ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော် |
| ၇:၁၀ | ၂။ နံနက်ခင်းသတင်း |
| ၈:၁၀ | ၃။ (၆၅)နှစ်မြောက်ပြည်ထောင်စုနေ့ဂုဏ်ပြုအစီအစဉ် |
| ၈:၄၀ | ၄။ International News |
| ၈:၄၅ | ၆။ တေးဂီတအစီအစဉ် |

**ညပိုင်း**

| | |
|---|---|
| ၄:၀၅ | ၁။ တေးဂီတအစီအစဉ် |
| ၄:၁၅ | ၂။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ |
| | - ပထမနှစ် (သင်္ချာအထူးပြု) (သင်္ချာ) |
| ၅:၁၀ | ၃။ International Science News |
| ၆:၀၀ | ၄။ ညနေခင်းသတင်း |
| ၆:၁၅ | ၅။ မိုးလေဝသအခြေအနေ |
| ၆:၂၀ | ၆။ မြန်မာ့ဓလေ့ရိုးရာလက်ဝှေ့ |
| ၇:၀၅ | ၇။ **ဒီအတိုင်းပဲကောင်းပါတယ်** ကျော်ဟိန်း၊မတူး (ဒါရိုက်တာ-ခင်မောင်ဦး၊စိုးသိမ်းထွဋ်၊ကျော်ဟိန်း) |
| ၇:၄၅ | ၈။ နေပြည်တော်အပြည်ပြည်ဆိုင်ရာလေဆိပ် အပိုင်း(၂) |
| ၈:၀၀ | ၉။ ပြည်တွင်းသတင်း |
| | ၁၀။ နိုင်ငံတကာသတင်းများ |
| | ၁၁။ မိုးလေဝသအခြေအနေ |
| | ၁၂။ နိုင်ငံခြားဇာတ်လမ်းတွဲ **အချစ်ဆုံး** (အပိုင်း-၂၉) |
| | ၁၃။ မြန်မာရုပ်ရှင် **နေကျောက်ခဲ** ကျော်ဟိန်း၊ထွန်းထွန်းနိုင်၊ အောင်လွင်၊ ခင်သီတာထွန်း၊ ဆွေဇင်ထိုက် (ဒါရိုက်တာ-သင်းသင်းယု) |

### MRTV-4

**၁-၂-၂၀၁၂ (ဗုဒ္ဓဟူးနေ့)**

**နံနက်ပိုင်း**

| | |
|---|---|
| ၅:၂၀ | MRTV-4 သတင်း |
| ၅:၄၀ | **လျှာလိုလူ** တရားတော် (ရေတာရှည်ဆရာတော် အရှင်ပညာဝံသ) |
| ၆:၄၀ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **စိတ်၏စေရာ** (အပိုင်း-၁၀၄) |
| ၇:၃၀ | MRTV-4 သတင်း |
| ၈:၀၀ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ပန်းသုံးပွင့်လေညွှန်ရာ** (အပိုင်း-၅၇) |
| ၉:၄၀ | လပတ်မိုးလေဝသနှင့် ဇလဗေဒခန့်မှန်းချက် |
| ၁၁:၂၅ | MRTV-4ရုပ်သံဇာတ်လမ်းတွဲ **တေးသွားကေရီ** (အပိုင်း-၄) |
| ၂:၀၀ | MRTV-4 သတင်း |
| ၃:၃၀ | **မြန်မာ့လက်ရွေးစင် (U-21) အသင်းနှင့်အူဆန်ယူနီဗာစီတီ (ကိုရီးယား)ခြေစမ်းပွဲစဉ်** |
| ၆:၀၀ | MRTV -4 သတင်း |
| ၆:၃၀ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **စိတ်၏စေရာ** (အပိုင်း-၁၀၅) |
| ၈:၀၀ | MRTV-4 သတင်း |
| ၈:၃၀ | ၂၀၁၀ ခုနှစ် အကယ်ဒမီအကြိုရှင်ခုန်သံ |
| ၉:၃၀ | MRTV - 4 ရုပ်သံဇာတ်လမ်းတွဲ **ပန်းသုံးပွင့်လေညွှန်ရာ** (အပိုင်း-၅၈) |
| ၁၀:၄၅ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **တေးသွားကေရီ** (အပိုင်း-၅) |
| ၁၂:၂၀ | **ရင်သွေးအတွက် သတိတစ်ချက်** ညောင်ညောင်၊မေသဉ္ဇာဦး၊ဆုရွှန်းလဲ့၊ ဒေါ်နှင်းဆီ၊ခေတ်ရူပါဦး (ဒါရိုက်တာ-ဆွေဇင်ထိုက်) |
| ၁၂:၃၀ | လှုပ်ရှားစုံစုံမြန်မာ့သုခမဇာတ်ခုံ (သစ္စာမေတ္တာရွှေမန်းသဘင်) (အပိုင်း-၂) |
| ၁:၃၀ | မြန်မာ့ရုပ်ရှင်သမိုင်း |
| ၂:၂၅ | **Barclays Premier League Blackburn Vs Newcastle Utd** |
| ၄:၂၅ | ရိုးရာအစဉ်အလာ… ယဉ်ကျေးမှုအဖြာဖြာ… ပုဂံမြို့ရဲ့ ယွန်းပြတိုက်မှာ |

**ဇန်နဝါရီ ၂၈ ရက်က ရေတာရှည်မြို့နယ် ဘိုးဘွားရိပ်သာငွေပဒေသာပင်အတွက် အမှတ်(၆၁)သစ်စက် ဝန်ထမ်းဦးသင်းဦးနှင့် အစ်မဖြစ်သူ အထက်တန်းကျောင်းအုပ်ဆရာမကြီး ဒေါ်ယဉ်ယဉ်တည်တို့မောင်နှမက ငွေကျပ်သုံးသိန်းကို ဘိုးဘွားရိပ်သာနာယက ဒေါ်လှလှနှင့် ဥက္ကဋ္ဌ ဦးမြင့်တို့ထံ လှူဒါန်းစဉ်။** (မြန်မာ့အလင်း)

## မြန်မာ့အလင်း စာအုပ်စင်ကဏ္ဍ ၃၁-၁-၂၀၁၂

### ခေါင်းစဉ်အထူးပြုဝေါဟာရအစုစာအုပ်ထုတ်ဝေဖြန့်ချိ

စာရေးဆရာ နေလင်းဝင်းရေးသား ပြုစုသော ခေါင်းစဉ်အထူးပြု ဝေါဟာရအစု (Topic Specific Vocabulary) စာအုပ် ထွက်ရှိလာသည်။

စာအုပ်တွင် ယနေ့ခေတ် လုပ်ငန်းမျိုးစုံ လုပ်ကိုင်နေကြသူများ၊ ကျောင်းသား ကျောင်းသူများ၊ အင်္ဂလိပ်စာနှင့် မကင်းနိုင်သူတွေအတွက် **နိုင်ငံရေး၊ ကျန်းမာရေး၊ ပညာရေး၊ ရာသီဥတု၊ ကမ္ဘာလုံးဆိုင်ရာပြဿနာများ၊ ငွေကြေးနှင့် ဘဏ္ဍာရေး**စသည့် အဓိကအကျဆုံး ခေါင်းစဉ် ၁၅ မျိုးထဲမှ စကားလုံးများစွာအနက် သိသင့်သည်များကိုသာ ရွေးချယ်ပြီး အခြေခံမှ အဆင့်မြင့်အထိ အစီအစဉ်အလိုက် ဖော်ပြပေးထားသည်။ အင်္ဂလိပ်စာဝေါဟာရများကို ခေါင်းစဉ်အလိုက် လွယ်လွယ်ကူကူ ပြည့်ပြည့်စုံစုံ ချက်ချင်းသိရှိသွားနိုင်ရန်နှင့် သွားလေရာ ပေါ့ပေါ့ပါးပါး ယူဆောင်သွားနိုင်ရန် ရည်ရွယ်၍ ရေးသားထုတ်ဝေထားသော ဝေါဟာရစာအုပ်ဖြစ်သည်။ အဆိုပါစာအုပ်ကို မဇ္ဈိမစာပေ အမှတ် ၂၃၇၊ ၃၉ လမ်း၊ ကျောက်တံတားမြို့နယ် ရန်ကုန် ဖုန်း-၀၁-၃၉၂၈၃၅၊ ၀၉-၅၀၅၆၈၄၃ က တန်ဖိုးငွေကျပ် ၁၅၀၀ ဖြင့် ဖြန့်ချိထားသည်။

### ဇီဝဗေဒဆိုင်ရာ အဘိဓာန်စာအုပ် ထုတ်ဝေဖြန့်ချိ

ဘိုင်အိုစောမင်း ရေးသားသည့် ဇီဝဗေဒဘာသာရပ်ဆိုင်ရာ အဘိဓာန် (New Dictionary of Biology) စာအုပ်ထုတ်ဝေဖြန့်ချိလိုက်သည်။

**ဖော်ပြထား**

အဆိုပါစာအုပ်တွင် လူ့ခန္ဓာကိုယ်အစိတ်အပိုင်းအသီးသီး၏ အရပ်သုံးအခေါ်အဝေါ်များ၊ အဖြစ်များသည့်ရောဂါအမျိုးမျိုး၊ သိပ္ပံပညာရပ်ဆိုင်ရာဝေါဟာရဗီတာမင်အမျိုးမျိုးအကြောင်း သိကောင်းစရာများနှင့် သားဖွားချိန်တွက်ချက်ပုံဇယားများ စသည်တို့ကို ရောင်စုံဓာတ်ပုံများဖြင့် ဖော်ပြထားသည်။

အဆိုပါစာအုပ်ကို ပန်းဝေဝေစာပေမှ ကျပ် ၂၀၀၀ ဖြင့် ထုတ်ဝေဖြန့်ချိလိုက်ခြင်းဖြစ်သည်။

### ငှက်ကလေး၏တေးချိုချိုကဗျာများ စာအုပ်ထုတ်ဝေ

ကဗျာရေးသက် နှစ်ပေါင်း ၅၀ ပြည့်ခဲ့ပြီဖြစ်သော အမျိုးသားစာပေဆုရ ကဗျာဆရာ ပျဉ်းမနားမောင်နီသင်း၏ လက်ရွေးစင်ကဗျာပုဒ်ရေ ၁၀၇ ပုဒ်ကို စုစည်းထားသည့် ငှက်ကလေး၏ တေးချိုချို ကဗျာပေါင်းချုပ်စာအုပ်ကို နိုင်ငံ့ဂုဏ်ရည်စာပေတိုက်က ထုတ်ဝေဖြန့်ချိလိုက်သည်။ ပညာရေးဝန်ထမ်းအဖြစ် နှစ်ပေါင်း ၄၀ နီးပါး တာဝန်များကိုထမ်းဆောင်ရင်း မြန်မာနိုင်ငံဒေသအနှံ့ ခြေဆန့်ရောက်ရှိခဲ့သူတစ်ဦး၏ ဘဝအတွေ့အကြုံ၊ ဘဝအတွေးအမြင်၊ ဘဝပတ်ဝန်းကျင်ဆိုင်ရာ စေတနာ မေတ္တာ ကရုဏာရှုခင်းများကို မြန်မာကဗျာ ပီပီသသ ရသမြောက်စွာ သီကုံးဖွဲ့နွဲ့ထားသည့်အပြင် ချစ်စရာလွမ်းစရာ နှစ်သက်မြတ်နိုးဖွယ်ရာ မြန်မာ့နှလုံးသားအလှကိုလည်း ကြည်နူးဖွယ် ဖတ်ရှုခံစားရမည်ဖြစ်သည်။ နိုင်ငံ့ဂုဏ်ရည်စာပေတိုက် (၁) (၅၂၉/၅၃၀)၊ ကုန်သည်လမ်း၊ စာပေဗိမာန်အဆောက်အအုံ၊ ရန်ကုန်မြို့၊ ဖုန်း- ၀၁-၃၇၄၅၃၂၊ ၀၉-၇၃၂၀၁၉၂၂၊ နိုင်ငံ့ဂုဏ်ရည်စာပေတိုက်(၂) အလက(၁)နှင့် ရန်ကုန် ကြေးအိုးကြား၊ သစ္စာလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၇၃၂၀၁၉၁၁နှင့် တစ်ပြည်လုံးရှိ စာအုပ်ဆိုင်ကြီးများတွင် ဝယ်ယူရရှိနိုင်ကြောင်း သိရှိရသည်။

**ဘိုကလေးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေးကြီးအတွင်း မီးဘေးကြိုတင်ကာကွယ်ရေး ဇာတ်တိုက်မှုကို ဇန်နဝါရီ ၂၃ ရက်တွင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးကြည်စိုးနှင့် ဌာနဆိုင်ရာဝန်ထမ်းများ၊ မြို့မဈေးအကျိုးတော်ဆောင်အဖွဲ့၊ မြို့နယ်မီးသတ်ဦးစီးဌာနဝန်ထမ်းများနှင့် ဈေးအရန်မီးသတ်တပ်ဖွဲ့ဝင်တို့ ပူးပေါင်းဆောင်ရွက်စဉ်။** (၀၆၆)

# Royal Mingalardon Golf & Country Club ၏ Club House ဖွင့်

**ရန်ကုန် ဇန်နဝါရီ ၃၁**

ဇေကမ္ဘာမြန်မာအိုးပင်းဂေါက်သီးရိုက်ပြိုင်ပွဲ ကျင်းပမည့် Royal Mingalardon Golf & Country Club ၏ Club House ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၁၁ နာရီက အဆိုပါအဆောက်အအုံရှေ့၌ ကျင်းပသည်။

ဖွင့်ပွဲအခမ်းအနားတွင် ရှေးဦးစွာ ပညာရေး၊ ကျန်းမာရေးနှင့် ယဉ်ကျေးမှုကော်မတီဥက္ကဋ္ဌ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဒေါက်တာခင်ရွှေက စက်ခလုတ်နှိပ်၍ ဆိုင်းဘုတ်ကို ဖွင့်လှစ်ပေးသည်။ ဆက်လက်၍ ဟိုတယ်နှင့် ခရီးသွားလာရေး လုပ်ငန်းဝန်ကြီးဌာနနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်းနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာခင်ရွှေတို့က အမှာစကားပြောကြားသည်။

ယင်းနောက် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာခင်ရွှေက Club House ၏ Designer များဖြစ်ကြသော ဒေါက်တာဇော်ထွန်းနှင့် Mr.David Wei တို့အား အမှတ်တရလက်ဆောင်များ ပေးအပ်သည်။ ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်း၊ ရန်ကုန်တိုင်းဒေသကြီး လျှပ်စစ်နှင့်စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ထွန်းဦး၊ ဇေကမ္ဘာကုမ္ပဏီလီမိတက် ဒုတိယဥက္ကဋ္ဌ ဦးဇေသီဟ၊ ဒါရိုက်တာ ဒေါ်ဇေဇင်လတ်တို့က Club House အား ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် ဧည့်သည်တော်များက Club House အတွင်း ကြည့်ရှုလေ့လာကြပြီး ဖွင့်ပွဲအထိမ်းအမှတ်အဖြစ် ဂေါက်သီးရိုက်ကစားကြကြောင်း သိရှိရသည်။ **(မြန်မာ့အလင်း)**

**ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်း၊ ရန်ကုန်တိုင်းဒေသကြီး လျှပ်စစ်နှင့် စက်မှုဝန်ကြီးဌာနဝန်ကြီး ဦးဉာဏ်ထွန်းဦး၊ ဇေကမ္ဘာကုမ္ပဏီလီမိတက် ဒုတိယဥက္ကဋ္ဌ ဦးဇေသီဟ၊ ဒါရိုက်တာ ဒေါ်ဇေဇင်လတ်တို့က Club House ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးစဉ်။** (မြန်မာ့အလင်း)

# ဝိဇ္ဇာသိပ္ပံပညာရပ်ဆိုင်ရာပြပွဲ ကျင်းပ

**ရန်ကုန် ဇန်နဝါရီ ၃၁**

ကျောင်းသား ကျောင်းသူများ ဝိဇ္ဇာသိပ္ပံပညာနှင့်ပတ်သက်၍ စဉ်းစားတွေးခေါ်မှု ရင့်သန်စေရန်၊ ပညာရပ်အသီးသီးအား လက်တွေ့အကောင်အထည်ဖော်ရာတွင် စာတွေ့အရတွက်ချက်လေ့လာပြီးမှ ပြုလုပ်စေရန်၊ စာတွေ့အပြင် လက်တွေ့နှင့်ပူးတွဲလေ့ကျင့်မှသာ အောင်မြင်နိုင်မည်ဟု ယုံကြည်စေရန်၊ လက်တွေ့ပြုလုပ်ရာတွင် စာတွေ့ကို အခြေခံ၍ ကောင်းသည်ထက် ကောင်းအောင် တီထွင်ကြံဆစေလိုခြင်းနှင့် အနာဂတ်စီးပွားရေး ရွေးချယ်မှုများတွင် စက်မှုအတတ်ပညာ အသုံးချကာ စီးပွားရေးရွေးချယ်မှုများရရှိလာစေရန် စသည့် ရည်ရွယ်ချက်များဖြင့် ILBC ကျောင်းသားကျောင်းသူများ၏ ဆဋ္ဌမအကြိမ်မြောက် ဝိဇ္ဇာသိပ္ပံပညာရပ်ဆိုင်ရာပြပွဲကို ဇန်နဝါရီ ၂၈ ရက် မွန်းလွဲ ၁ နာရီက အမှတ် ၃၄၊ လေးထောင့်ကန်လမ်း၊ တာမွေမြို့နယ်ရှိ အဆိုပါကျောင်း အားကစားရုံ၌ ကျင်းပခဲ့သည်။ **(အောက်ဝဲပုံ)**

ဂင်းပြပွဲသည် ကျောင်းသား ကျောင်းသူများ၏ ကျောင်းနေစဉ်ကာလအတွင်း ဝိဇ္ဇာသိပ္ပံဘာသာရပ်များကို အချိုးညီစွာ တတ်မြောက်ရုံသာမက စာတွေ့ကို အခြေခံပြီး တီထွင်ကြံဆမှုများနှင့် လက်တွေ့ဘဝတွင် အသုံးချနိုင်စေရန် လေ့ကျင့်ပေးသော ပြပွဲတစ်ခုလည်းဖြစ်သည်။ ဝိဇ္ဇာပြခန်း ၆၇၊ သိပ္ပံပြခန်း ၅၉ စုစုပေါင်း ပြခန်း ၁၂၆ ခန်း ပါဝင်ပြီး ဇန်နဝါရီ ၂၈ ရက်မှ ၂၉ ရက်အထိ မွန်းလွဲ ၁ နာရီမှ ညနေ ၆ နာရီအထိ ပြသခဲ့ကြောင်းနှင့် အဆိုပါကျောင်းတွင် ယခုကဲ့သို့ ကျောင်းသား ကျောင်းသူများအတွက် ဝိဇ္ဇာသိပ္ပံဆိုင်ရာ ပြပွဲများကို နှစ်စဉ်ကျင်းပပြုလုပ်လျက်ရှိကြောင်း သိရှိရသည်။ **(မြန်မာ့အလင်း)**

# မင်္ဂလာတောင်ညွန့်မြို့နယ်၌ မီးဖိုခန်းပြိုကျမှုဖြစ်ပွား

**ရန်ကုန် ဇန်နဝါရီ ၃၁**

ယနေ့ညနေ ၄ နာရီခွဲတွင် မင်္ဂလာတောင်ညွန့်မြို့နယ် ရေတွင်းကုန်းရပ်ကွက် ၁၁၉ လမ်း အမှတ်(၁၃) အုတ်ညှပ်နှစ်ထပ်တိုက် အဆောက်အအုံအပေါ်ထပ် နောက်ဖေးမီးဖိုခန်း ပြိုကျမှုဖြစ်ပွားသည်။

အဆိုပါ အုတ်ညှပ်နှစ်ထပ်တိုက်မှာ ၁၉၈၇ ခုနှစ်က ဆောက်လုပ်ထားခြင်းဖြစ်သည်။ ဆောက်လုပ်သည့် သက်တမ်း ၂၄ နှစ်ခန့်ရှိပြီဖြစ်၍ အုတ်များဆွေးမြည့်ကာ ၁၀ ပေ ပတ်လည်အကျယ်ရှိ မီးဖိုခန်း ပြိုကျခြင်းဖြစ်သည်။

အဆိုပါ နှစ်ထပ်တိုက်၌ အပေါ်ထပ်တွင် မိသားစုငါးဦး၊ အောက်ထပ်တွင် မိသားစုငါးဦး နေထိုင်ကြပြီး မီးဖိုခန်း ပြိုကျမှုကြောင့် လူထိခိုက်မှုမရှိကြောင်း၊ တိုက်တွင် နေထိုင်သူများ မိမိအစီအစဉ်ဖြင့် အခြားသို့ ပြောင်းရွှေ့နေထိုင်ကြကြောင်း သိရသည်။

မင်္ဂလာတောင်ညွန့် မြို့နယ်၌ပင် ဇန်နဝါရီ ၄ ရက် (လွှတ်လပ်ရေးနေ့)က သပြေကုန်းရပ်ကွက် ၁၂၄ လမ်း၌ သုံးထပ်တိုက်အပေါ်ဆုံးထပ် ဘယ်ဘက်ခြမ်း အခန်း၏ အနောက်ဘက် ရေချိုးခန်း ပြိုကျမှုဖြစ်ပွားခဲ့သည်။

**ခိုင်ခံ့မှုမရှိတော့**

အဆိုပါ အခန်းပြိုကျမှုမှာ ရေချိုးခန်းကြမ်းပြင် ကွန်ကရစ်လောင်းစဉ်က သံချောင်းများလုံလောက်စွာ ထည့်သွင်းတည်ဆောက်ထားခြင်းမရှိ၍ အခန်းပြိုကျခြင်းဖြစ်ကြောင်း သိရှိရသည်။ ယခုလည်း အုတ်များ ခိုင်ခံ့မှုမရှိတော့ခြင်းကြောင့် မီးဖိုခန်းပြိုကျခြင်းဖြစ်ရာ သက်တမ်းကြာ အဆောက်အအုံများ၏ ခိုင်ခံ့မှုကို သတိပြု စစ်ဆေးသင့်ကြောင်း ဤအဖြစ်အပျက်နှစ်ခုက ညွှန်းပြလျက်ရှိသည်။

**(စိုးမင်း-သတင်းစဉ်)**

**ပြိုကျမှုဖြစ်ပွားသည့် (၁၀) ပေ ပတ်လည်အကျယ်ရှိ မီးဖိုခန်း။**

# ကမ္ဘာ့ရေတိမ်ဒေသများနေ့

**စန်းလွင်**

နှစ်စဉ် ဖေဖော်ဝါရီ ၂ ရက်သည် ကမ္ဘာ့ရေတိမ်ဒေသများနေ့ (World Wetlands Day)ဖြစ်ပါသည်။ ၁၉၇၁ ခုနှစ် ဖေဖော်ဝါရီ ၂ ရက်က အီရန်နိုင်ငံ ရမ်ဆာမြို့ ကက်စ်ပီယံပင်လယ်ကမ်းခြေတွင် အပြည်ပြည်ဆိုင်ရာ ရေတိမ်ဒေသများအတွက် အရေးပါသည့် ရမ်ဆာကွန်ဗင်းရှင်း (Ramsar Convention) ကို အဖွဲ့ဝင်နိုင်ငံ ၂၁ နိုင်ငံမှ စတင်လက်မှတ်ရေးထိုးခဲ့ကြပါသည်။ ကမ္ဘာ့ရေတိမ်ဒေသများ၏ တန်ဖိုးနှင့် အကျိုးသက်ရောက်မှုများကို လူထုမှ သတိပြုလာစေရန်အတွက် ၁၉၉၇ ခုနှစ်မှစပြီး ကမ္ဘာ့ရေတိမ်ဒေသများနေ့ အထိမ်းအမှတ်အခမ်းအနား၊ လှုပ်ရှားမှုများကို နှစ်စဉ် ကမ္ဘာနှင့်အဝန်း ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ခဲ့ကြပါသည်။

သဘာဝဝန်းကျင်နှင့်ဆက်စပ်နေသည့် အပင်နှင့်သတ္တဝါတို့၏ ဘဝများကို ထိန်းသိမ်းရာတွင် အဓိကအချက်အချာကျသော ရေဧရိယာများကို ရေတိမ်ဒေသများဟု သတ်မှတ်ထားပါသည်။ ၎င်းတို့ကို မြေမျက်နှာပြင်နှင့်နီးနီး သို့မဟုတ် မြေအောက်ရေပြင်ရှိသောနေရာ သို့မဟုတ် ရေအမြဲဖြစ်စေ၊ ယာယီဖြစ်စေဖုံးလွှမ်းနေသောနေရာများတွင် တွေ့ရပါသည်။ ရေတိမ်ဒေသများတွင် ရေပူစမ်း၊ ထုံးကျောက်လိုဏ်ဂူများရှိ မြေအောက်စမ်းချောင်းများ ပါဝင်ကြပြီး စိမ့်၊ စမ်း၊ ရွှံ့နွံအိုင်၊ ရေကန်၊ ရေအိုင်ကြီး၊ မြစ်ဝ၊ လတာနှင့် ရေလွှမ်းလွင်ပြင် စသည်ဖြင့် ခြားနားသောသွင်ပြင်များရှိကြပါသည်။ ၂၀၁၂ ခုနှစ် ကမ္ဘာ့ရေတိမ်ဒေသများနေ့၏ ဆောင်ပုဒ်မှာ "ရေတိမ်ဒေသများနှင့်ခရီးသွားလုပ်ငန်း (Wetlands and Tourism)" ဖြစ်ပါသည်။ ခရီးသွားလုပ်ငန်းသည် ရေတိမ်ဒေသများအား အကောင်းရောအဆိုးပါ အကျိုးသက်ရောက်နိုင်ပါသည်။ ရေတိမ်ဒေသများ၏ ပတ်ဝန်းကျင်ကို ဂရုပြုရန်နှင့် လေ့လာကြရန်လိုကြောင်း၊ သို့မှသာ လူသားများနှင့် တောရိုင်းတိရစ္ဆာန်များအနေဖြင့် အနာဂတ်တွင် ရေတိမ်ဒေသများ၌ ကောင်းမွန်ပျော်ရွှင်စွာ နေနိုင်ကြမည်ဖြစ်ကြောင်း ကမ္ဘာ့ရေတိမ်ဒေသများနေ့တွင် မီးမောင်းထိုးပြသခြင်း ဖြစ်ပါသည်။

ရေတိမ်ဒေသများသည် ကမ္ဘာတွင် ထုတ်လုပ်မှုအားအကောင်းဆုံး သဘာဝဝန်းကျင်များဖြစ်ကြပါသည်။ ၎င်းတို့သည် ဇီဝမျိုးစုံမျိုးကွဲများပေါက်ဖွားရာ၊ ရေရရှိရာနှင့် ၎င်းတို့ကြောင့် အသက်ရှင်နေကြသည့် မရေတွက်နိုင်သောအပင်နှင့် သတ္တဝါမျိုးစိတ်များ မူရင်းဖြစ်ထွန်းရာ နေရာများဖြစ်ပါသည်။ ၎င်းမှ အပင်နှင့်သတ္တဝါ အများအပြားသည် စိုစွတ်သည့်နေရာများတွင် အဆင်ပြေပြေ နေထိုင်နိုင်ကြပါသည်။ သည်းထန်သည့်မိုးရေကို ရေတိမ်ဒေသများက စုပ်ယူပြီး ရေကို ဖြည်းဖြည်းချင်း လွှတ်ထုတ်သဖြင့် ရေကြီးမှုကိုလျော့နည်းစေပြီး မိုးရွာသွန်းမှုနည်းပါးသော ကာလများတွင် ချောင်းအောက်ပိုင်းရေစီးဆင်းမှုများနှင့် မြေအောက်ရေ အနိမ့်အမြင့်ကို ထိန်းထားပါသည်။ ကမ်းရိုးတန်းနှင့် မြစ်ကမ်းပါးများကို တည်ငြိမ်စေပါသည်။ ရေတိမ်ဒေသများသို့ စီးဝင်လာသည့်ရေကို အရှိန်လျော့နည်းစေကာ ပါလာသည့် အနည်များ ထိုင်စေပါသည်။ အပင်မျက်နှာပြင်များသည် အစစ်အဖြစ်ဆောင်ရွက်ပေးခြင်း၊ အစိုင်အခဲများကို စုပ်ယူခြင်းတို့ကြောင့် ရေတွင် အောက်ဆီဂျင် ပိုမိုများပြားစေပါသည်။ မူလပေါက်ရောက်နေသည့်အပင်များက အာဟာရဓာတ်များကို ဖယ်ရှားပစ်ပါသည်။ ၎င်း ရေတိမ်ဒေသများ၏ သန့်စင်ပေးမှုကြောင့် ချောင်းအောက်ခြေ၏ သဘာဝဝန်းကျင်ကို ကာကွယ်မှုပေးပါသည်။

ရေတိမ်ဒေသများသည် ခရီးသွားများလှေလှော်ရန်၊ ငါးမျှားရန်၊ ရေကူးရန်၊ ငှက်ကြည့်ရန်၊ နားနေရန်နှင့် အမဲလိုက်ရန်စသည့် အပန်းဖြေလှုပ်ရှားမှုများ ကျယ်ကျယ်ပြန့်ပြန့် ပေးနိုင်ပါသည်။ ခရီးသွားဧည့်သည်များအား သတ္တဝါမျိုးစုံ၊ အရေအတွက် များစွာတို့ဖြင့် ဆွဲဆောင်မှုပေးနေကြပါသည်။ ရေတိမ်ဒေသ အပင်မျိုးစိတ်များတွင် ကျူ ၄၇ မျိုးနှင့် ဒေသရင်းမြက်မုန်ညင်း ၇၂ မျိုး ပါဝင်ကြပါသည်။ အဆိုပါ အပင်မျိုးများသည် သဘာဝဝန်းကျင်ဆိုင်ရာ သီးသန့်လိုအပ်မှုများရှိနေကြပြီး သဘာဝကြောင့် ပြောင်းလဲမှုဒဏ်ကို ခုခံနိုင်စွမ်း နည်းပါးကြပါသည်။

မြန်မာနိုင်ငံသည် ရမ်ဆာရေတိမ်ဒေသများကွန်ဗင်းရှင်း၏ အဖွဲ့ဝင်နိုင်ငံအဖြစ် ၂၀၀၅ ခုနှစ် မတ် ၁၇ ရက်က လက်မှတ်ရေးထိုးခဲ့ပါသည်။ ကွန်ဗင်းရှင်း၏ မူလရည်ရွယ်ချက်မှာ ရေဝေရေလဲများ၏ မူရင်းဒေသဖြစ်သည့် ရေတိမ်ဒေသများအား ရေရှည်ထိန်းသိမ်းရန်နှင့် အသုံးချရန်ဖြစ်ပါသည်။ ယခုအခါရည်ရွယ်ချက်မှာ ပိုမိုကျယ်ဝန်းလာပြီး ရေတိမ်ဒေသများကို ဇီဝမျိုးစုံမျိုးကွဲများ ထိန်းသိမ်းရန် အရေးကြီးသည့် ဂေဟစနစ်များအဖြစ် စုစုစည်းစည်းကာကွယ်မှုပေးရန် ကွန်ဗင်းရှင်းက သတ်မှတ်ထားပါသည်။

ရမ်ဆာရေတိမ်ဒေသများ ကွန်ဗင်းရှင်းနှင့် လုပ်ငန်းပူးပေါင်းဆောင်ရွက်နေသည့် အဖွဲ့များ၏ ဒေသ ၁၆၀ ရှိပါသည်။ ကမ္ဘာတွင် ရေတိမ်ဒေသပေါင်း ၁၉၇၀ ကို သတ်မှတ်ထားရှိပြီး ဧရိယာမှာ ဟက်တာ ၁၉၀ ဒသမ ၇ သန်းခန့်ရှိပါသည်။ မြန်မာနိုင်ငံတွင် ၂၀၀၅ ခုနှစ် ဩဂုတ်လကုန်အထိ ရေတိမ်ဒေသအဖြစ် မိုးယွန်းကြီး အင်းဘေးမဲ့တောကို ရေတိမ်ဒေသတစ်ခုအဖြစ် အရေးကြီးသည့် ငှက်ဧရိယာအဖွဲ့နှင့် ရမ်ဆာကွန်ဗင်းရှင်းက သတ်မှတ်ခဲ့ပါသည်။ မိုးယွန်းကြီးအင်း၏ ရေပြင်ဧရိယာမှာ ၂၅၆ ဟက်တာကျယ်ဝန်းပါသည်။ ရန်ကုန်မှမိုင် ၇၀ ခန့်ကွာဝေးပြီး ပဲခူးမြို့နယ်နှင့် ဝေါမြို့နယ်များအတွင်းတွင် တည်ရှိပါသည်။ မူလက ရေလှောင်တမံဖြစ်ပြီး သဘာဝအင်းအဖြစ် ပြောင်းလဲခဲ့ပြီးနောက် ၁၉၈၈ ခုနှစ် ဧပြီ ၂ ရက်က ဘေးမဲ့တောအဖြစ် သတ်မှတ်ကြေညာခဲ့ပါသည်။ ရေနေပင် ၄၉ မျိုး၊ ရေပျော်ငှက် ၁၂၅ မျိုး၊ ငါးမျိုးစိတ် ၄၆ မျိုး၊ ဖားမျိုးစိတ် ရှစ်မျိုး၊ မြွေမျိုးစိတ် ၁၅ မျိုး၊ လိပ်မျိုးစိတ် နှစ်မျိုး၊ ကင်းလိပ်ကျွောနှင့်ပုတ်သင်ညိုမျိုးစိတ် ငါးမျိုးနှင့် လိပ်ပြာမျိုးစိတ် ၃၃ မျိုးတို့ကို လက်ရှိ မှတ်တမ်းတင်ထားရှိပါသည်။

မြန်မာနိုင်ငံတွင် အရေးပါသည့် ငှက်ဧရိယာများနှင့် ရမ်ဆာရေတိမ်ဒေသများ သတ်မှတ်ရန်အလားအလာရှိသည့်ဒေသများ စုစုပေါင်း ၃၄ ခုသတ်မှတ်ထားပြီး ဟက်တာ လေးသန်းခန့်ကျယ်ဝန်းပါသည်။ ကချင်ပြည်နယ်တွင် ခါကာဘိုရာဇီ အမျိုးသားဥယျာဉ်၊ ဖုန်ကန်ရာဇီတောရိုင်းတိရစ္ဆာန်ဘေးမဲ့တော၊ ဘန်ပါဘန်ဘေးမဲ့တော၊ တနိုင်းမြစ်၊ ဟူးကောင်းချိုင့်ဝှမ်း တောရိုင်းတိရစ္ဆာန်ဘေးမဲ့တော၊ ကာမိုင်း၊ အထက်မိုးကောင်းချောင်းဒေသ၊ အင်းတော်ကြီးကန်၊ ဧရာဝတီမြစ် မြစ်ကြီးနားဆင်ဘိုဒေသ၊ မြစ်ကြီးနား-နမ့်ဒီဘက်-တလဝါကြီး၊ နမ့်ဆန်ချောင်း၊ ဧရာဝတီမြစ် ဗန်းမော်-ရွှေကူဒေသ၊ စစ်ကိုင်းတိုင်းဒေသကြီးတွင် ထမံသီတောရိုင်းတိရစ္ဆာန်ဘေးမဲ့တော၊ ဥရုမြစ်၊ ဧရာဝတီမြစ် မိုးတားဒေသ၊ ချပ်သင်းဘေးမဲ့တော၊ မဟာနန္ဒာကန်၊ မန္တလေးတိုင်းဒေသကြီး ဧရာဝတီမြစ် စဉ့်ကူးဒေသ၊ ရေမျက်ကြီးအင်း၊ နဒီကန်၊ ဧရာဝတီမြစ် ပုဂံဒေသ၊ တောင်ကန်-ဆည်တော်ကြီး၊ ပုလိပ်အင်း၊ မြစ်သားကန်၊ ညောင်ရမ်း မင်းလှကန်၊ ချောင်းမကြီးဆည်၊ ရှမ်းပြည်နယ် အင်းလေးကန်၊ မကွေးတိုင်းဒေသကြီး ဆင်ဖြူကျွန်း-မင်းဘူးဒေသ၊ ဧရာဝတီတိုင်းဒေသကြီး ဧရာဝတီမြစ်ဝကျွန်းပေါ်၊ ငဝန်မြစ်၊ တနင်္သာရီတိုင်းဒေသကြီး လေညာအမျိုးသားဥယျာဉ်၊ ပါချန်ကြိုးဝိုင်း၊ ကရသူရိဒေသတို့ပါဝင်ကြပါသည်။ ဖော်ပြပါ တိုင်းဒေသကြီးများနှင့် ပြည်နယ်များတွင် ကမ္ဘာလုံးဆိုင်ရာ မျိုးသုဉ်းရန် အန္တရာယ်ရှိနေသည့် ငှက် ၁၅မျိုး နေထိုင်ကျက်စားလျက်ရှိကြပါသည်။ ယင်းငှက်မျိုးများ၏ မြန်မာအမည်များမှာ ငှက်ကြီးဝန်ပို၊ ငဟစ်ဝမ်းဖြူ၊ ငှက်ကျား၊ ဒုံးမြီးကွက်၊ မန်ဒါလီ၊ ပို့ချက်ဘဲ၊ ချိုးသိမ်း၊ သိမ်း၊ ကြိုးကြာခေါင်းနီ၊ ရေဗလုံ၊ စနိုက်၊ ရေညှောင့်ကောင်နှုတ်သီးဝိုင်း၊ စကင်းမား၊ ပိန်ညှင်းငှက်၊ ဘွတ်ကလုံတို့ဖြစ်ကြသည်။

မြန်မာနိုင်ငံတွင် သဘာဝအခြေခံခရီးသွားလုပ်ငန်းများအတွက် စိတ်ဝင်စားစရာအကောင်းဆုံးဒေသ ၂၁ ခုသတ်မှတ်ဖော်ထုတ်ထားရာ ယင်းတို့တွင် ရေတိမ်ဒေသ သတ်မှတ်ရန်အလားအလာရှိသည့် အမျိုးသားဥယျာဉ်များ၊ တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောများ အများအပြား ပါဝင်နေကြပါသည်။ ဂေဟစနစ်၏သဘာဝနှင့် ရေတိမ်ဒေသများ၏ အလှအပတို့ ရေရှည်တည်တံ့စေပြီး ကမ္ဘာလှည့်ခရီးသွားများ အပါအဝင် မြန်မာပြည်သူများ လေ့လာခံစားနိုင်ရန်အတွက် အဆိုပါဒေသများကို ထိန်းသိမ်းရန် အထူးလိုအပ်လှပါသည်။ ရေတိမ်ဒေသများ၏ ရေရှည်တည်တံ့မှုမှာ လူသားတို့ကြောင့်သာမက ယခုအခါ ရာသီဥတုပြောင်းလဲမှု၏ အကျိုးဆက်ကြောင့် အာမခံချက် နည်းပါးလာကြောင်း တွေ့မြင်နေကြရပြီ ဖြစ်သည်။ ရေတိမ်ဒေသများကို ထိန်းသိမ်းခြင်းဖြင့် ရရှိမည့် အကျိုးကျေးဇူးနှင့်ဝင်ငွေတို့မှာ နိုင်ငံအတွက် ဂုဏ်ယူစရာဖြစ်သကဲ့သို့ တွက်ချက်၍ မရနိုင်သည့် တင့်မောမှုဆိုင်ရာတန်ဖိုးများကိုလည်း အလေးထားသင့်ကြပေသည်။

ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနသည် အပြည်ပြည်ဆိုင်ရာ သဘာဝသယံဇာတထိန်းသိမ်းရေးအဖွဲ့ (International Union For Conservation of Nature)၊ တောရိုင်းတိရစ္ဆာန်များ ထိန်းသိမ်းရေးအဖွဲ့ (Wildlife Conservation Society)၊ စမစ်ဆိုးနီးယန်းအဖွဲ့ (Smithsonian Institute )၊ Birdlife International စသည့်အစိုးရမဟုတ်သော အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများနှင့်ပူးပေါင်းပြီး ရေတိမ်ဒေသများအပါအဝင် ဇီဝမျိုးစုံ မျိုးကွဲများကို စီမံကိန်းများဆောင်ရွက်ပြီး ထိန်းသိမ်းလျက်ရှိပါသည်။ ၎င်းအပြင် သစ်တောသယံဇာတ ပတ်ဝန်းကျင်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ထိန်းသိမ်းရေးအသင်း၊ ဇီဝမျိုးစုံမျိုးကွဲ ထိန်းသိမ်းရေးအသင်း စသည့် ပြည်တွင်းရှိ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ ရွှေပြည်အေး ခရီးသွားကုမ္ပဏီလီမိတက်တို့နှင့် ပူးပေါင်းပြီး ရေတိမ်ဒေသများနှင့် ယင်းဒေသများရှိ ဇီဝမျိုးစုံမျိုးကွဲများ ရေရှည်တည်တံ့ရေးအတွက် အဓိကလိုအပ်ချက်ဖြစ်သည့် ဝန်ထမ်းများနှင့် ဒေသခံများအား အသိပညာပြန့်ပွားရေး၊ မျိုးစိတ်သစ်များ ဖော်ထုတ်ရေးနှင့် မျိုးသုဉ်းရန်အန္တရာယ်ရှိသည့် ဇီဝမျိုးစုံမျိုးကွဲများ ထိန်းသိမ်းရေး လုပ်ငန်းများကို ဦးစားပေးဆောင်ရွက်လျက်ရှိပါသည်။ ယနေ့ ဖေဖော်ဝါရီ ၂ ရက်တွင် Birdlife International နှင့်ပူးပေါင်း၍ နေပြည်တော်၌ ကမ္ဘာ့ရေတိမ်ဒေသများနေ့ အထိမ်းအမှတ်အခမ်းအနားနှင့် မုတ္တမပင်လယ်ကွေ့အား ရမ်ဆာရေတိမ်ဒေသတစ်ခုအဖြစ် သတ်မှတ်ရေးအတွက် ကြိုးပမ်းသည့် အလုပ်ရုံဆွေးနွေးပွဲကို တစ်ပြိုင်တည်း ကျင်းပလျက်ရှိပါသည်။

ကမ္ဘာ့ရေတိမ်ဒေသများ ရေရှည်တည်တံ့ရေးအတွက် ရေတိမ်ဒေသ ရေနေဧရိယာ၏ ပတ်ပတ်လည်ဒေသများကို တတ်နိုင်သမျှ နေရာကျယ်ကျယ်ထားရှိရန် လိုအပ်ပါသည်။ ရေအရည်အသွေး ကောင်းမွန်စေရေးအတွက် ရေတိမ်ဒေသရှိ မြေဧရိယာများကို စနစ်တကျ စီမံခန့်ခွဲမှု ပြုသင့်ပါသည်။ မြေကိုတည်ငြိမ်စေပြီး ရေထဲသို့ အစာအာဟာရများ တိုက်ရိုက်စီးဆင်းမှုကို တားဆီးရန်နှင့် ငှက်နှင့်တိရစ္ဆာန်များအတွက် အသိုက်နှင့်အစားအစာ၊ အမိုးအကာများရရှိစေရေးအတွက် ရေတိမ်ဒေသဝန်းကျင်တွင် သင့်တော်သည့်သစ်ပင်များ စိုက်ပျိုးပေးပြီး သဘာဝကျစေရေး ဖန်တီးရမည်ဖြစ်ပါသည်။ ရေတိမ်ဒေသရှိ သဘာဝပေါက်ရောက်ပင်များ ရှင်သန်မှုကို အထောက်အကူပြုရန်နှင့် အခြားဒေသမှရောက်ရှိလာနိုင်သည့် ပေါင်းများအန္တရာယ်မှ ကာကွယ်ရန် ရေအနိမ့်-အမြင့်ကို ထိန်းသိမ်းပေးရန်လိုအပ်ပါသည်။ အပန်းဖြေရေးဆိုင်ရာ လုပ်ငန်းအတွက် ရေလမ်းကြောင်းသုံးစွဲသူများသည် ရေကြောင်းဆိုင်ရာ သတ်မှတ်စည်းမျဉ်းစည်းကမ်းများအတိုင်း လိုက်နာဆောင်ရွက်သွားကြခြင်းဖြင့် ရေတိမ်ဒေသများကို ကူညီထိန်းသိမ်းပေးရာရောက်ပါကြောင်း တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အစိုးရအဖွဲ့သစ်လက်ထက် ဖွင့်လှစ်ခဲ့သော တံတားများ

## မမြချောင်းတံတား

* ဟသ်ာတ-ဆုံကုန်း-မြန်အောင်လမ်းပေါ်ရှိ မမြချောင်းတံတားကို ၂၀၀၉ ခုနှစ် ဇန်နဝါရီ ၁ ရက်တွင် စတင်အကောင်အထည်ဖော်ခဲ့ပြီး ၂၀၁၁ ခုနှစ် ဧပြီ ၂၈ ရက်တွင် ဖွင့်လှစ်ခဲ့သည်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရအဖွဲ့သစ်လက်ထက်တွင် ပထမဆုံးဖွင့်လှစ်ခဲ့သော ပေ ၁၈၀ နှင့်အထက် တံတားဖြစ်သည်။ သံကူကွန်ကရစ် လွန်တူးပိုင်အုတ်မြစ်အမျိုးအစားဖြစ်ပြီး အောက်ထည်နှင့် အပေါ်ထည်ကို သံကူကွန်ကရစ်နှင့် တည်ဆောက်ထားသည်။ တံတားအောက် ရေလမ်းကင်းလွတ်နယ် အကျယ် ၅၈ ပေ၊ အမြင့်သုံးပေရှိသည်။ တံတားအရှည်ပေ ၁၉၀၊ ယာဉ်သွားလမ်းအကျယ် ၂၄ ပေ၊ ယာဉ်နှစ်လမ်းသွားနှင့် လူသွားလမ်းအကျယ် တစ်ဖက်လျှင်သုံးပေစီပါရှိကာ ယာဉ်တစ်စီးချင်းခွင့်ပြုအလေးချိန်မှာ(ယာဉ်+ကုန်) တန် ၆၀ ဖြစ်သည်။
* ဤတံတားကြီး ဖွင့်လှစ်ပေးလိုက်သည့်အတွက် ဧရာဝတီတိုင်းဒေသကြီးမှထွက်ရှိသည့် ရေထွက်ပစ္စည်းနှင့် ဆန်စပါးများကို မြန်မာပြည် အရှေ့မှ အနောက်၊ တောင်မှ မြောက်သို့ လမ်းကွန်ရက်သဖွယ် ဆက်သွယ်ဖောက်လုပ်ထားသည့် လမ်းများမှတစ်ဆင့် နိုင်ငံတစ်ဝန်းသို့ ပိုမိုမြန်ဆန်စွာ ပို့ဆောင်နိုင်မည်ဖြစ်သည်။ ဧရာဝတီတိုင်းဒေသကြီး ဟသ်ာတခရိုင် အင်္ဂပူမြို့နယ် ဟသ်ာတ-ဆုံကုန်း-မြန်အောင်လမ်း ဝန်းကျင်ရှိ ဒေသခံပြည်သူများ၏ လူမှုရေး၊ ကျန်းမာရေး၊ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုအတွက် အထောက်အကူပြုသည်။

## မြို့ချောင်းတံတား

* မြို့ချောင်းတံတားကို ၂၀၁၀ ခုနှစ် ဇူလိုင် ၂၇ ရက်တွင် စတင်ဖောက်လုပ်ပြီး ၂၀၁၁ ခုနှစ် ဇူလိုင် ၂၃ ရက်က ဖွင့်လှစ်ခဲ့သည်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရအဖွဲ့သစ်လက်ထက်တွင် လေးစင်းမြောက် ပေ ၁၈၀ နှင့်အထက် တံတားဖြစ်သည်။ အပေါ်ထည် သံပေါင်ရက်မ၊ အောက်ထည် သံကူကွန်ကရစ်နှင့် အုတ်မြစ်ကို သံကူကွန်ကရစ် လွန်တူးဘိုးပိုင်တို့ဖြင့် တည်ဆောက်ထားပြီး စုစုပေါင်းတံတား အရှည်ပေ ၂၇၀၊ ယာဉ်သွားလမ်းအကျယ် ၂၄ ပေ၊ ယာဉ်နှစ်လမ်းသွားနှင့် လူသွားလမ်းတစ်ဖက်လျှင် သုံးပေစီပါရှိပြီး ယာဉ်တစ်စီးချင်း ခွင့်ပြုအလေးချိန် (ယာဉ်+ကုန်)မှာ စုစုပေါင်း ၇၅ တန်ဖြစ်သည်။
* ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ် မင်းလှ-စိန်ကန့်လန့်-မြို့ချောင်း-ကျွန်းကုန်းလမ်းပေါ်တွင် တည်ရှိပြီး ပဲခူးတိုင်းဒေသကြီး(အရှေ့ခြမ်း)နှင့် (အနောက်ခြမ်း)ကို ဆက်သွယ်ဖောက်လုပ်ထားသည့် ရိုးမဖြတ်ကျော်လမ်း ခုနစ်လမ်းအနက် ဒုတိယမြောက်လမ်းအဖြစ်ပါဝင်၍ လမ်းပန်းဆက်သွယ်မှု လွယ်ကူချောမွေ့လာသည်။
* ဤတံတားကြီး ဖွင့်လှစ်ပေးသည့်အတွက် ပဲခူးတိုင်းဒေသကြီးမှ ထွက်ရှိသည့် ဆန်စပါးနှင့် ဒေသထွက်ကုန်များကို မြန်မာပြည်အရှေ့မှ အနောက်၊ တောင်မှ မြောက်သို့ ကွန်ရက်သဖွယ်ယှက်သွယ်ဖောက်လုပ်ထားသည့် လမ်းများမှတစ်ဆင့် နိုင်ငံတစ်ဝန်းလုံးသို့ ပိုမိုမြန်ဆန်စွာ ပို့ဆောင်နိုင်မည်ဖြစ်သည်။ ဒေသခံပြည်သူများအတွက် စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေးနှင့် ပညာရေးကဏ္ဍများလည်း အဘက်ဘက်က ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သည်။

## နန့်ခွင်ချောင်းတံတား

* နန့်ခွင်ချောင်းတံတားသည် ကချင်ပြည်နယ် မိုးညှင်းခရိုင် ဟိုပင်မြို့နယ် ရွှေဘို-မြစ်ကြီးနားလမ်း မိုင်တိုင်အမှတ် (၂၁၄/၂၁၅)၌ တည်ရှိပြီး ၂၀၁၁ ခုနှစ် မေ ၂၁ ရက်တွင် ဖွင့်လှစ်ခဲ့သည်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရအဖွဲ့သစ်လက်ထက်တွင် နှစ်စင်းမြောက် ဖွင့်လှစ်ခဲ့သော ပေ ၁၈၀ နှင့်အထက် တံတားဖြစ်သည်။ သံကူကွန်ကရစ် ရေတွင်းခွေအမျိုးအစားဖြစ်သည်။ တံတားအရှည်ပေ ၃၅၀၊ ယာဉ်သွားလမ်းအကျယ် ၂၄ ပေ၊ ယာဉ်နှစ်လမ်းသွားနှင့် လူသွားလမ်း တစ်ဖက်လျှင် သုံးပေစီပါရှိပြီး ယာဉ်တစ်စီးချင်း ခွင့်ပြုအလေးချိန်မှာ တန် ၆၀ ဖြစ်သည်။
* ဤတံတားကြီး ဖွင့်လှစ်ပေးလိုက်သည့်အတွက် ကချင်ပြည်နယ်မှ ထွက်ရှိသော သဘာဝသယံဇာတပစ္စည်းများ၊ ဆန်စပါး၊ ကောက်ပဲသီးနှံများကို တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးသို့ အရှေ့မှ အနောက်၊ တောင်မှမြောက်သို့ ကွန်ရက်သဖွယ် ဆက်သွယ်ဖောက်လုပ်ထားသော လမ်းများမှတစ်ဆင့် နိုင်ငံတစ်ဝန်းလုံးသို့ ပိုမိုမြန်ဆန်စွာ သယ်ယူပို့ဆောင်နိုင်မည်ဖြစ်ပြီး ဒေသခံပြည်သူများအတွက် အကျိုးများစွာဖြစ်ထွန်းသည်။

## အောက်နက်ချောင်းတံတား

* အောက်နက်ချောင်းတံတားကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အစိုးရအဖွဲ့သစ်လက်ထက် ၂၀၁၁ ခုနှစ် ဇွန် ၂၅ ရက်တွင် ဖွင့်လှစ်ခဲ့သည်။ သုံးစင်းမြောက် ဖွင့်လှစ်ခဲ့သော ပေ ၁၈၀ နှင့်အထက် တံတားဖြစ်သည်။ သံကူကွန်ကရစ် လွန်တူးဘိုးပိုင် အုတ်မြစ်အမျိုးအစားဖြစ်ပြီး အောက်ထည်ကို သံကူကွန်ကရစ်၊ အပေါ်ထည်ကို နှစ်လွှာတစ်ထပ်ဘေလီသံပေါင်နှင့် သစ်သားကြမ်းခင်းတို့ဖြင့် တည်ဆောက်ထားပြီး တံတားအရှည် ၄၆၆ ပေ၊ ယာဉ်သွားလမ်းအကျယ် ၁၃ ပေခွဲရှိကာ ယာဉ်တစ်စီးချင်း ခွင့်ပြုအလေးချိန်မှာ (ယာဉ်+ ကုန်) ၁၃ တန်ဖြစ်သည်။
* ယခင်က ဘိုကလေးမှ အမာသို့ သွားမည်ဆိုလျှင် ဖျာပုံ-ကျုံကဒွန်း-ဒေါ်ငြိမ်း-အမာလမ်းမှတစ်ဆင့်သွားရပြီး ယခုဤလမ်းကသွားလျှင် ခရီးမိုင် ၃၂ မိုင် ၅ ဖာလုံ တိုတောင်းသွား၍ အချိန်ကုန်၊ ငွေကုန်သက်သာလာသည်။
* ဤတံတားကြီး ဖွင့်လှစ်ပေးလိုက်သည့်အတွက် ဧရာဝတီတိုင်းဒေသကြီးမှ ထွက်ရှိသော ရေထွက်ပစ္စည်းနှင့် ဆန်စပါးများကို တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးသို့ မြန်မာပြည်အရှေ့မှ အနောက်၊ တောင်မှမြောက်သို့ လမ်းကွန်ရက်သဖွယ် ဆက်သွယ်ဖောက်လုပ်ထားသည့် လမ်းများမှတစ်ဆင့် နိုင်ငံတစ်ဝန်းလုံးသို့ ပိုမိုမြန်ဆန်စွာ သယ်ယူပို့ဆောင်နိုင်တော့မည်ဖြစ်သည်။

# လူနာများ၏အရေးသည် မိမိ၏အရေးဟု ယူဆနေရုံနှင့်မရ

## မိမိတို့ဆောင်ရွက်ရမည့် လုပ်ငန်းအတိုင်းအတာကို စေတနာဖြင့်ဆောင်ရွက်

**နေပြည်တော် ဇန်နဝါရီ ၃၁**

နိုင်ငံတော်၏ ပြောင်းလဲတိုးတက်မှု အခြေအနေများနှင့် ကျန်းမာရေးဝန်ကြီးဌာန၏ လုပ်ငန်းတိုးတက်မှု အခြေအနေများကို ဝန်ထမ်းအားလုံး အဆင့်အလိုက် သဘောပေါက်နားလည်သိရှိထားကြရန် လိုအပ်ကြောင်း၊ တိုးတက်ဖြစ်ပေါ်ပြောင်းလဲမှု မြန်မြန်ဆန်ဆန်ရှိသည့် အခြေအနေများကို မျက်ခြည်မပြတ်စေရန်နှင့် ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် ပြောင်းလဲသင့်သည့် ကိစ္စရပ်များအား ပြောင်းလဲပြီး ဆက်လက်ထိန်းသိမ်းသင့်သည့် ကိစ္စရပ်များကို ဆက်လက်ထိန်းသိမ်း ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

နိုင်ငံတကာအဖွဲ့အစည်း အသီးသီးနှင့် လုပ်ငန်းဆောင်ရွက်ရာတွင် ပွင့်ပွင့်လင်းလင်း ညှိနှိုင်းဆွေးနွေး၍ မျက်ခြည်မပြတ် စောင့်ကြပ်ကြည့်ရှုကြရန်လိုအပ်ကြောင်း၊ အခြားဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များနှင့် လုပ်ငန်းဆောင်ရွက်ရာတွင် မိမိတို့ဌာန၏ ရည်ရွယ်ချက်၊ လုပ်ငန်းစဉ်များကို အခြေခံကျကျ ပြည့်ပြည့်စုံစုံ သိရှိနားလည်တတ်ကျွမ်းအောင် ဆောင်ရွက်ထားရှိကြစေလိုကြောင်း၊ သို့မှသာ မှန်ကန်တိကျစွာ ပြောဆိုညှိနှိုင်းဆွေးနွေး ဆောင်ရွက်သွားနိုင်ကြမည်ဖြစ်ကြောင်း။

ဝန်ထမ်းအချင်းချင်း ဌာနတွင်းစည်းလုံးညီညွတ်မှုကို တည်ဆောက်ထားရှိစေလိုကြောင်း၊ တစ်ဦးနှင့်တစ်ဦးပြေပြေပြစ်ပြစ်ပြောဆိုဆက်ဆံဆောင်ရွက်ကြရန် လိုအပ်ကြောင်း၊ ဌာနအကျိုးကို ထိခိုက်စေသည့်၊ ဝန်ထမ်းအချင်းချင်း အထင်အမြင်လွဲမှားနိုင်သည့်ကိစ္စများကို ရှောင်ကြဉ်ကြစေလိုကြောင်း၊ ဝန်ထမ်းများသည် ဝန်ထမ်းစည်းကမ်းစည်းမျဉ်းနှင့်အညီ တာဝန်ထမ်းရွက်ကြရမည်ဖြစ်ကြောင်း၊ လူနာ၏အရေးသည် မိမိ၏အရေးဟု ယူဆနေရုံနှင့်မရ၊ မိမိတို့ ဆောင်ရွက်ပေးရမည့် လုပ်ငန်းအတိုင်းအတာကို စေတနာဖြင့် ဆောင်ရွက်ပေးကြစေလိုကြောင်း။

**အမှာစကားပြောကြား**

ဝန်ထမ်းများသည် နိုင်ငံရေးကင်းရှင်းပြီး အပြောအဆို၊ အနေအထိုင်ထိန်းသိမ်းကြရမည်ဖြစ်ကြောင်း၊ မိမိတို့၏ဌာနအလိုက် လုံခြုံရေးဆိုင်ရာကိစ္စရပ်များကို ဂရုစိုက်ဆောင်ရွက်ရန် အရေးကြီးကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဦးစီးဌာနများအနေဖြင့် ငြိမ်းချမ်းရေးဒေသများတွင် အများအကျိုးအတွက် ကျန်းမာရေးလုပ်ငန်းများကို အကျိုးရှိရှိ မြင်သာထင်သာရှိအောင် ဆောင်ရွက်သွားကြရန် တိုက်တွန်းမှာကြားလိုကြောင်းဖြင့် ယနေ့နံနက် ၈ နာရီခွဲတွင် နေပြည်တော်ရှိ ကျန်းမာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပသည့် ကျန်းမာရေးဝန်ကြီးဌာန လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင်က အဖွင့်အမှာစကား ပြောကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီး ဒေါက်တာဒေါ်မြတ်မြတ်အုန်းခင်က ဆေးတက္ကသိုလ်များနှင့် နှီးနွှယ်တက္ကသိုလ်များမှ ပါမောက္ခချုပ်များက ဆရာဝန်များ၊ သူနာပြုများ၊ ဆေးဘက်ဆိုင်ရာကျွမ်းကျင်သူများအား အရည်အသွေးပြည့်ဝသူများ ဖြစ်စေရန်နှင့် အရေအတွက်ပြည့်မီအောင် ရင်နှစ်သားပမာ လေ့ကျင့်မွေးထုတ်ပေးကြရန်လိုအပ်ကြောင်း၊ ကျေးလက်ဒေသအောက်ခြေအထိ ပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှု ထိရောက်မှုရှိစေရေး ဆောင်ရွက်ပေးသွားကြရန် လိုအပ်ကြောင်းဖြင့် ပြောကြားသည်။

**ရှင်းလင်းတင်ပြ**

ယင်းနောက် ကျန်းမာရေးဦးစီးဌာန၊ ဆေးသိပ္ပံပညာဦးစီးဌာန၊ တိုင်းရင်းဆေးပညာဦးစီးဌာန၊ ဆေးသုတေသနဦးစီးဌာန (မြန်မာပြည်အလယ်ပိုင်း)၊ (အထက်မြန်မာပြည်) နှင့် (အောက်မြန်မာပြည်)၊ ကျန်းမာရေး စီမံကိန်းဦးစီးဌာနတို့မှ ညွှန်ကြားရေးမှူးချုပ်များက ဦးစီးဌာနအလိုက် လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကိုလည်းကောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ကျန်းမာရေးဦးစီးဌာနမှူးများက မိမိတို့တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် လုပ်ငန်းဆောင်ရွက်ချက်များ၊ ဆေးတက္ကသိုလ်များနှင့် နှီးနွှယ်တက္ကသိုလ်များမှ ပါမောက္ခချုပ်များက တက္ကသိုလ်အလိုက်၊ ဆေးရုံအုပ်ကြီးများက ဆေးရုံအလိုက် လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကိုလည်းကောင်း ရှင်းလင်းတင်ပြကြပြီး သဘာပတိ ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

**အစည်းအဝေးကျင်းပ**

**ကျန်းမာရေးဝန်ကြီးဌာန လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပစဉ်။** (သတင်းစဉ်)

# ရေကြောင်းသတိပေးချက် ထုတ်ပြန်

**ရန်ကုန် ဇန်နဝါရီ ၃၁**

မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် ရေနံရှာဖွေတူးဖော်ရေးလုပ်ငန်းများ၌ အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသော PTTEP International Limited သည် မုတ္တမကမ်းလွန်လုပ်ကွက်အမှတ် M-3 နှင့် M-9 တို့တွင် Geophysical Site Investigation (GSI) Survey လုပ်ငန်းများကို တိုင်းတာရေးရေယာဉ် MV- GENESIS (Call Sign: V3ZU4)ဖြင့် မုတ္တမကမ်းလွန်လုပ်ကွက်အမှတ် Block M-3 ၏ တည်နေရာဧရိယာဖြစ်သော Point A မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၃၀ မိနစ်(၃၁ ဒသမ ၂၀)စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၁၁ မိနစ် (၄၄ ဒသမ ၉၅) စက္ကန့်၊ Point B မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၃၀ မိနစ် (၃၃ ဒသမ ၀၂)စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၂၀ မိနစ် (၅၇ ဒသမ ၀၈) စက္ကန့်၊ Point C မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၂၃ မိနစ် (၅၇ ဒသမ ၆၀) စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၂၀ မိနစ် (၅၈ ဒသမ ၃၂) စက္ကန့်၊ Point D မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၂၃ မိနစ် (၅၅ ဒသမ ၇၉)စက္ကန့်နှင့် အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၁၁ မိနစ် (၄၆ ဒသမ ၄၈) စက္ကန့်၊ မုတ္တမကမ်းလွန် လုပ်ကွက်အမှတ် Block M-9 (Zawtika Project)၏ တည်နေရာ ဧရိယာဖြစ်သော Point A မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၂၅ မိနစ်(၅၆ ဒသမ ၇၇) စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၄၆ မိနစ် (၀၈ ဒသမ ၈၅) စက္ကန့်၊ Point B မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၂၅ မိနစ် (၅၇ ဒသမ ၁၃) စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၀၄ မိနစ် (၅၇ ဒသမ ၂၆) စက္ကန့်၊ Point C မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၀၀ မိနစ်(၀၉ ဒသမ ၅၁)စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၀၄ မိနစ် (၅၆ ဒသမ ၇၀) စက္ကန့်၊ Point D မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၀၀ မိနစ်(၀၉ ဒသမ ၁၇)စက္ကန့်နှင့် အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၄၆ မိနစ် (၁၀ ဒသမ ၄၂) စက္ကန့်တို့အတွင်း၌ ၂၀၁၂ ခုနှစ် ဖေဖော်ဝါရီ ၉ ရက်မှ မတ် ၉ ရက်အထိ ဆောင်ရွက်သွားမည်ဖြစ်သည်။

သို့ဖြစ်၍ အထက်ဖော်ပြပါ လုပ်ငန်းခွင်ဧရိယာမှ ၄ ကီလိုမီတာ ပတ်လည်အတွင်း သင်္ဘောကြီးငယ်များ၊ ကုန်တင်စက်လှေများ၊ ငါးဖမ်းသင်္ဘောများ၊ စက်တပ်သမ္ဗန်များ ဖြတ်သန်းသွားလာခြင်းနှင့် ကျောက်ချရပ်နားခြင်း၊ ငါးဖမ်းခြင်း၊ ငါးဖမ်းကိရိယာများချထားခြင်းများ မပြုလုပ်ကြရန် သက်ဆိုင်ရာက သတိပေးချက်ထုတ်ပြန်ထားကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

# နာဂဒေသ ရေရှည်စီးပွားရေးအတွက် ဖာလာနှင့် ရော်ဘာအပါအဝင် မျိုးကောင်းမျိုးသန့် နှစ်ရှည်သီးနှံများစိုက်ပျိုးနိုင်ရေး ထောက်ပံ့ကူညီ

**နေပြည်တော် ဇန်နဝါရီ ၃၁**

နာဂဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက အကောင်အထည်ဖော်ရေး ညှိနှိုင်းအစည်းအဝေးကို ယမန်နေ့ မွန်းလွဲ ၁ နာရီတွင် အဆိုပါဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအုန်းသန်းက နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသသည် ဒေသဝမ်းစာ ဖူလုံမှုမရှိသေးသည့် ဒေသဖြစ်၍ ရာသီဥတုနှင့်ကိုက်ညီပြီး ဒေသခံပြည်သူများအတွက် အကျိုးဖြစ်ထွန်းစေမည့် စပါးမျိုးစေ့များမှအစ အခြားသော သီးနှံမျိုးစေ့များကိုပါ ဖြန့်ဝေထောက်ပံ့နိုင်ရေး၊ ဒေသ၏ ရေရှည်စီးပွားရေးအတွက် လက်ရှိစိုက်ပျိုးနေသည့် ဖာလာနှင့် ရော်ဘာ အပါအဝင် စိုက်ပျိုးဖြစ်ထွန်းနိုင်မည့် မျိုးကောင်းမျိုးသန့် နှစ်ရှည်သီးနှံများကို စိုက်ပျိုးနိုင်ရေးအတွက်ပျိုး၊ စိုက်နည်းစနစ်များမှအစ ထောက်ပံ့ကူညီသွားရေးရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီး ဦးခင်ဇော်က နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်းရှိ ကျေးရွာများ ရေရှည်လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် စိုက်ပျိုးရေရရှိရေး၊ မြေလွတ်မြေရိုင်းများနှင့် ရေသယံဇာတများကို အကျိုးရှိရှိ အသုံးချရေးတို့ကို ရှင်းလင်းပြောကြားသည်။

**နာဂဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက အကောင်အထည်ဖော်ရေး ညှိနှိုင်းအစည်းအဝေးကျင်းပစဉ်။** (သတင်းစဉ်)

ယင်းနောက် တာဝန်ရှိသူများက နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသနေ ပြည်သူများ၏ လူမှုစီးပွားရေးဘဝ တိုးတက်မြင့်မားလာစေရေးအတွက် ပူးပေါင်းဆောင်ရွက်နိုင်မည့် လုပ်ငန်းများကို ရှင်းလင်းတင်ပြကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပြည်ထောင်စုဖွား
သွေးချင်းများ
တားဆီးကာကွယ်
မီးရန်စွယ်

# တောင်ငူမြို့တွင် ဓာတ်ဆီပီပါချင်းဖလှယ်ရာမှ မီးလောင်မှုဖြစ်ပွား

**တောင်ငူ ဇန်နဝါရီ ၃၁**

တောင်ငူမြို့ ၂၃ ရပ်ကွက် ရန်ကုန်-မန္တလေးလမ်းမပေါ်ရှိ ပြင်ပစက်သုံးဆီ အရောင်းဆိုင်တစ်ဆိုင်တွင် ဓာတ်ဆီပီပါချင်းဖလှယ်ရာမှ ဇန်နဝါရီ ၃၁ရက် နံနက် ၁၁ နာရီ မိနစ် ၅၀ခန့်က မီးစတင်လောင်ကျွမ်းခဲ့သည်။

မီးလောင်မှု ဖြစ်ပွားရာသို့ တောင်ငူခရိုင်အုပ်ချုပ်ရေးမှူး ဦးလှမင်းထွန်း၊ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးဝင်းစိန်၊ တောင်ငူမြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင့်အောင်တို့ ရောက်ရှိကြီးကြပ်ပြီး ရဲတပ်ဖွဲ့ဝင်များ၊ ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ တောင်ငူမြို့နယ်မှ မီးသတ်ယာဉ်ငါးစီး၊ ရေတာရှည်မြို့နယ်မှ မီးသတ်ယာဉ်နှစ်စီး၊ အုတ်တွင်းမြို့နယ်မှ မီးသတ်ယာဉ်တစ်စီး၊ ဖြူးမြို့နယ်မှမီးသတ်ယာဉ်တစ်စီး၊ တောင်ငူမြို့နယ်မှ ရေသယ်ယာဉ်နှစ်စီးဖြင့် မီးငြိမ်းသတ်ခဲ့ရာ **(အပေါ်ဝဲပုံ)** မွန်းလွဲ ၁၂ နာရီ မိနစ် ၂၀ ခန့်တွင် မီးညွန့်ကျိုးသွား ပြီး မွန်းလွဲ ၁ နာရီ ၁၅ မိနစ်တွင် မီးငြိမ်းသတ်နိုင်ခဲ့သည်။

မီးလောင်မှုကြောင့် လေးပင်သုံးခန်းပါ အပေါ်ပျဉ်ခင်း၊ သွပ်မိုး၊ အောက်ခံတိုက် နှစ်ထပ်အဆောက်အအုံတစ်လုံးဆုံးရှုံးခဲ့သည်။ မီးလောင်မှုကြောင့် ထိခိုက်ဒဏ်ရာရရှိသူ မရှိကြောင်း သိရှိရသည်။ **(၁၂၃)**

# ၂၀၁၂ ခုနှစ် ဖေဖော်ဝါရီလအတွက် မိုးလေဝသနှင့် ဇလဗေဒခန့်မှန်းချက်

**တင်ပြသူ-ဒေါ်ပပမိုး**
**မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန**

ယခုတစ်ပတ်တင်ပြမှာကတော့ ၂၀၁၂ ခုနှစ် ဖေဖော်ဝါရီလအတွက် မိုးလေဝသနှင့်ဇလဗေဒခန့်မှန်းချက်များဖြစ်ပါသည်။

လာမည့်ဖေဖော်ဝါရီလအတွင်း ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်မှတိမ်ထူထပ်နိုင်ပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနိုင်ပါသည်။

မိုးအခြေအနေခန့်မှန်းချက်အနေနဲ့ကတော့ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် ၄ ရက်မှ ၆ ရက်ခန့်၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ၃ ရက်မှ ၅ ရက်ခန့် နေရာကွက်ကျား မိုးအနည်းငယ်ရွာနိုင်ပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနိုင်သည်။

ညအပူချိန်ခန့်မှန်းချက်အနေနဲ့ကတော့ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် ဖေဖော်ဝါရီလ၏ပျမ်းမျှအပူချိန်တို့အောက် အနည်းငယ်လျော့ကာ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် ဖေဖော်ဝါရီလ၏ ပျမ်းမျှအပူချိန်ခန့်သာရှိမည်။

မြူအခြေအနေနဲ့ကတော့ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် ၈ ရက်မှ ၁၂ရက်ခန့်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် ၅ ရက်မှ ၇ ရက်ခန့် နံနက်ပိုင်းတွင် မြူထူများဆိုင်းနိုင်ပါသည်။

မြစ်ရေအခြေအနေနဲ့ကတော့ ဧရာဝတီမြစ်ရေသည် မြစ်ကြီးနားမြို့၊ ဗန်းမော်မြို့နှင့် ကသာမြို့တို့တွင် ၃၀ စင်တီမီတာ (၁-ပေခန့်)၊ မန္တလေးမြို့နှင့် စစ်ကိုင်းမြို့တို့တွင် ၁၅ စင်တီမီတာ(ပေဝက်ခန့်) လက်ရှိရေမှတ်များ၏အထက် မြင့်တက်လာနိုင်ပြီး ပခုက္ကူမြို့၊ ညောင်ဦးမြို့၊ ချောက်မြို့၊ မင်းဘူးမြို့၊ မကွေးမြို့၊ အောင်လံမြို့၊ ပြည်မြို့၊ ဆိပ်သာမြို့၊ ဟင်္သာတမြို့နှင့် ဇလွန်မြို့တို့တွင် ၄၅ စင်တီမီတာ(၁-ပေခွဲခန့်) လက်ရှိရေမှတ်များအောက် ကျဆင်းနိုင်ပါသည်။

ချင်းတွင်းမြစ်ရေသည် ခန္တီးမြို့နှင့် ဟုမ္မလင်းမြို့တို့တွင် ၁၅ စင်တီမီတာ (ပေဝက်ခန့်)လက်ရှိရေမှတ်များ၏ အထက်မြင့်တက်လာနိုင်ပြီး မော်လိုက်မြို့၊ ကလေးဝမြို့နှင့် မုံရွာမြို့တို့တွင် ၃၀စင်တီမီတာ(၁-ပေခန့်) လက်ရှိရေမှတ်များအောက် ကျဆင်းနိုင်ပါသည်။

အချုပ်အားဖြင့်တင်ပြလိုတာကတော့ လာမည့်ဖေဖော်ဝါရီလဟာအေးပြီး ခြောက်သွေ့သောရာသီ၏အဆုံးလဖြစ်ပါတယ်။ အဲဒီလိုလမျိုးမှာ ကြုံတွေ့နိုင်တဲ့ မိုးလေဝသဖြစ်စဉ်များအနေနဲ့ ပထမဦးစွာ ညအပူချိန်များ ကျဆင်းခြင်းကြောင့် နံနက်ပိုင်းအချိန်အခါများမှာ မြူထူများကျဆင်းတတ်ခြင်းပဲ ဖြစ်ပါတယ်။ မြူထူများကျရောက်စဉ် အဝေးမြင်တာမှာ ၁ မိုင်ထက် လျော့နည်းတတ်သဖြင့် ပြည်တွင်းလေကြောင်းသွားလာရေးနှင့် ပြည်တွင်းရေကြောင်းသွားလာရေးတို့မှာ အထူးဂရုပြုသင့်ပါသည်။

နောက်ကြုံတွေ့ရမည့် ဖြစ်စဉ်တစ်ခုမှာ မြစ်ရေများလျော့နည်းလာခြင်းကြောင့် ပြည်တွင်းရေကြောင်းသွားလာရေးတွင် အထူးသတိပြုမောင်းနှင်သင့်ပါသည်။

နောက်ဆုံးတစ်ချက်ကြုံတွေ့နိုင်သည့် အခြေအနေကတော့ မြန်မာနိုင်ငံ အထက်လေထုလွှာအတွင်း လေစိုင်ဆုံများကြောင့် အောက်ဘက်သို့ အရှိန်ပြင်းစွာ ဦးတည်တိုက်ခတ်လာတတ်သော စိုက်ဆင်းလေများမှာအများအားဖြင့် မြန်မာနိုင်ငံမြောက်ပိုင်းစွန်းဒေသများ၏ အထက်လေထုလွှာအတွင်းမှာ ဖြစ်တတ်ခြင်းပဲဖြစ်ပါသည်။ ထိုလေပြင်းများမှာ မြန်မာနိုင်ငံမြောက်ပိုင်းစွန်းဒေသများဆီသို့ ဦးတည်ပျံသန်းသော ပြည်တွင်းလေကြောင်းခရီးစဉ်များအတွက် အထူးဂရုပြုဖို့ လိုအပ်ပါသည်။

ထိုကဲ့သို့ ထူးခြားသော မိုးလေဝသအခြေအနေများနှင့်ပတ်သက်၍ ကြိုတင်သတိပေးချက်သတင်းများကို မြန်မာနိုင်ငံမိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်ပေးသွားမည်ဖြစ်၍ အထူးဂရုပြုကြရန် တင်ပြလိုပါသည်။

မိုးလေဝသ၊ ဇလဗေဒသတင်းများနှင့်ပတ်သက်၍ သိရှိလိုပါက မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ Website ဖြစ်သော www.moezala.gov.mm သို့လည်းကောင်း၊ နေပြည်တော်နှင့် ရန်ကုန်မြို့တို့တွင်ရှိသော အလိုအလျောက်ဖြေကြားစက်များဖြစ်သော ၀၆၇-၄၁၁၂၅၂ နှင့် ၀၁-၆၆၇၇၆၆ တို့သို့လည်းကောင်း၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၊ မြဝတီရုပ်မြင်သံကြား၊ နေ့စဉ်ထုတ်သတင်းစာများ၊ နေပြည်တော်မြန်မာ့အသံ၊ တိုင်းဒေသကြီးများနှင့် ပြည်နယ်အသီးသီးတွင် နေ့စဉ်ထုတ်လွှင့်လျက်ရှိသော FM ရေဒီယိုများမှ မိုးလေဝသနှင့် ဇလဗေဒသတင်း သတိပေးချက်များကို ကြည့်ရှုနားဆင်နိုင်ပါကြောင်း တင်ပြအပ်ပါသည်။

## မန်းရွှေစက်တော်ဘုရားခြေတော်ရာနှင့် ဗုဒ္ဓပူဇနီယပွဲတော်ဖွင့် တပို့တွဲလဆန်း ၅ ရက်မှ နှစ်ဆန်း ၁ ရက်နေ့အထိ ကျင်းပမည်

**နေပြည်တော် ဇန်နဝါရီ ၃၁**

မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဘုန်းမော်ရွှေနှင့် ဇနီး ဒေါ်စန်းစန်းမြင့်တို့သည် ဇန်နဝါရီ ၂၈ ရက်က မင်းဘူး(စကု)မြို့နယ် မန်းရွှေစက်တော် မန်းချောင်းအထူးတံတားရှေ့မုခ်ဦး၌ ကျင်းပသော မန်းရွှေစက်တော်ဘုရားခြေတော်ရာနှင့် ဗုဒ္ဓပူဇနီယပွဲတော် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ကြည်ညိုကြသည်။

**ဆက်ကပ်လှူဒါန်း**

အခမ်းအနားတွင် တိုင်းဒေသကြီး သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တပဏ္ဍိစသာရ၊ တိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးအန့်ဇော်နှင့် မင်းဘူးခရိုင်အုပ်ချုပ်ရေးမှူး ဦးခင်မောင်မြင့်တို့က ဗုဒ္ဓပူဇနီယ ပွဲတော်ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြပြီး တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဘုန်းမော်ရွှေက ပွဲတော်မုခ်ဦးကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးသည်။ ဆက်လက်၍ ဆရာတော် သံဃာတော်များက အောက်စက်တော်ရာနှင့် အထက်စက်တော်ရာတို့အား ဗုဒ္ဓါဘိသေက အနေကဇာတင်တော်မူကြသည်။ ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်ဇနီး၊ တာဝန်ရှိသူများက ဆရာတော်၊ သံဃာတော်များအား လှူဖွယ်ဝတ္ထုပစ္စည်းများနှင့် နေ့ဆွမ်းတို့ကို ဆက်ကပ်လှူဒါန်းကြသည်။

မန်းရွှေစက်တော်ဘုရားပွဲတော်ကို နှစ်စဉ်တပို့တွဲလဆန်း ၅ ရက်မှ မြန်မာနှစ်ဆန်း ၁ ရက်နေ့အထိ ကျင်းပရာ ယခုနှစ်တွင် ပွဲတော်ကျင်းပရက် ၈၁ ရက်ဖြစ်ရာ အနယ်နယ်အရပ်ရပ်မှ ပွဲတော်လာပြည်သူများ အဆင်ပြေလုံခြုံချောမွေ့ စိတ်ချမ်းမြေ့စွာ ဘုရားဖူးနိုင်ရေး၊ တည်းခိုနေထိုင်ရေး၊ စားသောက်ရေးတို့အတွက် တိုင်းဒေသကြီး အစိုးရအဖွဲ့နှင့် ဂေါပကအဖွဲ့ဝင်များက စနစ်တကျ စီစဉ်ဆောင်ရွက်ထားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ဥက္ကဋ္ဌ ကမ္ဘောဒီးယားသံအမတ်ကြီးနှင့် တွေ့ဆုံဆွေးနွေး

**ရန်ကုန် ဇန်နဝါရီ ၃၁**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ ကမ္ဘောဒီးယားနိုင်ငံသံအမတ်ကြီး H.E. Mr. Sieng Bunvuth အား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဥက္ကဋ္ဌ ဦးဝင်းအောင်နှင့် အထွေထွေအတွင်းရေးမှူး ဒေါက်တာမျိုးသက်တို့သည် ဇန်နဝါရီ ၁၉ ရက် ညနေ ၃ နာရီက UMFCCI အသင်းချုပ်ရုံး၌ တွေ့ဆုံဆွေးနွေးကြသည်။ **(အပေါ်ပုံ)**

အဆိုပါတွေ့ဆုံပွဲတွင် နှစ်နိုင်ငံ အပြန်အလှန် ဆက်ဆံရေးနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်နိုင်ရေး၊ မြန်မာနိုင်ငံ၌ ကမ္ဘောဒီးယား စီးပွားရေးလုပ်ငန်းရှင်များ ရင်းနှီးမြှုပ်နှံနိုင်မည့် စီးပွားရေးအခွင့်အလမ်းလုပ်ငန်းများဆိုင်ရာကိစ္စ၊ ဒေသတွင်းနိုင်ငံများအတွင်း ဆန်စပါးထုတ်လုပ်မှုနှင့် တင်ပို့ရောင်းချလုပ်ကိုင်နေမှုအခြေအနေများ၊ အပြန်အလှန်ခရီးသွားလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်နိုင်ရေးကိစ္စတို့ကို ဆွေးနွေးခဲ့ကြကြောင်း သိရှိရသည်။ **(ကုန်သည်/စက်မှုအသင်းချုပ်)**

## တမူးမြို့နယ် ဟဲဇင်းမူလွန်ကျောင်း၌ ပညာရေးစုံညီပွဲတော် ကျင်းပ

**တမူး ဇန်နဝါရီ ၃၁**

စစ်ကိုင်းတိုင်းဒေသကြီး တမူးခရိုင် တမူးမြို့နယ် ဟဲဇင်းကျေးရွာ အခြေခံပညာ မူလတန်းလွန်ကျောင်း၏ ၂၀၁၂ ခုနှစ် ပညာရေးစုံညီပွဲတော်ကို ဇန်နဝါရီ ၂၇ ရက် နံနက် ၉ နာရီက အဆိုပါကျောင်း၌ကျင်းပရာ အခမ်းအနားတွင် ကျောင်းအုပ်ဆရာမကြီး ဒေါ်လားနေဒေါင်းက ပညာရေးစုံညီပွဲတော်ကျင်းပရသည့်ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ဘက်စုံထူးချွန်အောင်သင်ကြားပေးခဲ့သော ဆရာ ဆရာမများ၊ ဘက်စုံထူးချွန်ဆုနှင့် ပညာရည်ချွန်ဆုရ ကျောင်းသား ကျောင်းသူများအား ကျောင်းအုပ်ဆရာမကြီး၊ ကျေးရွာအုပ်ချုပ်ရေးမှူး ဦးထွန်းချိုနှင့် တာဝန်ရှိသူများက ဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သိရှိရသည်။ **(၁၅၈)**

## နမ့်ခမ်းအထက်၌ ကျောင်းဆောင်သစ်ဖွင့်

**နမ့်ခမ်း ဇန်နဝါရီ ၃၁**

ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်ခရိုင် နမ့်ခမ်းမြို့နယ်တွင် အခြေခံပညာ အထက်တန်းကျောင်းလေးခန်းတွဲ (RC) နှစ်ထပ်ကျောင်းဆောင်သစ် ဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၃ ရက် နံနက် ၉ နာရီက အဆိုပါကျောင်းဆောင်သစ်ရှေ့၌ ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ကျော်စိုး၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာစိုင်းကျော်အုန်း၊ မြို့နယ်ပညာရေးမှူး ဒေါ်သန်းလှ၊ ကျောင်းအကျိုးတော်ဆောင်နာယက ဦးစိုင်းသန်းညဏ်တို့က ကျောင်းဆောင်သစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ပြီး မူဆယ်ခရိုင်အုပ်ချုပ်ရေးမှူးဦးမိုးဟိန်းက ကျောင်းဆောင်သစ်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးသည်။

**ပြောကြား**

ထို့နောက် အခြေခံပညာအထက်တန်းကျောင်း သီရိရွှေရည်ခန်းမ၌ မူဆယ်ခရိုင်အုပ်ချုပ်ရေးမှူး ဦးမိုးဟိန်းက အမှာစကားပြောကြားပြီး ကျောင်းအုပ်ဆရာကြီး ဦးရွှေဒေါင်းက နှစ်ထပ်ကျောင်းဆောင်သစ်ကြီးဆောက်လုပ်ပြီးစီးမှု ရှင်းလင်းတင်ပြခြင်း၊ ကျောင်းဆောက်လုပ်ရေးကော်မတီဥက္ကဋ္ဌက ကျောင်းဆောင်သစ်ကို မြို့နယ်ပညာရေးမှူးထံသို့ လွှဲပြောင်းပေးအပ်ခြင်း၊ ကျောင်းဖွင့်ပွဲအထိမ်းအမှတ်အလံငယ်များ ပေးအပ်ခြင်းတို့ကို ပြုလုပ်ခဲ့ကြကာ ကျောင်းအကျိုးတော်ဆောင်နာယက ဦးစိုင်းသန်းညဏ်က ကျောင်းသားမိဘများကိုယ်စား ကျေးဇူးတင်စကားပြန်လည်ပြောကြားခဲ့ကြောင်း သိရှိရသည်။ **(မြို့နယ် ပြန်/ဆက်)**

## ပြည်ထောင်စုတရားသူကြီးချုပ်၏ မှာကြားချက်များ ဧရာဝတီတိုင်းဒေသကြီး၌ ထပ်ဆင့်ရှင်းလင်း

**ပုသိမ် ဇန်နဝါရီ ၃၁**

နေပြည်တော်တွင် ကျင်းပခဲ့သော ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများနှင့် တိုင်းဒေသကြီး၊ ပြည်နယ် တရားလွှတ် တော်တရားသူကြီးချုပ်များ၊ တိုင်းဒေသကြီး ပြည်နယ်တရားရေးဦးစီးမှူးများ၏ ဒုတိယအကြိမ် လုပ်ငန်းညှိနှိုင်း အစည်းအဝေးတွင် ပြည်ထောင်စုတရားသူကြီးချုပ်၏မှာကြားချက်များကို ဧရာဝတီတိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ်က တိုင်းဒေသကြီးအတွင်းရှိ ခရိုင်အဆင့်၊ မြို့နယ်အဆင့်တရားသူကြီးများ၊ တရားရေးအရာရှိများအား ထပ်ဆင့်ရှင်းလင်းမှာကြားသည့် အခမ်းအနားကို ဇန်နဝါရီ ၂၆ ရက် နံနက် ၁၀ နာရီခွဲက ဧရာဝတီတိုင်းဒေသကြီး တရားလွှတ်တော် အစည်းအဝေးခန်းမ၌ကျင်းပသည်။

**ရှင်းလင်းမှာကြား**

အခမ်းအနားတွင် ပြည်ထောင်စုတရားသူကြီးချုပ်၏ မှာကြားချက်များကို ဧရာဝတီတိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ် ဦးမြင့်သိန်းထပ်ဆင့်ရှင်းလင်းပြီး ဆက်လက်၍ တိုင်းဒေသကြီး တရားရေးဦးစီးမှူး ဦးဌေးဝင်းက တရားစီရင်ရေး၊ စီမံခန့်ခွဲရေးဆိုင်ရာများကို ထပ်ဆင့်ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရှိရသည်။ **(အပေါ်ပုံ)(မြန်မာ့အလင်း)**

## ရွှေကူမြို့နယ်၌ ကျောက်ချောလမ်းခင်း

**ရွှေကူ ဇန်နဝါရီ ၃၁**

ရွှေကူမြို့နယ် ပန်းတင်ကျေးရွာချင်း ဆက်လမ်းပေါ်တွင် အလျားပေ ၂၄၀၀၊ အကျယ် ၁၂ ပေ ကျေးလက်ကျောက်ချောလမ်းဖောက်လုပ်လျက်ရှိရာ ယခုအခါ ပြီးစီးလုရှိနေပြီး အဆိုပါလမ်းဖောက်လုပ်ခြင်းလုပ်ငန်းကို ဇန်နဝါရီ ၂၀ ရက်က မြို့နယ်အုပ်ချုပ်ရေးမှူး ဦးညီညီ၊ အမှုဆောင်အရာရှိ ဦးခင်အောင်နီနှင့် ကျေးရွာအုပ်ချုပ်ရေးမှူး ဦးထွန်းလင်းတို့ ကွင်းဆင်းစစ်ဆေးခဲ့ကြသည်။

အဆိုပါလမ်းကို ငွေကျပ် ၁၄၇၂၀၀၀၀ အကုန်အကျခံ ဖောက်လုပ်ခဲ့ခြင်းဖြစ်ကြောင်း သိရှိရသည်။ **(၀၇၃)**

**မြန်မာ့အလင်း မှုခင်းသတင်း ၃၁-၁-၂၀၁၂**

## စကားများရန်ဖြစ်ကြရာမှ ဓားထိုးမှုဖြစ်ပွား

ဒလမြို့နယ် ကမာကဆစ်ရပ်ကွက် မြတ်လေးလမ်း (အနောက်)၌ ဇန်နဝါရီ ၂၁ ရက် ည ၉ နာရီခွဲခန့်က တစ်လမ်းတည်းသားအချင်းချင်း စကားများရန်ဖြစ်ခဲ့ကြရာမှ ဓားနှင့်ထိုးသဖြင့် လူသေမှု ဖြစ်ပွားခဲ့သည်။

အခင်းဖြစ်စဉ်မှာ ဒလမြို့နယ် ကမာကဆစ်ရပ်ကွက် မြတ်လေးလမ်း (အနောက်) မင်းမင်း(ခ)ရဖီး (၂၂)နှစ်၊ ယောက်ဖတော်သူ ထိုရပ်ကွက်နေ လှအေး (ခ) မတ်တူး (၃၀)နှစ်တို့နှင့် ထိုမြတ်လေးလမ်း (အနောက်)၌ တစ်လမ်းတည်းနေသော မောင်သီဟ (ခ) ဘာဘူ (၂၈)နှစ်တို့သည် တစ်ဦးနှင့်တစ်ဦး အချင်းချင်း အပြန်အလှန်စကားများ ခိုက်ရန်ဖြစ်ပွားကြသည်။ ထို့နောက် မောင်သီဟ(ခ)ဘာဘူသည် ၄င်း၏အိမ်ရှေ့လမ်းမပေါ်တွင် ဓားနှင့်ထိုးခံခဲ့ရသည်။ မောင်သီဟ (ခ) ဘာဘူမှာ ဓားထိုးဒဏ်ရာနှင့် လဲကျသွားရာ မိသားစုမှ ရန်ကုန်ပြည်သူ့ဆေးရုံကြီးသို့ အရေးပေါ်ပို့ဆောင်လိုက်ရသည်။

**အရေးယူဆောင်ရွက်**

မောင်သီဟ (ခ) ဘာဘူသည် အဆိုပါဒဏ်ရာဖြင့် သေဆုံးသွားခဲ့ရာ ထိုအမှုနှင့်စပ်လျဉ်း၍ ဒလရဲစခန်းမှ စစ်ဆေးအရေးယူ ဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။ **(၁၅၁)**

## ဆိုင်ကယ်ချင်း မျက်နှာချင်းဆိုင်တိုက်

မိတ္ထီလာ-တောင်ကြီးကားလမ်း မိုင်တိုင်အမှတ် ၂၂/၀အနီး လှိုင်းတက်စည်သွတ်စက်ရုံရှေ့ လမ်းလယ်တွင် အနောက်မှအရှေ့သို့ စိုးထိုက် (၂၅)နှစ်မောင်း၍ ၄င်း၏နောက်မှ စိုးဝင်း (၂၅)နှစ် ထိန်ကန်ရွာ မိတ္ထီလာမြို့နယ်နေသူတို့ စီးလာသော ၁၉ယ/----- ကင်ဘို ၁၂၅ အနက်ရောင်ဆိုင်ကယ်နှင့် အရှေ့မှအနောက်သို့ လှိုင်းတက်ရွာနေ လှိုင်ကိုကို (၁၇)နှစ်မောင်း၍ ၄င်း၏နောက်မှ ကျော်ဝဏ္ဏ (၁၇)နှစ် လှိုင်းတက်ရွာနေသူတို့ စီးလာသော မပလ/---- ကင်ဘို ၁၁၀ အပြာရောင်ဆိုင်ကယ်တို့ မျက်နှာချင်းဆိုင် တိုက်မိကြခြင်းဖြစ်သည်။ ဆိုင်ကယ်နှစ်စီး အရှိန်ဖြင့် မျက်နှာချင်းဆိုင်တိုက်မိကြ၍ ဆိုင်ကယ်စီးသူနှစ်ဦးနှင့် နောက်မှစီးသူနှစ်ဦး စုစုပေါင်းလေးဦး ဒဏ်ရာပြင်းထန်စွာရရှိသွားသဖြင့် သာစည်ဆေးရုံကြီး၌ အတွင်းလူနာအဖြစ် တင်ထားစဉ် စိုးဝင်းမှာ ရရှိသောဒဏ်ရာဖြင့် သေဆုံးသွားခဲ့သည်။ ဆိုင်ကယ်တိုက်မှုနှင့်ပတ်သက်၍ ဆိုင်ကယ်မောင်းသူများအား တာဝန်မှူး ဒုရဲအုပ် ဝေထွန်းလင်းက တရားလိုပြု၍ အမှုဖွင့်အရေးယူထားကြောင်း သိရှိရသည်။ **(၀၁၂)**

## ရတနာမြင့်စာကြည့်တိုက် ထန်းတပင်မြို့နယ်၌ဖွင့်

**ရန်ကုန် ဇန်နဝါရီ ၃၁**

ရန်ကုန်တိုင်းဒေသကြီး ထန်းတပင်မြို့နယ် ကလိန်ကျေးရွာတွင် ဇန်နဝါရီ ၂၈ ရက် နံနက် ၁၁ နာရီက ရတနာမြင့် စာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲ အခမ်းအနားကျင်းပရာ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးသိန်းရီ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးကျော်စိုးသိန်း၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ခင်ငြိမ်းငြိမ်းနှင့် ကျေးရွာအုပ်ချုပ်ရေးမှူး ဦးမြင့်လွင်တို့က စာကြည့်တိုက်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(အပေါ်ပုံ)**

အဆိုပါစာကြည့်တိုက်သို့ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့က လှူဒါန်းသည့် ငွေကျပ် ၁၀ သိန်းနှင့် သွပ်အချပ် ၅၀ ကို မြို့နယ်ဒုတိယဦးစီးမှူးက ပေးအပ်လှူဒါန်းရာ ကျေးရွာအုပ်ချုပ်ရေးမှူး ဦးမြင့်လွင်ကလည်းကောင်း၊ မြန်မာနိုင်ငံစာကြည့်တိုက်များဖောင်ဒေးရှင်းမှ သုတရသစာအုပ် ၂၀၀ ကို မြို့နယ်ဦးစီးမှူးက ပေးအပ်ရာ စာကြည့်တိုက်မှူး ဦးစံမြင့်ကလည်းကောင်း၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့က လှူဒါန်းသော စာအုပ်စာစောင်များကို ကျေးရွာအမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌကလည်းကောင်း လက်ခံယူခဲ့ကြောင်းသိရှိရသည်။ **(မြို့နယ် ပြန်/ဆက်)**

**အလှူ့ဗ စာမှာရှိ**

**ရမည်းသင်းမြို့နယ် ဘွက်ကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း၏ ၂၀၁၁-၂၀၁၂ ပညာသင်နှစ် ပညာရေးစုံညီပွဲတော်နှင့် ပညာရည်ချွန်ဆုပေးပွဲ အခမ်းအနားကို ဇန်နဝါရီ ၂၇ ရက်က အဆိုပါကျောင်းခန်းမ၌ကျင်းပရာ ကျောင်းအုပ်ဆရာမကြီးဒေါ်မာမာအေးက ဘက်စုံထူးချွန်ဆုရ စတုတ္ထတန်းကျောင်းသူ မခိုင်ဇာဝင်းအား ဆုချီးမြှင့်စဉ်။** (၄၀၆)

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
# ပညာရေးဝန်ကြီးဌာန
# မြန်မာနိုင်ငံ ပညာရေးသုတေသနအဖွဲ့ ဦးစီးဌာန
# နေပြည်တော်

ပြန်ကြားရေးဝန်ကြီးဌာနနှင့် ပညာရေးဝန်ကြီးဌာန မြန်မာနိုင်ငံပညာရေးသုတေသနအဖွဲ့ ဦးစီးဌာနတို့ပူးပေါင်း၍ တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုကြမည့် ကျောင်းသူ၊ ကျောင်းသားများအတွက် စာမေးပွဲ အထောက်အကူပြု သိမှတ်ဖွယ်ရာ ဘောဂဗေဒဘာသာသင်ခန်းစာကို ဖော်ပြလိုက်ပါသည်။

## တက္ကသိုလ်ဝင် စာမေးပွဲ
## သိမှတ်ဖွယ်ရာ ဘောဂဗေဒဘာသာ

၂၀၁၂ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ဘောဂဗေဒဘာသာရပ်နှင့်ပတ်သက်တဲ့ အထောက်အကူပြုသင်ခန်းစာများကို နှစ်ပိုင်းခွဲပြီး ရှင်းလင်းတင်ပြပါမယ်။ ပထမပိုင်းမှာ ၂၀၁၂ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲမေးခွန်းပုံစံကိုတင်ပြပြီး ဒုတိယပိုင်းမှာ စာမေးပွဲမေးခွန်းဖြေဆိုပုံဖြေဆိုနည်းနဲ့ သတိပြုရမည့်အချက်များကို ရှင်းလင်းတင်ပြပါမယ်။

**တက္ကသိုလ်ဝင်စာမေးပွဲမေးခွန်းပုံစံ**

၂၀၁၂ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ဘောဂဗေဒဘာသာရပ်မေးခွန်းလွှာကို အပိုင်း(က)နှင့် အပိုင်း(ခ)ဆိုပြီး နှစ်ပိုင်းခွဲခြား မေးထားပါသည်။ အပိုင်း(က)တွင် မဖြေမနေရ ဖြေဆိုရမည့် မေးခွန်းနှစ်ပုဒ် မေးထားပါသည်။ မေးခွန်းနံပါတ် (၁)နှင့် မေးခွန်းနံပါတ် (၂) ဖြစ်ပါသည်။ မေးခွန်းနံပါတ်(၁)ကို (၃)မျိုးခွဲခြားထားရာ ပေးထားသည့် ဖော်ပြချက်များကို မှား/မှန် ဖြေဆိုရမည့်မေးခွန်း၊ ကွက်လပ်ဖြည့်မေးခွန်းနှင့် ရွေးချယ်မှုမေးခွန်းတို့ ဖြစ်ပါသည်။

မေးခွန်းနံပါတ်(၂) ကတော့ အဓိပ္ပာယ်ဖွင့်ဆိုချက်မေးခွန်း ဖြစ်ပါတယ်။ ဒီမေးခွန်းမှာ အဓိပ္ပာယ်ဖွင့်ဆိုရမယ့် ဝေါဟာရ (၁၈)ခုပေးထားပြီး နှစ်သက်ရာ(၁၀)ခုကို ရွေးချယ်ဖြေဆိုရမှာဖြစ်ပါတယ်။ အဓိပ္ပာယ်ဖွင့်ဆိုချက်တစ်ခုကို (၂)မှတ်စီနဲ့ စုစုပေါင်းအမှတ်(၂၀)ပေးထားပါတယ်။ ဒသမတန်းဘောဂဗေဒသင်ရိုးစာအုပ်မှာ ရေးသားဖော်ပြထားတဲ့ အဓိပ္ပာယ်ဖွင့်ဆိုချက်ကို တိတိကျကျ ပြည့်ပြည့်စုံစုံ ရေးသားနိုင်လျှင် အမှတ်ပြည့် (၂၀)မှတ် ရရှိနိုင်ပါတယ်။

တက္ကသိုလ်ဝင်စာမေးပွဲမေးခွန်းရဲ့ အပိုင်း(က)မှာ မေးထားတဲ့မေးခွန်းတွေဖြစ်တဲ့ မေးခွန်းနံပါတ် (၁)နဲ့ မေးခွန်းနံပါတ် (၂)မှာ ပါတဲ့မေးခွန်းများသည် ပြဋ္ဌာန်းသင်ရိုးစာအုပ်ပါ အခန်း(၆)ခန်းလုံးကဖြစ်ပါတယ်။ မေးခွန်းနံပါတ်(၁)နဲ့ မေးခွန်းနံပါတ်(၂) နှစ်ခုပေါင်းမှာ အမှတ် (၄၀)ဖိုးဖြစ်ပါတယ်။ မေးခွန်းနံပါတ် (၁)နဲ့ မေးခွန်းနံပါတ် (၂)ကို ပြည့်စုံမှန်ကန်စွာဖြေဆိုနိုင်လျှင် အမှတ်(၄၀)အပြည့် ရရှိနိုင်ပါတယ်။

မေးခွန်းလွှာရဲ့ အပိုင်း(ခ)မှာ စုစုပေါင်းမေးခွန်း (၄)ပုဒ် ပေးထားပါတယ်။ မေးခွန်းနံပါတ်(၃)၊ (၄)၊ (၅)၊ (၆) တို့ဖြစ်ပါတယ်။ ဒီ(၄)ပုဒ်ထဲက နှစ်သက်ရာ(၃)ပုဒ်ကို ရွေးချယ်ဖြေဆိုရမှာဖြစ်ပါတယ်။ မေးခွန်းနံပါတ် (၃)၊ (၄)၊ (၅) တို့က ပုံစံတူမေးခွန်းများ ဖြစ်ပါတယ်။ မေးခွန်းတစ်ပုဒ်စီမှာ (က) နဲ့ (ခ) ဆိုပြီး အပိုင်းနှစ်ပိုင်းစီပါဝင်ပြီး (က) အပိုင်းက မေးခွန်းရှည်၊ (ခ) အပိုင်းက မေးခွန်းတို(၄)ပုဒ် မေးထားပါတယ်။ (ခ)အပိုင်း မေးခွန်းတိုသည် မှတ်စုတိုရေးရန်ဖြစ်ပြီး ယင်းမေးခွန်းတို (၄)ပုဒ်မှ မိမိကြိုက်နှစ်သက်ရာ (၂) ပုဒ် ဖြေဆိုရမှာဖြစ်ပါတယ်။ စာမေးပွဲ ဖြေဆိုမည့် တပည့်တို့က (က)အပိုင်း မေးခွန်းရှည် သို့မဟုတ် (ခ)အပိုင်းက မှတ်စုတို မေးခွန်း(၂)ပုဒ် နှစ်သက်ရာ ရွေးချယ်ဖြေဆိုရမှာ ဖြစ်ပါတယ်။ (က)အပိုင်းနဲ့ (ခ)အပိုင်း နှစ်ပိုင်းစလုံး ဖြေဆိုရန်မလိုပါ။ (က)အပိုင်းမေးခွန်းရှည် တစ်ပုဒ်တည်းအတွက် အမှတ်(၂၀)ပေးထားပြီး (ခ) အပိုင်း မှတ်စုတိုအတွက် တစ်ပုဒ်လျှင် (၁၀)မှတ်နဲ့ နှစ်ပုဒ်အတွက် အမှတ်(၂၀) ပေးထားပါတယ်။

နောက်ဆုံးမေးခွန်းဖြစ်တဲ့မေးခွန်းနံပါတ်(၆)က ဉာဏ်စမ်းမေးခွန်းဖြစ်ပြီး ပေးထားတဲ့ စာရင်းအင်းကိန်းဂဏန်းများကို အခြေခံပြီး မျဉ်းကွေးများရေးဆွဲခြင်း၊ တွက်ချက်သုံးသပ်ဖြေဆိုခြင်းများ ပြုလုပ်ရမှာဖြစ်ပါတယ်။ မေးခွန်းနံပါတ်(၆)မှာ မေးခွန်း(၃)ပုဒ် (က)၊ (ခ)၊ (ဂ) ပါဝင်ပြီး ယင်း (၃)ပုဒ်မှ နှစ်သက်ရာ (၂)ပုဒ် ရွေးချယ်ဖြေဆိုရမှာဖြစ်ပါတယ်။ တစ်ပုဒ်လျှင် (၁၀)မှတ်စီ ပေးထားပြီး (၂)ပုဒ်ကို အမှတ်(၂၀) ရနိုင်မှာဖြစ်ပါတယ်။

ဒါကြောင့် တက္ကသိုလ်ဝင်စာမေးပွဲမေးခွန်းရဲ့ အပိုင်း(ခ)က စုစုပေါင်းအမှတ် (၆၀)ဖိုး ဖြစ်ပါတယ်။

၂၀၁၂ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ဘောဂဗေဒဘာသာရပ် မေးခွန်းလွှာပုံစံကိုခြုံပြီး ပြောရမယ်ဆိုလျှင် မေးခွန်း (၅)မျိုးပါဝင်တဲ့ မေးခွန်း(၆)ပုဒ်ပေးထားတဲ့ မေးခွန်းလွှာဖြစ်ပါတယ်။ မေးခွန်း(၅)မျိုးကတော့ (၁) ဓမ္မဓိဋ္ဌာန်မေးခွန်း၊ (၂) အဓိပ္ပာယ်ဖွင့်ဆိုချက်မေးခွန်း၊ (၃) မှတ်စုတိုမေးခွန်း၊ (၄) မေးခွန်းရှည်နဲ့ (၅) ဉာဏ်စမ်းမေးခွန်းတို့ဖြစ်ပါတယ်။မေးထားတဲ့ မေးခွန်း(၆)ပုဒ်မှာ အပိုင်း(က)မှာ ပါဝင်တဲ့ မေးခွန်းနံပါတ် (၁)နဲ့ မေးခွန်း နံပါတ်(၂) က မဖြေမနေရဖြေရမယ့် မေးခွန်းများဖြစ်ပြီး အပိုင်း(ခ)မှာပါဝင်တဲ့ မေးခွန်း(၄)ပုဒ်မှာ နှစ်သက်ရာ(၃)ပုဒ်ကို ရွေးချယ်ဖြေဆိုရမှာ ဖြစ်တဲ့အတွက် စုစုပေါင်းမေးခွန်း(၅)ပုဒ်ဖြေဆိုရမှာ ဖြစ်ပါတယ်။

**တက္ကသိုလ်ဝင်စာမေးပွဲမေးခွန်းဖြေဆိုပုံဖြေဆိုနည်း**

တက္ကသိုလ်ဝင်စာမေးပွဲ ဘောဂဗေဒဘာသာရပ် မေးခွန်းလွှာမှာပါဝင်တဲ့ မေးခွန်း(၆)ပုဒ်ကို ဖြေဆိုတဲ့အခါ မည်ကဲ့သို့ ဖြေဆိုရမည်ဆိုတာကို မေးခွန်းတစ်ပုဒ်ချင်း ရှင်းလင်းသွားပါမယ်။

မေးခွန်းနံပါတ်(၁က)ဓမ္မဓိဋ္ဌာန်မေးခွန်းဖြစ်တဲ့ မှား/မှန်မေးခွန်းကိုဖြေဆိုတဲ့အခါမှာ မေးခွန်းကို သေသေချာချာဖတ်ပြီး သဘောပေါက်နားလည်အောင်စဉ်းစားပြီးမှ မှား သို့မဟုတ် မှန် လို့ဖြေဆိုရမယ်။ အဖြေမှန်အောင် ပြဋ္ဌာန်းစာအုပ်ကို သင်ရိုးကျေညက်အောင်ဖတ်ရှုလေ့လာ မှတ်သားရန်လိုပါတယ်။ ဥပမာ-တစ်ခုပေးပါမယ်။ ‘ထုတ်လုပ်နိုင်မှုအခြေပြမျဉ်းကွေး မူရင်းအမှတ်မှခုံးနေခြင်းသည် ကျဆင်းနေသောအခွင့်အလမ်းစရိတ်ကြောင့် ဖြစ်သည်။’ ဟုမေးထားပြီး မှား/မှန် ဖြေဆိုခိုင်းလျှင် အဖြေမှန်မှာ ‘မှား’ ဖြစ်ပါတယ်။ အဘယ်ကြောင့် ‘မှား’ လည်းဆိုတာကို ပြဋ္ဌာန်းစာအုပ်ရဲ့အခန်း(၁) အပိုင်း ၁-၄ မှာ ‘ထုတ်လုပ်နိုင်မှု အခြေပြမျဉ်းကွေး မူရင်းအမှတ်မှ ခုံးနေခြင်းသည် တိုးတက်နေသော အခွင့်အလမ်းစရိတ်သဘောကိုဖော်ပြသည်’ ဟုဖော်ပြထားကြောင်း တပည့်တို့ သတိပြုနိုင်ပါတယ်။ ဒါကြောင့် မေးထားတဲ့မေးခွန်းအတွက် အဖြေမှာ ‘မှား’ လို့ ဖြေဆိုရမှာဖြစ်ပါတယ်။

မေးခွန်းနံပါတ်(၁ခ) ကွက်လပ်ဖြည့်မေးခွန်းကို ဖြေဆိုနိုင်ရန်လည်း ပြဋ္ဌာန်းစာအုပ်ကို သင်ရိုးကုန် ကျေညက်အောင်ဖတ်ရှုလေ့လာမှတ်သားထားဖို့လိုပါတယ်။ ပေးထားတဲ့စာကြောင်းရဲ့ ကွက်လပ်ထဲမှာ တိကျတဲ့စကားလုံးများကို ရေးသားဖြည့်စွက်ရမှာဖြစ်ပါတယ်။ ဥပမာ-တစ်ခုပေးပါမယ်။ ‘ကုန်စည်တစ်ခုကို ရယူသုံးစွဲခြင်းကြောင့် အခြားကုန်စည်တစ်ခု၏ အသုံးဝင်မှုကို ပိုမိုတိုးတက်ကောင်းမွန်စေလျှင် ၎င်းတို့ကို ------ များဟုခေါ်ပါသည်။’ ဟု မေးထားလျှင် ကွက်လပ်ဖြည့်ရမည့်စကားလုံးမှာ ‘တွဲဖက်ကုန်စည်’ ဖြစ်ပါတယ်။

မေးခွန်းနံပါတ် (၁ဂ) မှရွေးချယ်မှု မေးခွန်းကိုဖြေဆိုနိုင်ရန်လည်းဖြေဆိုရာတွင်အဖြေမှန်ဖြစ်သည့် စာစုကိုသာဖြေဆိုရပြီး မေးခွန်းစာကြောင်း ကိုပြန်လည်ကူးပေးရန်မလိုပါ။ ပြဋ္ဌာန်းစာအုပ်ကို သင်ရိုးကုန် ကျေညက်အောင်ဖတ်ရှုလေ့လာ မှတ်သားထားရန်လိုပါသည်။ ဥပမာ “လူ့အဖွဲ့အစည်းအားလုံး၏ အခြေခံစီးပွားရေးပြဿနာမှာ (က) အင်အားစုခွဲဝေမှုပြဿနာ (ခ) ကုန်စည်ထုတ်လုပ်မှုပြဿနာ (ဂ) လုပ်ငန်းဆုံးရှုံးမှုပြဿနာဖြစ်သည်။” ဟု မေးထားလျှင် ဖြေဆိုရမည့် အဖြေမှန်မှာ (က) ဖြစ်ပြီး ယင်းကိုပြဋ္ဌာန်းစာအုပ်၏အခန်း(၁) အပိုင်း၁-၃တွင် ဖော်ပြထားပါသည်။ ဤမေးခွန်းတွင်လည်း အဖြေမှန်(က) သို့မဟုတ်(ခ) သို့မဟုတ်(ဂ) ကိုသာဖြေရန်ဖြစ်ပြီး မေးခွန်းစာကြောင်းပြန်ကူးရန်မလိုပါ။ တက္ကသိုလ်ဝင်စာမေးပွဲ မေးခွန်းအပိုင်း (က)တွင် မေးထားသည့်မေးခွန်း နံပါတ်(၁)အတွက် အခြေခံပညာသင်ရိုးညွှန်းတမ်း၊ သင်ရိုးမာတိကာနှင့် ကျောင်းသုံးစာအုပ်ကော်မတီမှ ထုတ်ဝေထားသည့် ဒသမတန်း ဘောဂဗေဒဖတ်စာအုပ်တွင် သင်ခန်းစာအခန်းတိုင်း၏အဆုံး၌ ထိုမေးခွန်းပုံစံများကို လေ့ကျင့်ရန်ပေးထားသည်များကို လေ့လာနိုင်ပါသည်။

မေးခွန်းနံပါတ် (၂) အဓိပ္ပာယ်ဖွင့်ဆိုချက်မေးခွန်းမှာ ပေးထားတဲ့ဝေါဟာရများ၏ အဓိပ္ပာယ်ဖွင့်ဆိုတဲ့အခါ ပြဋ္ဌာန်းစာအုပ်တွင် ဖော်ပြထားသောအဓိပ္ပာယ်ဖွင့်ဆိုချက်များကိုသာ ရေးသားရမယ်။ အဓိပ္ပာယ်ပြည့်စုံအောင်ရေးမှ အမှတ်ပြည့် ရမှာဖြစ်ပါတယ်။ ဥပမာ- ‘ချက်လက်မှတ်’ကို အဓိပ္ပာယ်ဖွင့်ဆိုရာမှာလည်း ‘ချက်လက်မှတ်ဆိုသည်မှာ လက်မှတ်ပေါ်တွင် ရေးသားထားသောငွေကို လက်ခံရရှိမည့်သူသို့ ဘဏ်မှထုတ်ပေးရန်ရေးသားထားသော ညွှန်ကြားချက်ဖြစ်သည်။’ ဟုဖြေဆိုလျှင် အမှတ်ပြည့်ရမည်မဟုတ်ပါ။ ‘ချက်လက်မှတ်ဆိုသည်မှာ လက်မှတ်ပေါ်တွင် ရေးသားထားသော ငွေပမာဏကို လက်ခံရရှိမည့်သူသို့ ဘဏ်မှထုတ်ပေးရန် ရေးသားထားသော ညွှန်ကြားချက်တစ်ရပ်ပင်ဖြစ်သည်။’ ဟုဖြေဆိုလျှင်အမှတ်ပြည့်ရမှာဖြစ်ပါတယ်။

မေးခွန်းနံပါတ်(၃)၊ (၄)၊ (၅)မှ မေးခွန်းရှည် သို့မဟုတ် မှတ်စုတို နှစ်ပုဒ်ကို ရွေးချယ်ဖြေဆိုရာတွင် မေးခွန်းမှာပါရှိတဲ့ အကြောင်းအရာနဲ့ပတ်သက်တဲ့ အဓိပ္ပာယ်ဖွင့်ဆိုချက်ကို ပထမရေးပြီးမှ ရှင်းလင်းချက်များကို ဆက်ရေးရမှာဖြစ်ပါတယ်။ ဥပမာ-ဝယ်လိုအား၏အပြန်အလှန် အလျော့အတင်းကိုမှတ်စုရေးသားဖြေဆိုမည်ဆိုလျှင် ပထမဦးစွာ ဝယ်လိုအား၏ အပြန်အလှန် အလျော့အတင်း၏ အဓိပ္ပာယ်ဖွင့်ဆိုချက်ကိုဖော်ပြပြီး ပုံသေနည်း၊ အလျော့အတင်း လက္ခဏာ (၃)မျိုး၊ ဆက်စပ်မှုရှင်းလင်းချက်ဥပမာတွေနဲ့ ရှင်းပြရမှာဖြစ်ပါတယ်။

မေးခွန်းရှည်ဖြေဆိုပုံမှာ ဥပမာ-တစ်ခုပေးရမယ်ဆိုလျှင် အပြည်ပြည်ဆိုင်ရာ ငွေပေးချေမှုနည်းလမ်းများကို ပြည့်စုံစွာရှင်းပြပါဟု မေးထားလျှင် ပထမဦးစွာ အပြည်ပြည်ဆိုင်ရာငွေပေးချေမှု နည်းလမ်းဘာကြောင့်လိုသလဲကို ရှင်းပြပြီးမှ အပြည်ပြည်ဆိုင်ရာငွေပေးချေမှုနည်းလမ်းများကို ဆက်လက်ရှင်းပြရမှာ ဖြစ်ပါတယ်။ ဥပမာ-တစ်ခုပေးရမယ်ဆိုလျှင် စီးပွားရေးစနစ်အမျိုးမျိုးကို ရှင်းလင်းဖြေဆိုပါဟု မေးထားလျှင် ပထမဦးစွာ ဈေးကွက်စီးပွားရေးစနစ်၊ ဗဟိုစီမံကိန်းချ စီးပွားရေးစနစ်၊ ရောပြွမ်းစီးပွားရေးစနစ်ဟု စီးပွားရေးစနစ်(၃)မျိုးကို ဖော်ပြပြီးမှ ယင်းစီးပွားရေးစနစ်တစ်ခုချင်း၏ အဓိပ္ပာယ်သတ်မှတ်ချက်ဖော်ပြပြီး ရှင်းလင်းဖြေဆိုရမှာ ဖြစ်ပါတယ်။ မေးခွန်းနံပါတ်(၃)၊ (၄)၊ (၅)တို့မှာ ပြဋ္ဌာန်းစာအုပ်ပါ အခန်း (၁)မှ အခန်း (၆)အထိ အကြောင်းအရာများကို မေးခွန်းတစ်ပုဒ်လျှင် သီးသန့်အခန်းတစ်ခန်းမှ မေးထားခြင်းမဟုတ်ဘဲ အခန်း(၁) မှ (၆) အထိ အကြောင်းအရာများကိုရောမေးထားနိုင်ပါတယ်။

နောက်ဆုံးမေးခွန်းဖြစ်တဲ့ မေးခွန်းနံပါတ် (၆) ကို အထူးရှင်းပြလိုပါတယ်။ မေးခွန်းနံပါတ် (၆)ကို (က)၊ (ခ)၊ (ဂ) ခွဲထားပြီး နှစ်သက်ရာ (၂)ပုဒ်ကို ရွေးချယ်ဖြေဆိုရမှာ ဖြစ်တယ်။ မေးခွန်းများမှာ ပေးထားတဲ့ကိန်းဂဏန်းအချက်အလက်များကို အခြေခံပြီး မျဉ်းကွေးများ/ပုံများဆွဲခြင်း၊ တွက်ချက်ပြီးရရှိတဲ့အဖြေများကို သုံးသပ်ခြင်းများပြုလုပ်ရမှာ ဖြစ်ပါတယ်။ မေးခွန်းမှာ ပေးထားတဲ့ ကိန်းဂဏန်းများကို အခြေခံပြီး မျဉ်းကွေးများ ရေးဆွဲခိုင်းပါက တိကျမှန်ကန်စွာ ရေးဆွဲရမှာဖြစ်ပါတယ်။ ဥပမာ-နိုင်ငံတစ်နိုင်ငံရဲ့ ထုတ်လုပ်နိုင်မှုအခြေပြမျဉ်းကွေးကို ပေးထားတဲ့ ထုတ်လုပ်နိုင်မှုအခြေပြဇယားမှ ရေးဆွဲခိုင်းတယ် ဆိုပါစို့။ ပေးထားတဲ့ ထုတ်လုပ်နိုင်မှု အခြေပြဇယားက နိုင်ငံမှာရှိတဲ့ အင်အားစုတွေနဲ့ထုတ်နိုင်တဲ့ ဆန်နှင့်အထည်အတွဲများကို ဖော်ပြထားလျှင် ဒီဇယားမှ ထုတ်လုပ်နိုင်မှုအခြေပြမျဉ်းကွေးကို ရေးဆွဲနိုင်ဖို့ ပထမဦးစွာ ဖော်ပြထားတဲ့ ကုန်စည်နှစ်မျိုး (ဆန်နှင့် အထည်) ကို ဒေါင်လိုက်ဝင်ရိုးမှာ ကုန်စည်တစ်မျိုး (ဥပမာ-မတ်ပဲ(တင်း)၊ အလျားလိုက်ဝင်ရိုးမှာ ကုန်စည်တစ်မျိုး (ဥပမာ-အထည်(ကိုက်))ကို စကေးတိတိကျကျမှန်မှန်ကန်ကန်သတ်မှတ်ပြီး ဝင်ရိုးနှစ်ခုရေးဆွဲရပါမယ်။ ဥပမာ - ဒေါင်လိုက်ဝင်ရိုးမှာ မတ်ပဲကို တစ်စင်တီမီတာလျှင် (၁၀)တင်း၊ အလျားလိုက်ဝင်ရိုးမှာ အထည်ကို တစ်စင်တီမီတာလျှင် (၁၀)ကိုက်ဟူ၍ သတ်မှတ်ရပါမယ်။

**ထုတ်လုပ်နိုင်မှုအခြေပြဇယား**

| အမှတ်စဉ် | မတ်ပဲ(တင်း) | အထည်(ကိုက်) |
|---|---|---|
| က | ၈၀ | ၀ |
| ခ | ၆၀ | ၄၀ |
| ဂ | ၄၀ | ၇၀ |
| ဃ | ၂၀ | ၉၀ |
| င | ၀ | ၁၀၀ |

**ထုတ်လုပ်နိုင်မှုအခြေပြမျဉ်းကွေး**



ဝင်ရိုးနှစ်ခုကို စကေးမှန်ကန်စွာ ရေးဆွဲပြီးမှ ဇယားမှာပေးထားတဲ့ ကုန်စည်ပမာဏအတွဲများကို ဂရပ်ပေါ်မှာ မှတ်သားရပါမယ်။ မှတ်သားထားတဲ့ အမှတ်များကို ဆက်လိုက်လျှင် ထုတ်လုပ်နိုင်မှုအခြေပြမျဉ်းကွေးကိုရမယ်။ ရေးဆွဲထားတဲ့ထုတ်လုပ်နိုင်မှုအခြေပြမျဉ်းကွေးပေါ်မှာ ကုန်စည်ပမာဏအတွဲများကို အမှတ်စဉ် က၊ ခ၊ ဂ၊ ဃ၊ င လို့မှန်မှန်ကန်ကန်ဖော်ပြရမယ်။ ထုတ်လုပ်နိုင်မှုအခြေပြမျဉ်းကွေးကို ရေးဆွဲခိုင်းလျှင် ရေးဆွဲတဲ့အဆင့်တိုင်းအတွက် အမှတ်ပေးတယ်ဆိုတာကို တပည့်တို့ သိစေလိုပါတယ်။ ဖော်ပြသွားတဲ့အတိုင်း မရေးဆွဲ၊ မမှတ်သားခဲ့လျှင် အမှတ်ပြည့် ရနိုင်မှာမဟုတ်ပါ။ ထုတ်လုပ်နိုင်မှုအခြေပြမျဉ်းကွေးပေါ်ရှိ အမှတ်တစ်ခုမှတစ်ခုသို့ ပြောင်းရွှေ့ထုတ်လုပ်ခြင်းဟာ ကုန်စည်တစ်ခုကို တိုးထုတ်ဖို့ နောက်ကုန်စည်တစ်မျိုးကို လျှော့ထုတ်ရမယ်ဆိုတဲ့ ဘောဂဗေဒဘာသာရပ်ရဲ့ အရေးကြီးတဲ့ အခွင့်အလမ်းစရိတ်သဘောတရားများကိုဖော်ပြတယ်။

*စာမျက်နှာ ၁၆ ကော်လံ ၁ သို့*

*စာမျက်နှာ ၁၅ မှ*

ကုန်စည်တစ်ခုရဲ့ အခွင့်အလမ်းစရိတ်က ယင်းကုန်စည်တစ်ယူနစ်တိုးထုတ်ဖို့ စွန့်လွှတ်လိုက်ရတဲ့ အခြားကုန်စည် ပမာဏဖြစ်တယ်။

ဥပမာ- အထည်ကို အမှတ်(ခ)မှအမှတ်(ဂ)သို့ တိုးထုတ်လုပ်ပါကအထည်၏ အခွင့်အလမ်းစရိတ်ကို တွက်ပါ လို့မေးထားလျှင်

အမှတ် (ခ)တွင် မတ်ပဲ ၆၀ တင်းနှင့် အထည် ၄၀ ကိုက်
အမှတ် (ဂ)တွင် မတ်ပဲ ၄၀ တင်းနှင့် အထည် ၇၀ ကိုက်
အထည်ကိုအမှတ်(ခ)မှအမှတ်(ဂ)သို့တိုးထုတ်လုပ်ပါက အထည်၏အခွင့်အလမ်းစရိတ်?

အထည်၏အခွင့်အလမ်းစရိတ်= $\frac{\Delta R}{\Delta C}$။
မတ်ပဲ = R၊ အထည် = C၊ ပြောင်းလဲမှု = $\Delta$ ဟုသတ်မှတ်လျှင်

အထည်၏ အခွင့်အလမ်းစရိတ် = $\frac{\Delta R}{\Delta C}$

ပြောင်းလဲသွားသောမတ်ပဲပမာဏ $\Delta$R = ၄၀ - ၆၀ = -၂၀ တင်း
ပြောင်းလဲသွားသောအထည်ပမာဏ C = ၇၀ - ၄၀ = ၃၀ ကိုက်

အထည်၏ အခွင့်အလမ်းစရိတ် = $\frac{\Delta R}{\Delta C}$

= -၂၀/ ၃၀
= - ၀.၆၇

အခွင့်အလမ်းစရိတ်က အနုတ်လက္ခဏာဖြစ်နေခြင်းဟာ အထည်ကိုတိုးထုတ်ဖို့ မတ်ပဲကို လျှော့ထုတ်ရတဲ့ သဘောကို ဖော်ပြပါတယ်။

အခန်း(၂)မှာ ဝယ်လိုအားနှင့်ရောင်းလိုအား ဆန်းစစ်မှုအခြေခံမူအခန်းမှ ကုန်စည်များ၏ အချက်အလက်များ ပေးထားပြီး ဝယ်လိုအားနှင့်ရောင်းလိုအားမျဉ်းများရေးဆွဲ၍ အားမျှအရေအတွက်နှင့် ဈေးနှုန်းအပေါ် အကျိုးသက် ရောက်ပုံကို တွက်ချက်သုံးသပ်ခိုင်းနိုင်ပါတယ်။

ဥပမာ(၁)-သီးနှံဖျက်ပိုးကျခြင်းကြောင့် မတ်ပဲဈေးကွက်၏ အားမျှအခြေအနေပေါ် အကျိုးသက်ရောက်ပုံကို ပုံဆွဲ၍ဝေဖန်သုံးသပ်ပါ။

သီးနှံဖျက်ပိုးကျခြင်းကြောင့် ယေဘုယျအားဖြင့် မတ်ပဲအထွက်(ထုတ်လုပ်မှု)ကို လျော့စေမည်ဖြစ်သည်။ ထို့ကြောင့် မတ်ပဲထုတ်လုပ်မှုလျော့နည်းခြင်းသည် မတ်ပဲရောင်းလိုအားကိုလျော့စေမည်ဖြစ်ရာ ဝယ်လိုအားမပြောင်း လဲသည့် အခြေအနေတွင် ရောင်းလိုအားလျော့နည်းသွားခြင်းကြောင့် ဈေးကွက်တွင် အားမျှဈေးနှုန်းမြင့်တက်လာပြီး အရောင်းအဝယ်ပြုလုပ်သောအားမျှကုန်စည်အရေအတွက်လျော့သွားမည်ဖြစ်သည်။

**သီးနှံဖျက်ပိုးကျခြင်းကြောင့်မတ်ပဲဈေးကွက်အပေါ်အကျိုးသက်ရောက်ပုံ**




ပုံတွင် DD သည် မူလဝယ်လိုအားမျဉ်းကွေး၊ SS သည် မူလရောင်းလိုအားမျဉ်းကွေး ဖြစ်သည်။ DD နှင့် SS ဖြတ်ရာ အမှတ် E သည် မူလအားမျှခြေအမှတ်ဖြစ်၍ မူလအားမျှ ဈေးနှုန်းသည် $OP_0$ ဖြစ်ပြီး မူလအားမျှ မတ်ပဲအရေအတွက်သည် $OQ_0$ ဖြစ်သည်။ သို့ရာတွင် သီးနှံဖျက်ပိုးကျခြင်းကြောင့် မတ်ပဲဈေးကွက် မူလရောင်းလို အားမျဉ်းကွေးသည် လက်ဝဲဘက်သို့ ပြောင်းရွှေ့သွားပြီး ရောင်းလိုအားမျဉ်းကွေးအသစ် $S_1S_1$ ကို ဖြစ်ပေါ်စေသည်။ $S_1S_1$ သည် DD မျဉ်းကွေးကို အမှတ် $E_1$ တွင်ဖြတ်၍ အားမျှဈေးနှုန်းအသစ် $OP_1$ နှင့် အားမျှမတ်ပဲအရေ အတွက် $OQ_1$ ကို ဖြစ်ပေါ်စေမည်။ ဤတွင် ဈေးနှုန်း $OP_1$သည် ဈေးနှုန်း $OP_0$ ထက်များပြီး မတ်ပဲအရေအတွက် $OQ_1$ သည်လည်း $OQ_0$ ထက်နည်းကြောင်းတွေ့ရှိရပါသည်။

အခန်း(၂)မှာ ဝယ်လိုအားအလျော့အတင်းကို ကိန်းဂဏန်းပေးထားပြီး တွက်ချက်သုံးသပ်ခိုင်းနိုင်သေးတယ်။ ဥပမာ- မေးခွန်းက ဆန်ဈေးကွက်တွင် ဆန်ဈေးနှုန်းသည် တစ်တင်းလျှင် ကျပ်(၅၀၀၀)မှ ကျပ်(၆၀၀၀)သို့ တက်သွား သောအခါ ဆန်ဝယ်ယူမည့်အရေအတွက်မှာ တင်း(၁၀၀)မှ တင်း(၉၀)သို့ လျော့သွားပါက ဆန်ဈေးနှုန်း ကျပ် (၆၀၀၀)ရှိ ဝယ်လိုအား၏ ဈေးနှုန်းအလျော့အတင်းကို တွက်ချက်သုံးသပ်ပါဟု မေးထားလျှင် ဆန်၏ ဝယ်လိုအား အလျော့အတင်းသည် ဆန်ဝယ်ယူမည့်အရေအတွက်ပြောင်းလဲမှုရာခိုင်နှုန်းကို ဆန်ဈေးနှုန်းပြောင်းလဲမှု ရာခိုင်နှုန်းနဲ့ စားခြင်းဖြင့် ရနိုင်ပါတယ်။

ဆန်ဝယ်ယူမည့်အရေအတွက်ပြောင်းလဲမှုရာခိုင်နှုန်းကိုတွက်သည့်အခါ (ပြောင်းလဲသွားတဲ့အရေအတွက် - မူလ အရေအတွက်) ÷ (မူလအရေအတွက်) × (၁၀၀)ဖြင့်တွက်ချက်ရမယ်။ တစ်နည်းအားဖြင့် (၉၀-၁၀၀) ÷ (၁၀၀) × (၁၀၀)= -၁၀% ဖြစ်မယ်။ ဆန်ဈေးနှုန်းပြောင်းလဲမှုရာခိုင်နှုန်းကိုတွက်ရာတွင်လည်း (ပြောင်းလဲသွားတဲ့ ဈေးနှုန်း - မူလဈေးနှုန်း) ÷ (မူလဈေးနှုန်း) × (၁၀၀)ဖြင့် တွက်ချက်ရမယ်။ တစ်နည်းအားဖြင့် (၆၀၀၀-၅၀၀၀) ÷ (၅၀၀၀) × (၁၀၀) = ၂၀% ရမယ်။

ဒါကြောင့် ဆန်ဈေးနှုန်း ကျပ်(၆၀၀၀)ရှိ ဝယ်လိုအား၏ဈေးနှုန်းအလျော့အတင်းကို တွက်ရာတွင် (-၁၀%) ÷ (၂၀%) = - ၀.၅ ဖြစ်တယ်။

ရရှိတဲ့အဖြေကိုသုံးသပ်ရာမှာ ဝယ်လိုအား အလျော့အတင်းဟာ တစ်ထက်ကြီးသလား။ တစ်ထက်နည်းသလား ဆိုတာကိုကြည့်ရမယ်။ တစ်ထက်ကြီးလျှင် ဝယ်လိုအားအလျော့အတင်းများတယ်။ တစ်ထက်ငယ်နေလျှင် ဝယ်လို အား အလျော့အတင်းနည်းတယ်လို့ ပြောရမယ်။

အခု တွက်ချက်ထားတဲ့ ဆန်ရဲ့ဝယ်လိုအား အလျော့အတင်းက (၀.၅) ဖြစ်ပြီး တစ်ထက်နည်းတဲ့အတွက် ဆန်ရဲ့ဝယ်လိုအား အလျော့အတင်းနည်းတယ်လို့ သုံးသပ်ရမှာဖြစ်တယ်။

အခန်း (၃) တိုင်းပြည်ဝင်ငွေနဲ့ ပတ်သက်ပြီး နိုင်ငံတစ်နိုင်ငံရဲ့ တိုင်းပြည်ဝင်ငွေဆိုင်ရာ ကိန်းဂဏန်းများ ပေးထားပြီး စုစုပေါင်းပြည်တွင်းထုတ်ကုန် GDP ၊ စုစုပေါင်း တိုင်းပြည်ထုတ်ကုန် GNP ၊ အသားတင် တိုင်းပြည် ထုတ်ကုန် NNP ကို တွက်ခိုင်းတဲ့မေးခွန်း မေးနိုင်ပါတယ်။

ယင်းတို့ကို တွက်နိုင်ဖို့ တိုင်းပြည်ဝင်ငွေတွက်ချက်နည်းသုံးနည်း တစ်နည်းအားဖြင့် အသုံးစရိတ်နည်း၊ ကုန်ထွက် နည်းနှင့် ဝင်ငွေနည်းတို့ကို သေသေချာချာ မှတ်သားထားဖို့ လိုပါတယ်။ သတိပြုရမည့်အချက်တစ်ချက်မှာ ပေးထား သော ကိန်းဂဏန်းများသည် ကျပ်သန်းပေါင်းဖြင့် မေးထားသည်ဆိုပါက ကျပ်သန်းပေါင်းထည့်ပေးရန်လိုပါသည်။ ကျပ်သန်းပေါင်းမထည့်ပါက အဖြေမှန် ထွက်ရှိနေသော်လည်း အမှတ်ပြည့်ရနိုင်မည်မဟုတ်ပါ။

ဥပမာ နိုင်ငံတစ်နိုင်ငံ၏၂၀၀၄ ခုနှစ်အတွက် တိုင်းပြည်ဝင်ငွေဆိုင်ရာ ကိန်းဂဏန်းများကို ၁၉၉၆ ခုနှစ် ပုံသေဈေးနှုန်းများအရ အောက်ပါဇယားတွင် ဖော်ပြထားသည်။

| အကြောင်းအရာ | ကျပ်သန်းပေါင်း |
|---|---|
| စားသုံးမှုတန်ဖိုး | ၃၅၉၅၈ |
| ရင်းနှီးမြှုပ်နှံမှုတန်ဖိုး | ၁၂၆၃၅ |
| အစိုးရအသုံးစရိတ် | ၂၃၅၇၅ |
| ပို့ကုန်တန်ဖိုး | ၆၅၂၈ |
| သွင်းကုန်တန်ဖိုး | ၅၁၀၆ |
| နိုင်ငံခြားသို့အသားတင်ပေးရသောဝင်ငွေ | -၂၂၂ |
| ပြုန်းတီးမှုတန်ဖိုး | ၆၃၈၂ |

စုစုပေါင်းပြည်တွင်းထုတ်ကုန်၊ စုစုပေါင်းတိုင်းပြည်ထုတ်ကုန်၊ အသားတင်တိုင်းပြည်ထုတ်ကုန်တို့ကို တွက်ချက်ပါ။

(၁) စုစုပေါင်း ပြည်တွင်းထုတ်ကုန် =
စားသုံးမှုတန်ဖိုး + ရင်းနှီးမြှုပ်နှံမှုတန်ဖိုး+အစိုးရအသုံးစရိတ် + ပို့ကုန်တန်ဖိုး-သွင်းကုန်တန်ဖိုး
၃၅၉၅၈ + ၁၂၆၃၅ + ၂၃၅၇၅ + ၆၅၂၈ - ၅၁၀၆ = ၇၃၅၉၀ ကျပ်သန်းပေါင်း

(၂) စုစုပေါင်းတိုင်းပြည်ထုတ်ကုန် = စုစုပေါင်းပြည်တွင်း ထုတ်ကုန် - နိုင်ငံခြားသို့အသားတင်ပေး ရသောဝင်ငွေ
= ၇၃၅၉၀ - (- ၂၂၂)
= ၇၃၈၁၂ ကျပ်သန်းပေါင်း

(၃) အသားတင်တိုင်းပြည်ထုတ်ကုန် = စုစုပေါင်းတိုင်းပြည်ထုတ်ကုန် - ပြုန်းတီးမှုတန်ဖိုး
= ၇၃၈၁၂ - ၆၃၈၂
= ၆၇၄၃၀ ကျပ်သန်းပေါင်း

အခန်း(၄)ငွေကြေးနှင့် ဘဏ်လုပ်ငန်းတွင်စားသုံးသူများ၏ ဈေးဆနှုန်းကိန်းတွက်ချက်မှုနှင့် ပတ်သက်ပြီး ဈေးဆနှုန်းကိန်းပြောင်းလဲသည့်အတွက် စားသုံးကုန်စည်တို့၏ ဈေးနှုန်းမည်မျှပြောင်းလဲသွားသည်ကို တွက်ချက်သည့် မေးခွန်းများကိုလည်း သေသေချာချာ မှတ်သားထားဖို့လိုပါတယ်။ ထို့ပြင် ငွေကြေးအရေအတွက် သီအိုရီမှ ငွေကြေး လှည့်ပတ်မှုအရှိန်၊ ငွေကြေးပမာဏ၊ အထွေထွေဈေးနှုန်းအဆင့်၊ ကုန်စည်နှင့် ဝန်ဆောင်မှုများ အပေးအယူပြုလုပ်မှု ပမာဏ စသည်တို့ကို ရှာခိုင်းသော မေးခွန်းများကိုလည်း လေ့လာထားရန် လိုအပ်ပါတယ်။

အခန်း(၅) ပြည်သူ့ဘဏ္ဍာရေးအခန်းမှလည်း အိမ်ထောင်စုများ၏ ဝင်ငွေနှင့် ဝင်ငွေခွန်ပေးဆောင်ရသည့် ပမာဏတို့ကိုပေးထားပြီး အခွန်နှုန်းတွက်ချက်သည့်မေးခွန်းမျိုးလည်းမေးနိုင်ပါတယ်။

ဥပမာ။ ။အိမ်ထောင်စု ၃ စု ၏ဝင်ငွေနှင့် ဝင်ငွေခွန်ပေးဆောင်ရသည့်ပမာဏကို ဖော်ပြထားသည်။

| အိမ်ထောင်စု | ဝင်ငွေ (ကျပ်/လ) | ဝင်ငွေခွန်ပမာဏ(ကျပ်) | အခွန်နှုန်း |
|---|---|---|---|
| က | ၅၀၀၀၀ | ၅၀၀ | - |
| ခ | ၈၀၀၀၀ | ၁၀၀၀ | - |
| ဂ | ၁၀၀၀၀၀ | ၂၀၀၀ | - |

(က)အိမ်ထောင်စုတစ်ခုစီအတွက် အခွန်နှုန်းကိုတွက်ပါ။
(ခ) ဝင်ငွေခွန်သည် မည်သည့်အခွန်စည်းကြပ်မှုပုံသဏ္ဍာန်ဖြစ်သနည်း။

(က)အိမ်ထောင်စု "က"၏အခွန်စည်းကြပ်မှုနှုန်း = $\frac{\text{အိမ်ထောင်စု "က" ပေးဆောင်ရမည့်အခွန်ပမာဏ}}{\text{အိမ်ထောင်စု "က" ၏နှစ်စဉ်ဝင်ငွေ}}$ x ၁၀၀

= $\frac{၅၀၀}{၅၀၀၀၀}$ x ၁၀၀ = ၁%

အိမ်ထောင်စု "ခ" ၏အခွန်စည်းကြပ်မှုနှုန်း = $\frac{\text{အိမ်ထောင်စု "ခ" ပေးဆောင်ရမည့်အခွန်ပမာဏ}}{\text{အိမ်ထောင်စု "ခ" ၏နှစ်စဉ်ဝင်ငွေ}}$ x ၁၀၀

= $\frac{၁၀၀၀}{၈၀၀၀၀}$ x ၁၀၀ = ၁.၂၅ %

အိမ်ထောင်စု "ဂ"၏အခွန်စည်းကြပ်မှုနှုန်း = $\frac{\text{အိမ်ထောင်စု"ဂ"ပေးဆောင်ရမည့်အခွန်ပမာဏ}}{\text{အိမ်ထောင်စု"ဂ"၏နှစ်စဉ်ဝင်ငွေ}}$ x ၁၀၀

= $\frac{၂၀၀၀}{၁၀၀၀၀၀}$ x ၁၀၀ = ၂ %

(ခ) အိမ်ထောင်စု"က"၏ဝင်ငွေ ၅၀၀၀၀ ကျပ်အတွက် အခွန်စည်းကြပ်မှုနှုန်းမှာ ၁%၊
အိမ်ထောင်စု"ခ" ၏ဝင်ငွေ ၈၀၀၀၀ ကျပ်အတွက် အခွန်စည်းကြပ်မှုနှုန်းမှာ ၁.၂၀% နှင့်
အိမ်ထောင်စု "ဂ" ၏ဝင်ငွေ ၁၀၀၀၀၀ ကျပ်အတွက် အခွန်စည်းကြပ်မှုနှုန်းမှာ ၂% ဖြစ်တယ်။

ထို့ကြောင့် အိမ်ထောင်စုအသီးသီးအတွက် အခွန်စည်းကြပ်မှုနှုန်းအသီးသီးကိုလေ့လာကြည့်ပါက ဝင်ငွေ မြင့်မားသော အိမ်ထောင်စုအပေါ် စည်းကြပ်သောအခွန်နှုန်းသည် ဝင်ငွေနိမ့်သော အိမ်ထောင်စုပေါ် စည်းကြပ် သော အခွန်နှုန်းထက်များသည်ကိုတွေ့ရသည်။ အထက်ပါ အခွန်စည်းကြပ်မှု ပုံသဏ္ဍာန်ဟာ ဝင်ငွေအဆင့်မြင့်မား လာသည်နှင့်အမျှ အခွန်စည်းကြပ်မှုနှုန်းလည်း များလာတာကြောင့် နှုန်းတိုးခွန်ဖြစ်သည်ဟု သုံးသပ်ဖြေဆိုရမှာ ဖြစ်တယ်။

***စာမျက်နှာ ၁၇ ကော်လံ ၁ သို့***

*စာမျက်နှာ ၁၆ မှ*

အခန်း(၆)အပြည်ပြည်ဆိုင်ရာစီးပွားရေးဆက်သွယ်မှုနှင့် ပတ်သက်ပြီး ကုန်ဖလှယ်မှုအချိုးနှင့် ပတ်သက်၍ တွက်ချက်တဲ့ မေးခွန်းလည်းမေးနိုင်ပါတယ်။ ပြဋ္ဌာန်းစာအုပ်ပါ ကုန်ဖလှယ်မှုအချိုးတွက်ချက်မှုများကို သေသေချာချာ မှတ်သားထားဖို့လိုပါတယ်။

ဥပမာအားဖြင့်(ဂ)(၁) ၂၀၀၂-၂၀၀၃ ခုနှစ်အတွင်း နိုင်ငံတစ်နိုင်ငံ၏ ပို့ကုန်ဈေးဆနှုန်းကိန်းမှာ ၈၅.၇ ဖြစ်၍ သွင်းကုန်ဈေးဆနှုန်းကိန်းမှာ ၈၂.၂ ဖြစ်ခဲ့လျှင် ထိုနှစ်အတွက် ၎င်းနိုင်ငံ၏ ကုန်ဖလှယ်မှုအချိုးကို တွက်ချက်သုံးသပ်ပြပါ။ (၂) အကယ်၍ ၂၀၀၃-၂၀၀၄ ခုနှစ်တွင် ထိုနိုင်ငံ၏ သွင်းကုန်ဈေးဆနှုန်းကိန်းမှာ ၈၆.၃ သို့ဖြင့် တက်လာပါက ထိုနှစ်အတွက် ကုန်ဖလှယ်မှုအချိုးကို တွက်ချက်သုံးသပ်ပြပါဟု ပေးထားလျှင် ပထမဦးစွာ ၂၀၀၂-၂၀၀၃ ခုနှစ်အတွက် ကုန်ဖလှယ်မှုအချိုးကို တွက်ချက်ရပါမယ်။ တွက်ချက်သည့်အခါ ပေးထားချက်များဖြစ်သည့်-

၂၀၀၂-၂၀၀၃ ခုနှစ်အတွက်ပို့ကုန်ဈေးဆနှုန်းကိန်း = ၈၅.၇
သွင်းကုန်ဈေးဆနှုန်းကိန်း = ၈၂.၂ ရေးပြီး

ပို့ကုန်ဈေးဆနှုန်းကိန်း
ပုံသေနည်းဖြစ်သည့် ကုန်ဖလှယ်မှုအချိုး = ------------------- × ၁၀၀ တွင်
သွင်းကုန်ဈေးဆနှုန်းကိန်း

၈၅.၇
အစားသွင်းခြင်းဖြင့်တွက်ချက်နိုင်ပါသည်။ ------- × ၁၀၀ = ၁၀၄.၃ အဖြေထွက်ခဲ့လျှင်
၈၂.၂

ယင်းအဖြေကို သုံးသပ်ပြရမည်။ ၂၀၀၂-၂၀၀၃ ခုနှစ်အတွက်ပေးထားသော နိုင်ငံ၏ကုန်ဖလှယ်မှု အချိုးများ တိုးတက်လာပြီး ထိုနိုင်ငံအတွက် အခွင့်သာစေပါသည်ဟု သုံးသပ်နိုင်ပါသည်။ ဆက်လက်၍ ၂၀၀၃-၂၀၀၄ ခုနှစ်အတွက် ကုန်ဖလှယ်မှုအချိုးကို ဆက်လက်တွက်နိုင်ပါတယ်။

၂၀၀၃-၂၀၀၄ ခုနှစ်အတွက် ပို့ကုန်ဈေးဆနှုန်းမှာ = ၈၅.၇
သွင်းကုန်ဈေးဆနှုန်းမှာ = ၈၆.၃

ပို့ကုန်ဈေးဆနှုန်းကိန်း
ကုန်ဖလှယ်မှုအချိုး = ------------------- × ၁၀၀
သွင်းကုန်ဈေးဆနှုန်းကိန်း

၈၅.၇
= ------ × ၁၀၀ = ၉၉.၃
၈၆.၃

ယင်းတွက်ထားသောအဖြေကို သုံးသပ်ပြရမည်ဆိုပါက ၂၀၀၃-၂၀၀၄ ခုနှစ်အတွက် ကုန်ဖလှယ်မှုအချိုး ကျဆင်းသွားသောကြောင့် ထိုနိုင်ငံအတွက် အခွင့်မသာသောကုန်ဖလှယ်မှုအချိုးဖြစ်သည်ဟု သုံးသပ်နိုင်ပါသည်။

၂၀၁၂ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ဘောဂဗေဒဘာသာရပ်ဖြေဆိုမယ့် တပည့်များကို နောက်ဆုံးမှာကြားလိုတာကတော့ တက္ကသိုလ်ဝင်တန်းအတွက် ပြဋ္ဌာန်းထားတဲ့ ဒသမတန်း ဘောဂဗေဒစာအုပ်မှာပါတဲ့ အကြောင်းအရာ သဘောတရားတွေကို ကောင်းစွာနားလည်သဘောပေါက်ပြီး ကျေညက်အောင်ဖတ်ရှုမှတ်သားထားပြီဆိုလျှင် တက္ကသိုလ်ဝင်စာမေးပွဲကို အခက်အခဲမရှိ ကောင်းစွာဖြေဆိုနိုင်မှာဖြစ်ပါတယ်။

၂၀၁၂ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ဘောဂဗေဒဘာသာရပ်ကို ဖြေဆိုကြမယ့်တပည့်တို့ အခက်အခဲမရှိ ဖြေဆိုနိုင်ကြပြီး လိုအင်ဆန္ဒများပြည့်ပါစေလို့ ဆုတောင်းရင်း ဒီပို့ချချက်ကို ရပ်နားလိုက်ပါတယ်။

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

**(တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)**
**ကျောက်ဆည်မြို့နယ်တရားမရုံးတော်၌**
**၂၀၁၁ခုနှစ် တရားမကြီးမှုအမှတ်-၇၀**

ဦးအောင်ကျော်စိုး **နှင့်** ဦးမြင့်ဦး
(၎င်း၏အထွေထွေကိုယ်စားလှယ်
ရသူ) ဦးကိုးအောင်
**တရားလို** **တရားပြိုင်**

ဦးမြင့်ဦး ပြည်တော်သာကျေးရွာ၊ ကျောက်ဆည်မြို့နယ် (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ ဦးအောင်ကျော်စိုး (၎င်း၏အထွေထွေကိုယ်စားလှယ်ရသူ) ဦးကိုးအောင်မှ ခတ်မြေသြဇာဖိုး ကြွေးကျန်ငွေ (၉၉၇၆၀၀၀/-) ရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ် အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့် ပါစေ၍ဖြစ်စေ (၁၃၇၃ခုနှစ် တပို့တွဲလဆန်း ၁၄ရက်) ၂၀၁၂ခုနှစ်၊ ဖေဖော်ဝါရီ ၆ရက် မွန်းမတည့်မီအချိန်တွင် အထက်က အမည်ရေးသားပါရှိသူ တရားလို စွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြ အမှီပြုလိုသည့် စာရွက်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမတိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၂ခုနှစ် ဇန်နဝါရီ ၁၉ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**ကြည်ဝင်း**
**မြို့နယ်တရားသူကြီး**
**ကျောက်ဆည်မြို့နယ်တရားရုံး**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

**(တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)**
**ကျောက်ဆည်မြို့နယ်တရားရုံးတော်၌**
**၂၀၁၁ခုနှစ် တရားမကြီးမှုအမှတ်-၇၂**

ဦးအောင်ကျော်စိုး **နှင့်** ဦးတင့်လွင်
(၎င်း၏အထွေထွေကိုယ်စားလှယ်ရသူ)
ဦးကိုးအောင်
**တရားလို** **တရားပြိုင်**

ဦးတင့်လွင် ထန်းဇင်တော်ကျေးရွာ၊ ကျောက်ဆည်မြို့နယ် (ယခုနေရပ်လိပ်စာမသိ)သိစေရမည်။

သင့်အပေါ်၌ ဦးအောင်ကျော်စိုး (၎င်း၏အထွေထွေကိုယ်စားလှယ်စာရသူ) ဦးကိုးအောင်မှ ခတ်မြေသြဇာဖိုးကြွေးကျန်ငွေကျပ် ၂၆၆၆၉၀၀ ရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ် အခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် သက်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက်နှင့် ၎င်းရှေ့နေနှင့် ပါစေ၍ဖြစ်စေ (၁၃၇၃ခုနှစ် တပို့တွဲလဆန်း ၁၄ရက်) ၂၀၁၂ခုနှစ်၊ ဖေဖော်ဝါရီ ၆ရက် မွန်းမတည့်မီအချိန်တွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြ အတည်ပြုလိုသည့် စာရွက်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၂ခုနှစ် ဇန်နဝါရီ ၁၉ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**ကြည်ဝင်း**
**မြို့နယ်တရားသူကြီး**
**ကျောက်ဆည်မြို့နယ်တရားရုံး**

## ပြင်ဆင်ဖတ်ရှုပါရန်

၂၈-၁-၂၀၁၂ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ ၁၅ တွင် ပါရှိသော တက္ကသိုလ်ဝင်စာမေးပွဲ သိမှတ်ဖွယ်ရာ ရူပဗေဒဘာသာရပ် စာကြောင်းရေ ၃၃၊ ၄၂၊၄၄၊ ၄၅ တို့ကို အောက်ဖော်ပြပါအတိုင်း ပြင်ဆင်ဖတ်ရှုပါရန်။

$T = V \rho g - mg = 110 \times 1.3 \times 10 - 50 \times 10 = 930\ N$

heat loss due to convection? (Assume $q = 1.7 \times 10^{-3}\ W\ m^{-2}\ K^{-1}$)

$T_2 - T_1 = 33 - 29 = 4^{\circ}C = 4\ K, A = 1.5\ m^2, q = 1.7 \times 10^{-3}\ W\ m^{-2}\ K^{-1}, H = ?$

$H = qA(T_2 - T_1) = 1.7 \times 10^{-3} \times 1.5 \times 4 = 10.2 \times 10^{-3} = 0.01\ W$

**ဒီကရီကို အတည်ပြုလုပ်ရန် အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန်**

## အကြောင်းကြားစာ

**(တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၂၂)**
**ပြင်ဦးလွင်မြို့နယ်တရားရုံး**
**၂၀၁၁ ခုနှစ်၊ တရားမကြီးမှုအမှတ်-၃၂နှင့်ဆက်သွယ်သည့်**
**၂၀၁၂ ခုနှစ်၊ တရားမဇာရီမှုအမှတ်-၂**

၁။ ဒေါ်ခင်စောမြင့်
၂။ ဒေါ်သီတာဝင်း **နှင့်** ဦးစံထွန်း
(၎င်း၏အထွေထွေကိုယ်စားလှယ်
စာရသူ) ဒေါ်ခင်စောမြင့်
**ဒီကရီအနိုင်ရသူ** **တရားရှုံး**

ဦးစံထွန်း၊ အမှတ် ၁၈၉၊ ပြည်တော်သာ ၄လမ်း၊ ရပ်ကွက်ကြီး(၅)၊ ပြင်ဦးလွင်မြို့ (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

၂၀၁၁ ခုနှစ်၊ တရားမကြီးမှုအမှတ် ၃၂တွင် ကျရှိသည့် ဒီကရီကို အတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင်ဒေါ်ခင်စောမြင့်က လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကို မထုတ်သင့်ကြောင်း၊ အကြောင်းတစ်ခုခုရှိလျှင်ပြ၍ ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရုံးတော်အခွင့်အမိန့်ရ ရှေ့နေဖြင့်ဖြစ်စေ၊ အကြောင်းပြချေဆိုနိုင်သူ အခွင့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ၊ (၁၃၇၃ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၃ ရက်) ၂၀၁၂ခုနှစ်၊ ဖေဖော်ဝါရီ ၁၀ရက် မွန်းမတည့်မီ ၁၀ နာရီအချိန်တွင် ဤရုံးတော်ရှေ့လာရောက်စေ။

၂၀၁၂ ခုနှစ် ဇန်နဝါရီ ၂၀ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။ **နန်းမေယဉ်**
**မြို့နယ်တရားသူကြီး၊ ပြင်ဦးလွင်မြို့နယ်တရားရုံး**

## ကန့်ကွက်ရန်ကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တန်းမြို့နယ်၊စံချိန်မီအဆင့်၂ရပ်ကွက်၊ မြေကွက်အမှတ် ၉၈၃ အမည်ပေါက် ဒေါ်ခင်တီနှင့် မြေကွက်အမှတ်၈၆၅၊ အမည်ပေါက်ဦးရွှေသိန်းတို့၏မြေကွက်များကို ဝယ်ယူပိုင်ဆိုင်သူ ဒေါ်ဇာဇာသင်းနု ၁၂/သလန(နိုင်)၁၂၃၄၆၃မှ မြေကွက်စလစ်မူရင်းများရှိပြီး ငွေသွင်းချလန်(မူရင်း)များပျောက်ဆုံးသွားပါ၍ မြေချပါမစ် ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့်ကန့်ကွက်ရန်ရှိပါက ကြော်ငြာပါသည့်ရက်မှ၁၄ရက်အတွင်း အထောက်အထား မူရင်းများတင်ပြ၍ သန်လျင်-ကျောက်တန်းဒေသဖွံ့ဖြိုးရေး စီမံကိန်းရုံး (မြေယာရုံးခွဲ-၁၅)၊ မြေနှင့်အခွန်ဌာနခွဲ၊ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနသို့ ကန့်ကွက်လွှာတင်သွင်းနိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိကန့်ကွက်ခြင်းမရှိပါက မြေချပါမစ်ထုတ်ပေးရန် ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်းအသိပေးကြေညာအပ်ပါသည်။

**မြေယာရုံးခွဲ(၁၅)မြေနှင့်အခွန်ဌာနခွဲ**
**မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၂၊ မြေကွက်အမှတ် ၂၄၈၊ မြေကွက်တည်နေရာအမှတ် ၁၆၁၊ တပင်ရွှေထီးလမ်း၊ (၁)ရပ်ကွက်၊ လှိုင်သာယာ၊ ဦးတင်ထွန်း အမည်ပေါက် ပါမစ်မြေအား အမည်ပေါက် ဦးတင်ထွန်းထံမှ အရပ်ကတိ အရောင်းစာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်သူ ဦးစံထွန်း ၁၂/မဂတ(နိုင်) ၀၀၇၂၅၅ က ပါမစ်ပျောက်ဆုံးကြောင်း ကျမ်းကျိန်လွှာ၊ ရဲစခန်းထောက်ခံစာ၊ ရပ်ကွက်ထောက်ခံစာ၊ ဝန်ခံကတိတို့တင်ပြပြီး ဂရန်သစ်လျှောက်ထားလာရာ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေး**
**ကော်မတီ**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

**(တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)**
**ကျောက်ဆည်မြို့နယ်တရားရုံးတော်၌**
**၂၀၁၁ ခုနှစ် တရားမကြီးအမှုအမှတ်-၇၁**

ဦးအောင်ကျော်စိုး **နှင့်** ဦးမြင့်ဦး
(၎င်း၏အထွေထွေလွှဲစာရသူ
ဦးကိုးအောင်
**တရားလို** **တရားပြိုင်**

ဦးမြင့်ဦး ပြည်တော်သာကျေးရွာ၊ကျောက်ဆည်မြို့နယ် (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ ဦးအောင်ကျော်စိုး(၎င်း၏အထွေထွေကိုယ်စားလှယ်စာရသူ) ဦးကိုးအောင်မှ ခတ်မြေသြဇာဖိုး ကြွေးကျန်ငွေ ၁၂၀၀၀၀၀ ရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုချက် ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ် အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက်နှင့် ၎င်းရှေ့နေနှင့် ပါ၍ဖြစ်စေ (၁၃၇၃ခုနှစ် တပို့တွဲလဆန်း ၁၄ရက်) ၂၀၁၂ခုနှစ်၊ ဖေဖော်ဝါရီလ ၆ရက်နေ့ မွန်းမတည့်မီအချိန်တွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြ အမှီပြုလိုသည့် စာရွက်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၂ ခုနှစ် ဇန်နဝါရီ၁၉ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**ကြည်ဝင်း**
**မြို့နယ်တရားသူကြီး**
**ကျောက်ဆည်မြို့နယ်တရားရုံး**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

**(တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)**
**ကျောက်ဆည်မြို့နယ်တရားရုံးတော်၌**
**၂၀၁၁ခုနှစ် တရားမကြီးမှုအမှတ်-၇၃**

ဦးအောင်ကျော်စိုး **နှင့်** ဒေါ်စိုးစိုး
(၎င်း၏အထွေထွေလွှဲစာရသူ)
ဦးကိုးအောင်
**တရားလို** **တရားပြိုင်**

ဒေါ်စိုးစိုး စုကြီးရပ်ကွက်၊ ကျောက်ဆည်မြို့ (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ ဦးအောင်ကျော်စိုး (၎င်း၏အထွေထွေကိုယ်စားလှယ်စာရသူ) ဦးကိုးအောင်မှ ခတ်မြေသြဇာဖိုးကြွေးကျန်ငွေ ၆၆၁၀၀၀၀ကျပ် ရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ် အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက်နှင့် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ (၁၃၇၃ခုနှစ် တပို့တွဲလဆန်း၁၄ရက်) ၂၀၁၂ခုနှစ်၊ ဖေဖော်ဝါရီ ၆ ရက် မွန်းမတည့်မီအချိန်တွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြ အတည်ပြုလိုသည့် စာရွက်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမတိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၂ခုနှစ် ဇန်နဝါရီ ၁၉ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**ကြည်ဝင်း**
**မြို့နယ်တရားသူကြီး**
**ကျောက်ဆည်မြို့နယ်တရားရုံး**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

**(တရားမကျင့်ထုံး ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)**
**ကျောက်မဲခရိုင်တရားရုံး**
**၂၀၁၁ခုနှစ် တရားမကြီးမှုအမှတ်-၁၈**

ဒေါ်မိုးမိုးခိုင် **နှင့်** ၁။ ဦးထိန်လင်း
၂။ ဒေါ်လွင်လွင်သိန်း
၃။ ဒေါ်နန်းစိန်ညွန့်(ခ)
ဒေါ်ရွှေညွန့်
၄။ ဒေါ်သီတာ
**တရားလို** **တရားပြိုင်များ**

နောင်ချိုမြို့၊ အုမ္မသီးကျေးရွာ၊ အောင်ချမ်းသာဆန်စက် (ယခုနေရပ်လိပ်စာမသိ) ဦးထိန်လင်း၊ ဒေါ်လွင်လွင်သိန်းနှင့် ဒေါ်နန်းစိန်ညွန့်(ခ) ဒေါ်ရွှေညွန့်တို့ သိစေရမည်။

သင်တို့အပေါ်၌ တရားလို ဒေါ်မိုးမိုးခိုင် တရားလိုစိုက်ထုတ်ထည့်ဝင်ပေးခဲ့ရသော စုကြေး(၆)စုအတွက် ငွေများနှင့် နစ်နာကြေးငွေနှစ်ရပ်ပေါင်း ငွေကျပ်သိန်း ၁၀၀၀ရလိုမှု၊ ရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်တို့ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ (၁၃၇၃ခုနှစ် တပို့တွဲလပြည်နေ့)၊၂၀၁၂ခုနှစ်၊ ဖေဖော်ဝါရီ ၇ရက် မွန်းမတည့်မီ ၁၀ နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်း အထောက်အထားများနှင့် သင်ကထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၂ခုနှစ် ဇန်နဝါရီ ၁၀ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**တင်တင်ဌေး**
**ဒုတိယခရိုင်တရားသူကြီး**
**ကျောက်မဲခရိုင်တရားရုံး**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် သကမ-၁၅၊ မြေကွက်အမှတ် ၁၃၁၂/ခ၊ မြေကွက်တည်နေရာ အမှတ် ၁၃၁၂/ခ၊ဦးရာဇတ်လမ်း၊ (၁၉) ရပ်ကွက်၊ လှိုင်သာယာ၊ ဦးရွှေရိုး အမည်ပေါက်ပါမစ်မြေအား အမည်ပေါက် ဦးရွှေရိုးထံမှ အရပ်ကတိ အရောင်းစာချုပ်ဖြင့် ပိုင်ဆိုင်သူ ဦးခင်မောင်ထွန်း ၁၂/မရက(နိုင်) ၁၂၂၈၄၄ က ပါမစ်ပျောက်ဆုံးကြောင်း ကျမ်းကျိန်လွှာ၊ ရပ်ကွက်ထောက်ခံစာ၊ ရဲစခန်းထောက်ခံစာ တို့တင်ပြပြီးဂရန်သစ်လျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေး**
**ကော်မတီ**

1-2 (17).pmd 1 2/1/2012, 2:25 AM

# ပုသိမ်ကြီးမြို့နယ်ရှိ မြောက်ပြင်ပင်မဓာတ်အားခွဲရုံ ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုး ကြည့်ရှုစစ်ဆေး

ရန်ကုန် ဇန်နဝါရီ ၃၁

အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုးသည် ဇန်နဝါရီ ၃၀ ရက် နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ်ရှိ 230/33/11KV(2x100)MVA မြောက်ပြင်ပင်မဓာတ်အားခွဲရုံသို့ရောက်ရှိရာ ဓာတ်အားခွဲရုံ အစည်းအဝေးခန်းမ၌ စီမံကိန်း မန်နေဂျာ ဦးကျော်ခိုင်ထွန်းက ဓာတ်အားခွဲရုံ တည်ဆောက်ပြီးစီးမှု၊ ညောင်ပင်ကြီး ပင်မဓာတ်အားခွဲရုံနှင့် ချောင်းကူး ပင်မဓာတ်အားခွဲရုံတို့တွင် 20 Mvar Shunt Reactor တပ်ဆင်ပြီးစီးမှု၊ ကျောက်ဆည်မြို့နယ်တွင် 132 KV တောင်တော်ကွင်း ပင်မဓာတ်အားခွဲရုံ တည်ဆောက်နေမှုနှင့် အင်းကုန်း ပင်မဓာတ်အားခွဲရုံတွင် 132 KV Feeder တိုးချဲ့တည်ဆောက်နေမှု၊ ကျောမြို့နှင့် ဂန့်ဂေါမြို့တို့တွင် 66/11KV , 2MVA ဓာတ်အားခွဲရုံ တည်ဆောက်နေမှု၊ မြောက်ပြင် ပင်မဓာတ်အားခွဲရုံတွင် Transformer များ တပ်ဆင်ပြီးစီးမှုနှင့် ဓာတ်အားလိုင်း အဝင်/အထွက်လိုင်းများ တည်ဆောက်ပြီးစီးမှု အခြေအနေတို့ကို ရှင်းလင်းတင်ပြပြီး ဓာတ်အားပို့လွှတ်ရေး စီမံကိန်းများဌာန စီမံကိန်းညွှန်ကြားရေးမှူးရုံး (မြောက်ပိုင်း)မှ စီမံကိန်းညွှန်ကြားရေးမှူး ဦးတင်အောင်နှင့် မန္တလေးတိုင်းဒေသကြီး လျှပ်စစ်အင်ဂျင်နီယာ ဒေါ်အေးအေးမင်းတို့က ဖြည့်စွက်ရှင်းလင်းတင်ပြကြသည်။

တင်ပြချက်များနှင့် စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီးက ယခုတည်ဆောက်နေသည့် 230/33/11KV (2x100)MVA မြောက်ပြင်ပင်မဓာတ်အားခွဲရုံသည် မြန်မာနိုင်ငံတွင် 100MVA Transformer ဖြင့် ပထမဆုံးတည်ဆောက်သည့် ခွဲရုံဖြစ်သဖြင့် အဘက်ဘက်က ဂရုတစိုက်တပ်ဆင်တည်ဆောက်ရန်လိုကြောင်း၊ မြောက်ပြင်ခွဲရုံမှ ဓာတ်အားကို 33 KV Feeder ၁၁ ခုဖြင့် ဓာတ်အားပို့လွှတ် ဖြန့်ဖြူးပေးမည်ဖြစ်ရာ မန္တလေးမြို့နှင့် ပတ်ဝန်းကျင်ဒေသများတွင် ဓာတ်အား လုံလောက်စွာ ရရှိတော့မည်ဖြစ်၍ အလေးထားဆောင်ရွက်ကြရန် လိုကြောင်းဖြင့် မှာကြားပြီး Control Building အတွင်း Battery Room၊ Switch Gear Room၊ Protection Room တို့ကိုလည်းကောင်း၊ Switch Yard အတွင်း Transformer များ တပ်ဆင်ပြီးစီးမှု၊ 230KV ဓာတ်အားလိုင်းအဝင်နှင့် 33 KV ဓာတ်အားလိုင်းအထွက်သို့ Connection ချိတ်ဆက်ခြင်းများ ပြီးစီးနေမှုနှင့် တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုတို့ကိုလည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

**အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုး ပုသိမ်ကြီးမြို့နယ်ရှိ 230/33/11KV (2x100)MVA မြောက်ပြင် ပင်မဓာတ်အားခွဲရုံ၌ ကြည့်ရှုစစ်ဆေးစဉ်။** (သတင်းစဉ်)

## လူကုန်ကူးမှုဆိုင်ရာသတင်းများ ဆက်သွယ်ပေးပို့နိုင်

**နိုင်ငံတော်က လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိသည်။**

**ယင်းသို့ ဆောင်ရွက်လျက်ရှိရာတွင် ပြည်သူလူထု ပိုမိုပူးပေါင်းပါဝင်လာစေရေးအတွက် လူကုန်ကူးမှုဆိုင်ရာ သတင်းများ ဆက်သွယ်ပေးပို့ရမည့် ဖုန်းနံပါတ်များကို ထားရှိပေးထားသည်။ ၎င်းတို့မှာ နေပြည်တော် ဖုန်း- ၀၆၇-၄၁၂၅၅၅၊ ၀၆၇-၄၁၂၆၆၆၊ မူဆယ်မြို့ ဖုန်း- ၀၉-၄၉၅၅၅၆၆၆၊ မန္တလေးမြို့ ဖုန်း- ၀၉-၄၉၅၅၅၇၇၇ နှင့် ရန်ကုန်မြို့ ဖုန်း ၀၉-၄၉၅၅၅၈၈၈၊ ၀၉-၄၉၅၅၅၉၉၉ တို့ဖြစ်ကြောင်း သိရှိရသည်။**

## တက္ကသိုလ်ဝင်စာမေးပွဲ အထောက်အကူပြုသင်ခန်းစာ

**ယနေ့ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ ၁၅၊ ၁၆ နှင့် ၁၇ တွင် တက္ကသိုလ်ဝင်စာမေးပွဲ အထောက်အကူပြု သိမှတ်ဖွယ်ရာ ဘောဂဗေဒဘာသာသင်ခန်းစာကို ဖော်ပြထားပါသည်။**

မြန်မာ့အလင်း **အာကာသသိပ္ပံ**

ကောင်းမြတ်သူ - ရေးသားသည်

## ရုရှားဂြိုဟ်တုလွှတ်တင်မှုများ မအောင်မြင်ခဲ့ရသည့်အကြောင်း ထုတ်ပြန်

မော်စကို ဇန်နဝါရီ ၃၁

**ရုရှားနိုင်ငံတွင် ဂြိုဟ်တုလွှတ်တင်မှုများ မအောင်မြင်ခဲ့ရသည့် အကြောင်းများကို ရုရှားအာကာသအေဂျင်စီက ကြေညာခဲ့သည်။ မာရစ်ဒီယန်းအမည်ရှိ ရုရှားဆက်သွယ်ရေးဂြိုဟ်တုတစ်လုံးသည် ဂြိုဟ်တုသယ်ဆောင်သွားသည့် ဒုံးပျံအင်ဂျင်စက်ချွတ်ယွင်းမှုကြောင့် ပျက်ကျသွားခဲ့ကြောင်း ရုရှားအာကာသအေဂျင်စီ ရော့စ်ကော့စ်မော့က ဇန်နဝါရီ ၃၁ ရက်တွင် ပြောကြားသည်။** (ယာပုံ)

အဆိုပါ ဂြိုဟ်တုကို ရုရှားပလိစ်အာကာသစခန်းမှ လွှန်ခဲ့သည့် ဒီဇင်ဘာ ၂၃ ရက်က ရုရှားဆိုယုဇ်ဒုံးပျံဖြင့် လွှတ်တင်ခဲ့ခြင်းဖြစ်သည်။ လွှတ်တင်ပြီး မိနစ်ပိုင်းအတွင်း ဆိုက်ဘေးရီးယားဒေသအတွင်း၌ ပျက်ကျသွားခဲ့ခြင်းဖြစ်သည်။ ရုရှားအာကာသမစ်ရှင်အဖွဲ့သည် ဆက်တိုက်ဆိုသလိုပင် ဒုံးပျံလွှတ်တင်မှုများ မအောင်မြင်ဘဲဖြစ်ခဲ့ရသည်။ ၎င်းမှာ ဒုံးပျံများ၏ စက်ချွတ်ယွင်းမှုကြောင့် ဖြစ်သည်။ ၂၀၁၁ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်တွင်လည်း စစ်ဘက် ဂြိုဟ်တုတစ်လုံး လွှတ်တင်စဉ် ပျက်ကျခဲ့ရသည်။

၂၀၁၁ ခုနှစ် ဩဂုတ် ၁၈ ရက်တွင်လည်း ပရိုတွန်အမ်ဒုံးပျံဖြင့် လွှတ်တင်ခဲ့သော အိတ်စ်ပရက်စ်အေအမ်ဖိုး ဆက်သွယ်ရေးဂြိုဟ်တုသည် ကမ္ဘာပတ်လမ်းကြောင်းအတွင်း မရောက်ဘဲ ပျက်ကျခဲ့ရသည်။ ယင်းပျက်ကျပြီး တစ်ပတ်ခန့်အကြာ M-12M ကုန်တင်ဂြိုဟ်တုလည်း ဒုံးပျံစက်ချွတ်ယွင်းသဖြင့် ကမ္ဘာပတ်လမ်းကြောင်းအတွင်း မရောက်ဘဲ ပျက်ကျခဲ့ရသည်။ ရုရှား ဖိုဖော့ဂရန့်မစ်ရှင်က အင်္ဂါဂြိုဟ်သို့ တရုတ်မိုက်ခရိုဂြိုဟ်တု Yinghuo-1 ကို လွှန်ခဲ့သည့် နိုဝင်ဘာ ၉ ရက်က လွှတ်တင်ပေးခဲ့ရာ ကမ္ဘာပတ်လမ်းကြောင်းအတွင်း ရောက်ရှိအောင် မပို့နိုင်ဘဲ ပျက်ကျခဲ့ရသည်။ **(အင်တာနက်)**

မြင့်မောင်စိုး ➤ ရေးသားသည်

## နယူးဇီလန်ဂေါက်သီးမယ် ကမ္ဘာ့အသက်အငယ်ဆုံး ဂေါက်သီးကစားသမားဖြစ်လာ

*နယူးဆောက်သ်ဝေး ဇန်နဝါရီ ၃၁*

*နယူးဇီလန်အပျော်တမ်း ဂေါက်သီးအားကစားမယ် လိုင်ဒီယာကိုသည် အသက် ၁၄ နှစ်ဖြင့် ကြေးစားဂေါက်သီးရိုက်ပြိုင်ပွဲတွင် အနိုင်ရဗိုလ်စွဲခဲ့ပြီးနောက် ကမ္ဘာ့အသက်အငယ်ဆုံး ဂေါက်သီးကစားသမားဖြစ်လာသည်။* ***(ယာပုံ)***

***ဗိုလ်စွဲ***

*လိုင်ဒီယာကိုသည် ကမ္ဘာ့ထိပ်တန်း အပျော်တမ်းဂေါက်သီးမယ်ဖြစ်သည်။ သူမသည် ဇန်နဝါရီ ၂၈ ရက်က နယူးဆောက်သ်ဝေးအိုးပင်းဂေါက်သီးရိုက်ပြိုင်ပွဲတွင် လေးချက်အသာဖြင့် ဗိုလ်စွဲခဲ့ခြင်းဖြစ်သည်။ ယင်းပြိုင်ပွဲတွင် ဂျပန်နိုင်ငံမှ အမျိုးသားဂေါက်သီးကစားသမားဖြစ်သည့် ရိုင်ယိုအစ် ဟီကာဝါကို ကျော်ဖြတ်ပြီး ဖလားဆွတ်ခူးခဲ့ခြင်းဖြစ်သည်။ ၎င်းဂျပန်နိုင်ငံသားမှာ အသက် ၁၅ နှစ်နှင့် ရှစ်လရှိသည်။*

***ဆွတ်ခူး***

*ယခင်က အေမိုင်ရန်းဆိုသူသည် အသက် ၁၆ နှစ် ၁၉၂ ရက်ဖြင့် ကမ္ဘာ့အသက်အငယ်ဆုံး အမျိုးသမီးဂေါက်သီးကစားမယ်အဖြစ် စံချိန်တင်ထားခဲ့သည်။ သူမသည် ဩစတြေးလျ လေဒီမာစတာပြိုင်ပွဲတွင် ဖလားဆွတ်ခူးခဲ့သူဖြစ်သည်။ လိုင်ဒီယာကိုသည် တောင်ကိုရီးယားနွယ်ဖွားဖြစ်သည်။ ၂၀၀၃ ခုနှစ်က နယူးဇီလန်သို့ ပြောင်းရွှေ့လာခဲ့သည်။ သူမသည် ယခုနှစ်အတွင်း ကြေးစားပြိုင်ပွဲများအပါအဝင် ပွဲပေါင်း ၃၀ ကစားရန် စီစဉ်ထားသည်။* **စာမျက်နှာ ၅ ကော်လံ ၁** ●

## အက်ဖ်အီးစီ ၂၀ တန် ဖုန်းကတ်များ ဈေးကွက်သို့ ပြန်လည်ထွက်ရှိလာ

ခင်ရတနာ - ရေးသားသည်

**ရန်ကုန် ဇန်နဝါရီ ၃၁**

ရန်ကုန်တိုင်းဒေသကြီးအတွင်း ဈေးကွက်တွင် အက်ဖ်အီးစီ ၂၀ တန်ဆင်းကတ်များ ပြန်လည်ရောင်းချပေးခဲ့သည့်အတွက် တစ်ပတ်နီးပါးကာလအတွင်း သုံးစွဲသူဦးရေ အလွန်ပင်များပြားလာခဲ့ကြောင်း သိရှိရသည်။

"အက်ဖ်အီးစီ ၂၀ တန်တွေ ပြန်ထွက်လာတယ်။ ကောင်းပါတယ်။ ငါးထောင်တန်ကို မျှော်နေမယ့်အစား အခုတော့ အက်ဖ်အီးစီ ၂၀ တန်ကတ်ပဲ သုံးလိုက်တော့တယ်။ အမှန်က ငါးသိန်းဖုန်းထက် ဒီ ၂၀ တန်ကတ်လေးတွေက လူထုနဲ့ ပိုနီးစပ်တယ်။ ဖုန်းခေါ်ဆိုခတွေကတော့ သူက နည်းနည်းများတယ်။ နိုင်ငံခြားကို လှမ်းဆက်ချင်တဲ့လူတွေကတော့ အဆင်ပြေတယ်လေ။ သူက တစ်မိနစ်ကို ၃၀၀ ကျော်ကျော် ကျမယ်ဆိုတော့ ပြည်တွင်းမှာတော့ မစ်ကော (miss call)ပေးပြီး ပြန်ခေါ်ခိုင်းတာ ပိုအဆင်ပြေတယ်။ ဒါဆို အဝင်က ***စာမျက်နှာ ၅ ကော်လံ ၃*** ❖